# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ပန်ဆင်သူအကျိုးကိုဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက် ၂၀၁၉ ခုနှစ်၊ မတ် ၂၆ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၁၇၇)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Pol. Lt. Gen. Vilay Larkhamfong အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်အစိုးရ၏ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းဥက္ကဌ မစ္စတာရိုဟေး ဆာဆာကာဝါအား တွေ့ဆုံစဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

## လာအိုနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီးအား လက်ခံတွေ့ဆုံ

### နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၂၅**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Pol. Lt. Gen. Vilay Larkhamfong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ တရားမဝင် လက်နက်ရောင်းဝယ်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေး၊ မဲခေါင်မြစ်ကြောင်းတစ်လျှောက် တရားဥပဒေစိုးမိုးရေး စသည့်လုပ်ငန်းစဉ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနများအကြား မြန်မာနှင့်လာအို ဘာသာစကားများသင်ကြားရေး၊ မြန်မာ-လာအို ချစ်ကြည်ရေးတံတားကို အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ဂိတ်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရေး၊ ကျိုင်းလပ်နယ်စပ်ဂိတ်ကို အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်ထွက်ဂိတ်အဖြစ် ဖွင့်လှစ်နိုင်ရေး၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာရိုဟေး ဆာဆာကာဝါအား လက်ခံတွေ့ဆုံ

### ဂျပန်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၂၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်အစိုးရ၏ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် ဂျပန်နိုင်ငံ၊ နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာရိုဟေး ဆာဆာကာဝါအား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ်အရေးကိစ္စတို့နှင့်ပတ်သက်၍ ဂျပန်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့သည်။

**အကူအညီများ ပေးအပ်**

မစ္စတာရိုဟေး ဆာဆာကာဝါသည် မြန်မာနိုင်ငံခရီးစဉ်အတွင်း ဂျပန်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးအတွက် မြန်မာအစိုးရမှ ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များတွင် လိုအပ်သော အကူအညီများ ပေးအပ်သွားနိုင်ရန် မတ် ၂၂ ရက်မှ ၂၄ ရက်အထိ စစ်တွေမြို့နှင့် မောင်တောမြို့များသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




မြန်မာ့အလင်း

# ဂုဏ်သိက္ခာနှင့် တန်ဖိုးတို့အကြောင်း

နိုင်ငံတကာအနေဖြင့် ဆုအမျိုးမျိုး ချီးမြှင့်သည်၊ ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်သည်ဆိုခြင်းကို ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အနုပညာဆိုင်ရာ စွမ်းဆောင်မှုများအပေါ်မူတည်၍ အကြောင်းအမျိုးမျိုး ခေါင်းစဉ်အသွယ်သွယ်ဖြင့် ပြုလုပ်လေ့ရှိ၏။

လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းအသီးသီးတို့က အမည်နာမအစုံစုံဖြင့် ပေးအပ်လေ့ရှိပြီး ကမ္ဘာ့ပြည်သူများက တန်ဖိုးထားကြသည့်ဆုများ ရှိသကဲ့သို့ မထင်ရှားလှသော ဆုများလည်းရှိ၏။ ဆုရရှိသူများက အားရဝမ်းသာဖြစ်ရ၊ ဂုဏ်တက်ရသည့်ဆုများရှိသည်ကဲ့သို့ ဆုရရှိသူများက ဆုရွေးချယ်မှု အနေအထားအမျိုးမျိုးပေါ်မူတည်ကာ ငြင်းဆန်ကြ၊ မလိုချင်ကြသည့် နမူနာများလည်း ရှိ၏။

ပါလီမန်ဒီမိုကရေစီခေတ်က ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို အလင်္ကာကျော်စွာဘွဲ့ ချီးမြှင့်သည့်အခါ အလင်္ကာကျော်စွာဘွဲ့၏ ဂုဏ်မြင့်မားသွားခဲ့သော်လည်း နောက်နောင်တွင် အခြားသော အနုပညာနယ်ပယ်မှ ထင်ရှားသူများအား ထိုအလင်္ကာကျော်စွာဘွဲ့ ချီးမြှင့်သည့်အခါ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ရှိသေလေးစားကြသူများမှာ ဆရာကြီးအတွက် ဝမ်းနည်းစိတ်မကောင်းဖြစ်ကြရသည်။ အနုပညာနယ်ပယ်ကသူများ ရရှိခြင်းကို မကျေနပ်ခြင်း မဟုတ်။ ဆရာကြီးရရှိသည့် ဘွဲ့နှင့် တန်းတူညီမျှ ပေးမည်ဆိုလျှင် မည်သို့သောသူများကမှ ဆရာကြီးနှင့်တန်းတူညီမျှသည့် ဂုဏ်သိက္ခာရစရာမရှိဟု ပြည်သူတို့က ယုံကြည်ကြခြင်း ဖြစ်လေသည်။

အနုပညာနယ်ပယ်မှ မည်သို့သော ပုဂ္ဂိုလ်ကျော်များပင်ဖြစ်စေကာမူ ဆရာကြီးနှင့် တန်းတူသည့် ဘွဲ့ထူးဂုဏ်ထူးများနှင့် ထိုက်တန်လောက်စရာမရှိ။ ထိုဘွဲ့ထူးဂုဏ်ထူးရရှိသူများအတွက် ဂုဏ်တက်စရာ ဘွဲ့ဖြစ်ကောင်းဖြစ်မည်ဖြစ်သော်လည်း ဆရာကြီးနှင့် ဂုဏ်ရည်တူဖြစ်စရာအကြောင်းမရှိ။

ဘွဲ့ထူးဂုဏ်ထူးဆိုသည်မှာ သူ၏ သီးခြားတန်ဖိုးတစ်ခုရှိသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။ ဥပမာအားဖြင့် တစ်ခေတ်တစ်ခါက ရန်ကုန်တက္ကသိုလ်ကရရှိသည့် ဘွဲ့ဆိုလျှင် ကမ္ဘာ့နိုင်ငံများက အသိအမှတ်ပြုကြသည်။ သို့သော်လည်း နောက်ပိုင်းတွင် တက္ကသိုလ်ဘွဲ့များ၏ တန်ဖိုးကျဆင်းလာသဖြင့် ထိုဘွဲ့များကို စနစ်တကျ သေချာကျနစွာစိစစ် ပေးအပ်သည်ဟု မယုံကြည်ကြတော့သည့်အခါ မြန်မာနိုင်ငံက ဘွဲ့များကို နိုင်ငံတကာက အလွယ်တကူ လက်မခံကြတော့သည့် အခြေသို့ ဆိုက်ခဲ့ရသည်။

အနီဘွဲ့ရများအားလုံးကို အရည်အချင်းမပြည့်မီဟု ဆိုလိုခြင်း မဟုတ်သော်လည်း ကျောင်းကအသိအမှတ်ပြုသည့် စံကိုပြည့်သည်ဟူ၍ မယူဆတော့ဘဲ ယေဘုယျအားဖြင့် အသိအမှတ်မပြုဟု သတ်မှတ်လာကြခြင်းဖြစ်၏။

ထို့ကြောင့် ဘွဲ့တစ်ခု၊ ဆုတစ်ခု၏ တန်ဖိုးနှင့်ဂုဏ်သိက္ခာဟူသည် မည်သူတို့ပါဝင်သည့် မည်သည့်အဖွဲ့အစည်းက ပေးသည်လဲ၊ ဆုငွေတန်ဖိုး မည်မျှ များပြားသည်လဲ ဆိုသည်တို့က အရေးပါသည်ဟု ယေဘုယျအားဖြင့် ရှုမြင်ကြလေ့ရှိသော်လည်း ယင်းထက် ပိုမိုနက်နဲသည့် နောက်ခံအကြောင်းများက ရှိသည်ဟု ဆိုရပါမည်။ ထိုဘွဲ့ထူးဂုဏ်ထူး ဆုထူးကို မည်သူတို့က မည်ကဲ့သို့သောမူ၊ မည်ကဲ့သို့သော စံများဖြင့် စိစစ်ရွေးချယ်သလဲ။ ထို့ပြင် မည်သူတွေက အဆိုပါဆုကိုရကြသလဲ ဆိုသည်ကိုပါ အလေးတယူပြုဆန်းစစ်ရန် ရှိလာပါသည်။

အမှန်တကယ်က ဤဘွဲ့၊ ဤဆု၊ ဤဂုဏ်ထူးကို မည်သူတွေရသလဲ ဆိုသည်က အရေးပါပါသည်။ ထိုကျောင်းမှ ထိုဘွဲ့ရလာ သူ၊ ထိုအဖွဲ့အစည်းမှ ထိုဂုဏ်ထူးရလာသူ စသူတို့သည် မည်မျှလောက် ထိုဆုနှင့်ထိုက်တန်၏ ဆိုသည်ကို တန်ဖိုးဖြတ်သူတို့က အကဲဖြတ်နေကြသည်။ ထို့ကြောင့်ပင် နိုဘယ်ဆု၊ ပူလစ်ဇာဆု၊ ပရစ်ဇ်ကာဆု စသည့်ဆုတို့၏ ဂုဏ်ကို မြင့်မားသည်ထက် မြင့်မားလာစေသည်မှာ ထိုဆုကို မည်သူပေးသလဲဆိုသည်ထက် မည်သူတို့ ရကြသလဲ ဟူသည့်အပေါ်တွင် တည်မှီလာခြင်း ဖြစ်ပါသည်။

ဆိုလိုသည်မှာ ဆု၊ ဘွဲ့တို့၏ ဂုဏ်သိက္ခာဆိုသည်မှာ ရသင့် ရထိုက်သော ဆုရရှိသူများကြောင့် ပိုမိုမြင့်မားလာရသည် ဟူ၍ပါ။ ဥပမာအားဖြင့်ဆိုလျှင် ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ပါရဂူ ဘွဲ့များ ချီးမြှင့်ခံရသည့် လယ်တီဆရာတော်၊ ဆရာကြီးဦးလင်း စသူတို့ကြောင့် ဆရာတော်နှင့် ဆရာကြီးများထက် ရန်ကုန် တက္ကသိုလ်၏ဂုဏ် ပိုမိုမြင့်မားရခဲ့ခြင်းပါ။

လောကနိယာမအရ ဆုရထိုက်သူများဟုဆိုလျှင် ထိုပုဂ္ဂိုလ်တို့ သည် ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဂုဏ်၊ သိက္ခာတို့က ရှိပြီးသားဖြစ်ပါ၏။ ဆုရထိုက်သူ၊ ဘွဲ့ရ ထိုက်သူ၊ ဂုဏ်ထူး ရသင့်သူကို မှန်မှန်ကန်ကန် ရွေးချယ်ပေးခြင်းဖြင့်သာ ဆုပေးအပ်သည့်အဖွဲ့အစည်းတို့သည်လည်းကောင်း၊ ထိုဆု၏ အမည်နှင့် ဂုဏ်သတင်းတို့သည်လည်းကောင်း၊ တန်ဖိုးနှင့် ဂုဏ်သိက္ခာ ပိုမိုမြင့်တက်လာမည်ဖြစ်သည်ဟု ယူဆမိပါကြောင်း။ ။

# ၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထား ဆောင်ရွက်ရေး။

(ခ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

(ဂ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေ လိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။




## မူးခင်းကျဆင်းရေး အသိပညာပေး

ရန်ကုန် မတ် ၂၅

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် တော်လတဲ့နယ်မြေ ရဲစခန်းမှူး ရဲအုပ်သောင်းထိုက်စိုးနှင့်အဖွဲ့သည် ကြာအင်းကျေးရွာအုပ်စု ကန့်လန့်ကုန်းဓမ္မာရုံ၌ မူးခင်းကျဆင်းရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲကို မတ် ၂၀ ရက်က ပြုလုပ်ခဲ့ရာ လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ မူးယစ်ဆေးဝါးနှင့် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး မူခင်းဖြစ်စဉ် အကြောင်းအရာများ ရှင်းလင်းဆွေးနွေးဟောပြောကာ အဆိုပါဖြစ်စဉ်များနှင့် ပတ်သက်၍ ဒေသခံကျေးရွာပြည်သူများ လိုက်နာသင့်သည့် အချက်များ၊ ရှောင်ကြဉ်သင့်သည့် အချက်များကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

ဉာဏ်လင်း

# ရန်ကုန်ဆိပ်ကမ်းသို့ အမေရိကန်နိုင်ငံမှ အပျော်စီးသင်္ဘောကြီးနှစ်စင်း လာရောက်လည်ပတ်

ရန်ကုန် မတ် ၂၅

အမေရိကန်နိုင်ငံမှ အပျော်စီးသင်္ဘောနှစ်စင်းသည် သံလျင်၊ သီလဝါဆိပ်ကမ်းသို့ ယနေ့နံနက်ပိုင်းတွင် ဆိုက်ရောက်လာသည်။ အဆိုပါသင်္ဘောများမှာ Destinations Asia Company ၏ စီစဉ်ဆောင်ရွက်မှုဖြင့် လာရောက်သော ခရီးသည်ဦးရေ ၄၇၇ ဦးနှင့် သင်္ဘောဝန်ထမ်း ၄၃၀ တင်ဆောင်လာသည့် MV Seven Seas Navigator အပျော်စီးသင်္ဘောသည် MIPL ဆိပ်ကမ်းသို့လည်းကောင်း၊ Myanmar Voyages International Tourism Company ၏ စီစဉ်မှုဖြင့်လာရောက်သောခရီးသည်လူဦးရေ ၃၂၉ ဦးနှင့် သင်္ဘောဝန်ထမ်း ၂၉၄ ဦး ပါဝင်သော MV Silver Shadow အပျော်စီးသင်္ဘောသည် MITT သီလဝါဆိပ်ကမ်းသို့လည်းကောင်း ဆိုက်ကပ်ခဲ့သည်။

MV Silver Shadow အပျော်စီးသင်္ဘောသည် ရန်ကုန်မြို့တွင် မတ် ၂၈ ရက်ထိ ၄ ရက်တိုင်တိုင်ဆိုက်ကပ်ရပ်နားမည်ဖြစ်ပြီးနောက် ထိုင်းနိုင်ငံ၊ ဖူးခက်ဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာမည် ဖြစ်သည်။ MV Silver Shadow အပျော်စီးသင်္ဘောသည် မြန်မာနိုင်ငံသို့ ဒသမအကြိမ်မြောက် လာရောက်လည်ပတ်ခြင်းဖြစ်ပြီး Myanmar Voyages International Tourism Company အနေဖြင့် ၁၂၈ စင်းမြောက် တာဝန်ယူဆောင်ရွက်သည့် သင်္ဘောဖြစ်ကြောင်း သိရသည်။ ယခုနှစ်အတွင်း အနောက်နိုင်ငံမှအပျော်စီးသင်္ဘော ၁၆ စင်းဝင်ရောက်ရန်ရှိကြောင်းနှင့် အများစုမှာ အမေရိကန်နိုင်ငံမှဖြစ်ပြီး မြိတ်ကျွန်းစုဒေသသို့လည်း အပျော်စီးသင်္ဘောကြီးများ လာရောက်မည်ဖြစ်ကြောင်း သိရှိရသည်။

ယခုကဲ့သို့ အနောက်နိုင်ငံများမှ သင်္ဘောကြီးများ လာရောက်လည်ပတ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အေးချမ်းသာယာမှု၊ မြန်မာလူမျိုးများ၏ ဧည့်ဝတ်ကျေပွန်မှုတို့ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်မည်ဖြစ်သည့်အပြင် နိုင်ငံ၏ ပုံရိပ်မြှင့်တင်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

သတင်းစဉ်



## စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲနှင့် ပြည်သူလူထုကျန်းမာရေး အသိပညာပေးဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး) က ကြီးမှူး၍ စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲနှင့် ပြည်သူလူထုကျန်းမာရေး အသိပညာပေးဟောပြောပွဲကို မတ် ၂၆ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ အမှတ်(၆၃)၊ ကျိုက်ဝိုင်းဘုရားအနီး၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်ရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ကျင်းပမည်ဖြစ်သည်။ စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲတွင် ဒေါက်တာခင်ပြုံးကြည်၊ ပါမောက္ခဦးမျိုးလွင်ငြိမ်း၊ ပါမောက္ခဒေါ်မြသီတာ၊ ပါမောက္ခဒေါ်မာမာကြည်နှင့် ပါမောက္ခဒေါ်ယုဇနစောမြင့်တို့က ဟောပြောမည်ဖြစ်ပြီး ပြည်သူလူထုကျန်းမာရေးအသိပညာပေးဟောပြောပွဲတွင် ပါမောက္ခဒေါ်မြသီတာက "သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ပါ"၊ ပါမောက္ခဒေါ်မာမာကြည်က "တီဘီနှင့်ဆေးယဉ်ပါးတီဘီရောဂါအကြောင်းသိကောင်းစရာ"၊ ပါမောက္ခယုဇနစောမြင့်က "ဝက်သက်အန္တရာယ်သတိပြုဖွယ်"၊ ဒေါက်တာဦးဝင်းဇော်က "သွေးချိုဆီးချိုရောဂါကာကွယ်ပါ" ခေါင်းစဉ်တို့ဖြင့် ဟောပြောမည်ဖြစ်ပြီး ဆရာဝန်အားလုံးနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

ဗထူး

# တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်) (၅)မှုကို စီရင်ချက်ချမှတ်ပြီး (၅) မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် မတ် ၂၅**
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသာဋ္ဌေးနှင့် ဦးမျိုးဝင်းတို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲက ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)တွင် ရုံးထိုင်၍ တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၅)မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်)(၅)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ အဋ္ဌမအကြိမ် မြန်မာ-လာအို လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# မြန်မာ-လာအို လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့်စည်းဝေး

**နေပြည်တော် မတ် ၂၅**
အဋ္ဌမအကြိမ် မြန်မာ-လာအို လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးအား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုစည်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး Pol.Lt. Gen. Vilay Lakhamphong နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာ-လာအို နှစ်နိုင်ငံလုံခြုံရေးနှင့် တည်ငြိမ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းအချက်အလက်များဖလှယ်ရေး၊ နယ်စပ်ဆက်ဆံရေးရုံး ယန္တရားတိုးမြှင့်ဖော်ဆောင်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ တရားမဝင်ဝင်၊ထွက်မှုများ ထိန်းချုပ်ရေး၊ မြန်မာ-လာအို ဘာသာစကားအပြန်အလှန်သင်ကြားရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံဝန်ကြီးဌာနတို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် သဘောတူညီချက်များကို ဆွေးနွေးအတည်ပြုကြသည်။ ယင်းနောက် နှစ်နိုင်ငံကိုယ်စားလှယ်များက စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ကူးကြသည်။

မြန်မာ-လာအို ဝန်ကြီးအဆင့် အစည်းအဝေးမတိုင်မီ မြန်မာ-လာအို အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးအား နံနက် ၉ နာရီက Horizon Lake View Hotel ၌ ပြုလုပ်ခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန ခေတ္တအမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာအရာရှိကြီးများနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် Pol. Brig. Gen Sisavath Keomalavong နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူဇင်ဘတ်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

**နေပြည်တော် မတ် ၂၆**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ ဂျင်း ပေါလ် ဆန်နီဂါအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော လူဇင်ဘတ်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ဂျင်း ပေါလ် ဆန်နီဂါကို ၁၉၅၉ ခုနှစ်တွင် လူဇင်ဘတ်မြို့၌ မွေးဖွားခဲ့ပြီး ၎င်းသည် ၁၉၈၃ ခုနှစ်တွင် နိုင်ငံရေးသိပ္ပံနှင့် စာပေဆိုင်ရာဘွဲ့ကို ဂျာမနီနိုင်ငံရှိ ဖရိုက်ရစ်ချ် ဝီဟီတက္ကသိုလ်မှလည်းကောင်း၊ ၁၉၈၄ ခုနှစ်တွင် ဥရောပရေးရာလေ့လာမှုမဟာဘွဲ့ကို ဘယ်လ်ဂျီယံနိုင်ငံရှိ ဥရောပကောလိပ်မှလည်းကောင်း ရရှိခဲ့သည်။

၎င်းသည် ၁၉၈၅ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း လူဇင်ဘတ်မြို့ရှိ အောသီးနီးကျောင်း၌ ဂျာမန်ဘာသာစကားနှင့် စာပေဆိုင်ရာ ပါမောက္ခအဖြစ်လည်းကောင်း၊ လူဇင်ဘတ်မြို့တော်ဝန်ရုံး၌ အရာထမ်းအဖြစ်လည်းကောင်း၊ ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်တွင် ဌာနအကြီးအကဲအဖြစ်လည်းကောင်း၊ နိုင်ငံခြားရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနတွင် အကြီးတန်းအရာရှိအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ပြင် ၎င်းသည် ၂၀၀၂ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း တူရကီ၊ စပိန်၊ နီကာရာဂွါ၊ အယ်လ်ဆာဗေးဒိုး၊ အမေရိကန်ပြည်ထောင်စု၊ မက္ကဆီကို၊ ကနေဒါနှင့် ဗာတီကန်မြို့ပြနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလမှ ယနေ့အထိ လူဇင်ဘတ်အစိုးရ၏ အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် လူဇင်ဘတ်၊ ဂျာမန်၊ ပြင်သစ်၊ အင်္ဂလိပ်၊ စပိန်နှင့် ဆွီဒင်ဘာသာစကားတို့ကို ကောင်းမွန်စွာတတ်ကျွမ်းသည်။ မစ္စတာ ဂျင်း ပေါလ် ဆန်နီဂါသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးထွန်းကားသည်။ **သတင်းစဉ်**

# အချိန်အခါမဟုတ် မိုးရွာခြင်းကြောင့် လေပြင်းတိုက်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်နိုင်

**နေပြည်တော် မတ် ၂၅**
ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများနှင့် အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် ၂၆.၃.၂၀၁၉ ရက်နေ့မှ ၂၈.၃.၂၀၁၉ ရက်နေ့အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# စင်ကာပူ-မြန်မာ ဥပဒေရေးရာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်းသည့် တတိယအကြိမ်မြောက် ပူးတွဲကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၅**
စင်ကာပူ-မြန်မာ ဥပဒေရေးရာ ပူးပေါင်းဖလှယ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ စင်ကာပူနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ တတိယအကြိမ်မြောက် ပူးတွဲကော်မတီအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် စင်ကာပူနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာန Senior Minister of State, H.E. Mr. Edwin Tong တို့က အမှာစကားများ ပြောကြားခဲ့ကြသည်။

အစည်းအဝေးတွင် စင်ကာပူနှင့် မြန်မာနိုင်ငံတို့အကြား မြန်မာနိုင်ငံ ဥပဒေကဏ္ဍဖွံ့ဖြိုးရေးအတွက် စင်ကာပူနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရှေ့နေချုပ်ရုံးတို့က သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပနိုင်ခဲ့မှု၊ ယင်းတို့တွင် ဥပဒေရေးဆွဲခြင်း၊ ဥပဒေဘာသာပြန်ဆိုခြင်း၊ Legal English၊ အပြည်ပြည်ဆိုင်ရာ စေ့စပ်ညှိနှိုင်းခြင်း၊ တီထွင်မှု မူပိုင်ခွင့်၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ ဘာသာရပ်များ ပါဝင်မှု၊ ဥပဒေဘာသာပြန်ဆိုခြင်း၊ အသိဉာဏ်ပစ္စည်းဆိုင်ရာဥပဒေ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဥပဒေ၊ အပြည်ပြည်ဆိုင်ရာဥပဒေတို့နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများ၊ ဥပဒေအရာရှိများအား စာတွေ့လက်တွေ့တွဲဖက်လေ့ကျင့်မည့် အစီအစဉ်များကို ၂၀၁၉-၂၀၂၀ ကာလအတွင်း တိုးမြှင့်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ ဥပဒေကဏ္ဍ ပြုပြင်ပြောင်းလဲရေးတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ စင်ကာပူ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



စင်ကာပူ-မြန်မာ ဥပဒေရေးရာ ပူးပေါင်းဖလှယ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ စင်ကာပူနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ တတိယအကြိမ်မြောက် ပူးတွဲကော်မတီအစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

# တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၂၅**
နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်သည်။ ဘင်္ဂလားပင်လယ် အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး၊ ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ **မိုး/ဇလ**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် **Mrs. Christine Schraner Burgener** အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၅**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်တို့ တွေ့ဆုံ

**နေပြည်တော် မတ် ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener တို့သည် ယနေ့ နံနက်ပိုင်းတွင် ဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံစဉ် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ ရုံးနှင့် ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော နေရပ်စွန့်ခွာသူများအတွက် မြန်မာနိုင်ငံအစိုးရမှ ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ ပါဝင်သည့် "Factsheet" ရေးသားပြုစုနေမှု၊ အဆိုပါ "Factsheet" ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသော နေရပ်စွန့်ခွာသူများထံသို့ ဖြန့်ဖြူးပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှု၊ ဧပြီလအတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ အစည်းအဝေး ကျင်းပရန် စီစဉ်နေမှု၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များတွင် အာဆီယံနိုင်ငံများမှ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ASEAN Emergency Response and Assessment Team (ERAT) မှ ပထမအကြိမ် ကွင်းဆင်းလေ့လာမှုကို ဆောင်ရွက်နိုင်ခဲ့မှု၊ ရခိုင်ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်ပြည်သူများကို လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်နေမှုနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ICRC, IFRC တို့ဖြင့် ပူးပေါင်း၍ လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပိုမိုထိရောက်စွာ ပေးအပ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်နေမှုများကို ဆွေးနွေးကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် **Mrs. Christine Schraner Burgener** အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

# ဒုတိယအကြိမ်မြောက် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကုလသမဂ္ဂညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်

**နေပြည်တော် မတ် ၂၅**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဂျင်တီးနားသမ္မတနိုင်ငံ ဗျူနိုအေးရိစ်မြို့တွင် မတ် ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကုလသမဂ္ဂညီလာခံသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ယင်းညီလာခံသည် ၁၉၇၈ ခုနှစ်က ကျင်းပခဲ့သော ကုလသမဂ္ဂညီလာခံ၌ ချမှတ်ခဲ့သည့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးနှင့် မြှင့်တင်ဆောင်ရွက်ရေး ဗျူနိုအေးရိစ်လုပ်ငန်းစဉ်၏ နှစ် (၄၀) ပြည့်မြောက်သည့် အခါသမယတွင် ကျင်းပခြင်းဖြစ်သည်။

ယင်းညီလာခံသို့ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၀ မှ နိုင်ငံ့အကြီးအကဲ၊ အစိုးရ အကြီးအကဲနှင့် ဝန်ကြီးများ တက်ရောက်ခဲ့ကြပြီး "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ၂၀၃၀ အာဂျင်ဒါ အကောင်အထည်ဖော်ရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး အခန်းကဏ္ဍ" နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါညီလာခံတွင် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှု အခြေအနေနှင့် ရှေ့အလားအလာများအပေါ် ပြန်လည်သုံးသပ်ခဲ့ကြသည်။ ညီလာခံ၌ နိုင်ငံတကာ အသိုက်အဝန်းနှင့် ကုလသမဂ္ဂတို့အနေဖြင့် အဆိုပါပူးပေါင်းဆောင်ရွက်မှုများအား မြှင့်တင်ရေးနှင့် ကူညီပံ့ပိုးရေး၊ အခွင့်အလမ်းအသစ်များ ရှာဖွေဖော်ထုတ်ရေး၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် အကြံပြုခြင်းတို့နှင့် စပ်လျဉ်းသည့် တိုးတက်မှုအခြေအနေများကိုလည်း ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၂၀ ရက်က ကျင်းပခဲ့သည့် ညီလာခံ၏ အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲတွင် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။ အဆိုပါ မိန့်ခွန်းတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွင်း စီးပွားရေး ပိုမိုတိုးတက်လျက်ရှိသော နိုင်ငံများ ပေါ်ထွန်းလာခြင်းကြောင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် တိုးတက်ဖြစ်ပေါ်လာသော အလားအလာနှင့် အခွင့်အလမ်းများ ရှိလာကြောင်း အလေးထားပြောကြားခဲ့ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ၂၀၃၀ ရည်မှန်းချက်ပန်းတိုင်များကို ပြည့်မီစေရေးအတွက် စိန်ခေါ်မှုများအား ဖြေရှင်းရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ အချင်းချင်းပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှု အခန်းကဏ္ဍကို ထောက်ခံပြောကြားခဲ့သည်။




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဒုတိယအကြိမ်မြောက် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကုလသမဂ္ဂ ညီလာခံတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအား လုံလောက်သော ပြည်ပအကူအညီ ပေးအပ်ရန် လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်များနှင့်အညီ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအားလုံး၏ ထုတ်ကုန်အားလုံးအတွက် အခွန်ကင်းလွတ်ခွင့်နှင့် ခွဲတမ်းသတ်မှတ်မှု ကင်းလွတ်ခွင့်များကို ဆက်လက်ပေးအပ်ရန် တောင်းဆိုမှုများအပေါ် ထောက်ခံကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ၂၀၃၀ ရည်မှန်းချက်ပန်းတိုင်များကို အောင်မြင်စေရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ကတိကဝတ်ပြုထားကြောင်း၊ ယင်းအတွက် မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (၂၀၁၈-၂၀၃၀) အား ချမှတ်ကာ အမျိုးသားအဆင့် ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်လျက်ရှိကြောင်းနှင့် ယင်းစီမံကိန်းသည် မြန်မာပြည်သူပြည်သားအားလုံး ငြိမ်းချမ်းမှု၊ သဟဇာတဖြစ်မှု၊ သာယာဝပြောမှုတို့ဖြင့် နေထိုင်နိုင်မည့် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုပေါ်ထွန်းရေး မျှော်မှန်းချက်ဖြင့် ရေးဆွဲထားခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ ဦးစားပေး အကောင်အထည်ဖော်ရန် စိစစ်ပြီးဖြစ်သည့် အဓိကစီမံကိန်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များပါဝင်သော Project Bank တည်ထောင်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်း တည်ထောင်ရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားခဲ့သည်။ ထို့အပြင် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲ နိုင်ငံများအားလုံးအနေဖြင့် မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများကို အသုံးပြုကြရန် ဖိတ်ခေါ်ကြောင်းပြောကြားခဲ့သည်။

မတ် ၂၂ ရက်တွင် ကျင်းပခဲ့သည့် ညီလာခံပိတ်ပွဲအခမ်းအနားတွင် ဒုတိယအကြိမ်မြောက် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကုလသမဂ္ဂ ညီလာခံ၏ ရလဒ်စာတမ်းကို အတည်ပြုချမှတ်ခဲ့ပြီး ကုလသမဂ္ဂ၊ ဗျူနိုအေးရိစ် လုပ်ငန်းစဉ်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် အခြား ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှု ယန္တရားများအတွင်းမှ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆက်လက်၍ နီးကပ်စွာ ပံ့ပိုးဆောင်ရွက်သွားကြရန် ထပ်လောင်း အတည်ပြုခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၂၀ ရက် ညနေပိုင်းတွင် အာဂျင်တီးနား နိုင်ငံခြားရေးဝန်ကြီး Mr. Jorge Faurie မှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ထို့အပြင် မတ် ၂၁ ရက်တွင် အာဂျင်တီးနားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Jorge Faurie နှင့် အာရှနိုင်ငံများမှ ဝန်ကြီးများအကြား ကျင်းပသည့် အဆင့်မြင့်ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး အာဂျင်တီးနားနှင့် အာရှနိုင်ငံများအကြား ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့၌ နှစ်နိုင်ငံအဆင့်နှင့် သုံးပွင့်ဆိုင်အဆင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ညီလာခံကာလအတွင်း မတ် ၂၁ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် အာဂျင်တီးနားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Gustavo Zlauvinen နှင့်လည်း သီးခြားတွေ့ဆုံ၍ မြန်မာ-အာဂျင်တီးနား နှစ်နိုင်ငံဆက်ဆံမှုမြှင့်တင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဇီဝနည်းပညာ၊ဆေးဝါး၊ ယဉ်ကျေးမှုနှင့် အားကစား စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၂၂ ရက်တွင် ASEAN-MERCOSUR ကုန်သည်ကြီးများအဖွဲ့ ဥက္ကဋ္ဌ Mr. Rodolfo Caffaro Kramel မှ တည့်ခင်းဧည့်ခံသော အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ပြီး မြန်မာနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့အကြား ကုန်သွယ်ရေး၊ ခရီးသွားလာရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးတို့အတွက် အခွင့်အလမ်းများအပေါ် အမြင်ချင်း ဖလှယ်ခဲ့ကြသည်။ ညီလာခံသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အာဂျင်တီးနားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များလည်း ပါဝင် တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ၆၆ ကေဗွီ ပုသိမ်-ငွေဆောင် ဓာတ်အားလိုင်းနှင့် ငွေဆောင်ဓာတ်အားခွဲရုံ ဖွင့်ပွဲတက်ရောက်

**နေပြည်တော် မတ် ၂၅**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန၏ ၆၆ ကေဗွီ ပုသိမ်-ငွေဆောင် ဓာတ်အားလိုင်း ၁၄ ဒသမ ၉၂ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ငွေဆောင် ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ရှိ အဆိုပါဓာတ်အားခွဲရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် လျှပ်စစ်ဓာတ်အား လုံလုံလောက်လောက်ရရှိမှုအပေါ် မူတည်နေသည့်အတွက် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းလုံးသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခင်က ပုသိမ်၊ အသုတ်၊ ရေကြည်၊ မြောင်းမြနှင့် လပွတ္တာမြို့နယ်များသို့ နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ၂၃၀ ကေဗွီ အသုတ်ဓာတ်အားခွဲရုံမှ ၆၆ ကေဗွီ ဗို့အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၃၀ ကေဗွီ အသုတ်-ပုသိမ် ဓာတ်အားလိုင်း ၃၁ မိုင်နှင့် ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ပုသိမ် ဓာတ်အားခွဲရုံကို ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့၍ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးထားပြီးဖြစ်ကြောင်း။

ထို့အပြင် ၂၃၀ ကေဗွီ ပုသိမ် ဓာတ်အားခွဲရုံတွင် ရောက်ရှိနေသည့် ဓာတ်အားများကို ငွေဆောင်မြို့သို့ ဆက်လက်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် ၆၆ ကေဗွီ ပုသိမ်-ငွေဆောင် ဓာတ်အားလိုင်း ၁၄ ဒသမ ၉၂ မိုင်နှင့် ငွေဆောင်မြို့တွင် ၆၆ ကေဗွီ ဓာတ်အားခွဲရုံတစ်ရုံကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် တည်ဆောက်ပြီးစီး၍ ၆၆ ကေဗွီ ငွေဆောင်ဓာတ်အားခွဲရုံကို ဓာတ်အားပို့လွှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ငွေဆောင်မြို့နယ်အတွင်း အိမ်ထောင်စုပေါင်း ၈၃၁၃ ရှိသည့်အနက် အိမ်ထောင်စု ၅၃၂ စု ဓာတ်အားရရှိသုံးစွဲနိုင်ခဲ့ပြီး ဆောင်ရွက်ဆဲ ဓာတ်အားဖြန့်ဖြူးရေးလိုင်းနှင့် ခွဲရုံများ ဆောင်ရွက်ပြီးစီးသည့်အချိန်တွင် ငွေဆောင်မြို့နှင့် အနီးပတ်ဝန်းကျင် ကျေးရွာ ၁၅ ရွာရှိ အိမ်ထောင်စုပေါင်း ၄၈၁၇ စုသို့ နိုင်ငံတော် ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားရယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ ၆၆ ကေဗွီ ပုသိမ်-ငွေဆောင် ဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ငွေဆောင်ဓာတ်အားခွဲရုံ တည်ဆောက်ရေးအတွက် နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်း ၅၄၉၉ ကျော် အကုန်အကျခံ တည်ဆောက်ပေးခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၅ ခုနှစ်တွင် ၈၉ မဂ္ဂါဝပ်ခန့်သာ သုံးစွဲနိုင်ခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ၁၁၆ မဂ္ဂါဝပ်အထိ တိုးတက်သုံးစွဲလာနိုင်ခဲ့ပြီး လက်ရှိတွင် တိုင်းဒေသကြီးအတွင်းရှိ မြို့ပေါင်း ၄၅ မြို့အနက် ၄၁ မြို့သည် ဓာတ်အားစနစ်မှ လျှပ်စစ်မီးရရှိသုံးစွဲနေပြီး ကျေးရွာပေါင်း ၁၁၈၆၄ ရွာအနက် ကျေးရွာ ၁၀၀၀ ကို ဓာတ်အားစနစ်မှ လည်းကောင်း၊ ကျေးရွာ ၅၅၄၆ ကို မီးစက်ကဲ့သို့သော သီးခြား ဓာတ်အား ထုတ်လုပ်မှုများနှင့် လည်းကောင်း ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း။

နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားရယူသုံးစွဲနိုင်ခြင်း မရှိသေးသည့် ဒေသများ ဓာတ်အားရရှိသုံးစွဲနိုင်ရန် ယခုကဲ့သို့ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း အိမ်ထောင်စုပေါင်း ၁၄၈၉၈၃ စုအနက် ၂၆၇၃၃၃ စု တိုင်းဒေသကြီးတစ်ခုလုံး၏ ၁၈ ရာခိုင်နှုန်းသည် ဓာတ်အားရရှိ သုံးစွဲနိုင်နေပြီး ပိုမို၍ ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၏ ပထဝီအနေအထားအရ ဓာတ်အားစနစ်ဆောင်ရွက်ရန် ခက်ခဲသော ဒေသများ (Off-Grid)သို့ အခြားနည်းများဖြင့် လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးအစီအစဉ် (Decentralize)ဖြင့် လည်းကောင်း အသီးသီး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး မီးလင်းကျိုင်တွင် ၁၃၉၀ မဂ္ဂါဝပ်ရှိသည့် LNG သုံး ဓာတ်အားပေးစက်ရုံအား တည်ဆောက်၍ ဓာတ်အားတိုးတက်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှု လက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးက တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား တိုးတက် ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ပေးနေမှုများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ငွေဆောင်မြို့နေ ဒေသခံပြည်သူ ဦးကြင်ရွှေက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ငွေဆောင်ဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ၆၆ ကေဗွီ ပုသိမ်-ငွေဆောင် ဓာတ်အားလိုင်း ၁၄ ဒသမ ၉၂ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ငွေဆောင်ဓာတ်အားခွဲရုံကို ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်၊ တိုင်းဒေသကြီးဝန်ကြီး ဦးဝင်းဌေး၊ ပုသိမ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေလှိုင်ထွန်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူထွေးနှင့် ဒေါ်ဇင်မိုးဝါတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဓာတ်အားခွဲရုံ Control Room နှင့် Switchyard အတွင်း လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့ ဓာတ်အားခွဲရုံ Control Room နှင့် Switchyard အတွင်း လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

# နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ ဗဟိုကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၅**

နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ကနဦး လျှောက်ထားခြင်းကို မြန်မာနိုင်ငံသာမက ပြည်ပနိုင်ငံအသီးသီးရှိ မြန်မာသံရုံးများ၌လည်း လျှောက်ထားနိုင်ရန် စတင်ဆောင်ရွက်ချိန်မှ ယခုအထိ နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားမှုနှင့် စိစစ်ခွင့်ပြုမှု၊ ခွင့်ပြုပြီးသူများအား အမြဲနေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးပြီးစီးမှု၊ ယခုအစည်းအဝေးတွင် လုပ်ငန်းကော်မတီမှ စိစစ်တင်ပြလာသူများအား ဗဟိုကော်မတီအဖွဲ့ဝင်များက ထပ်မံစိစစ်အတည်ပြု ဆောင်ရွက်ပေးနိုင်ရေးနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းတာဝန်ခံအရာရှိက နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် လုပ်ငန်းစဉ် အဆင့်ဆင့်နှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဗဟိုကော်မတီဝင်များက နိုင်ငံခြားသား အမြဲနေထိုင် ခွင့်ပြုနိုင်ရေးအတွက် လျှောက်ထားသူ တစ်ဦးချင်းအား သုံးသပ်ချက်များဖြင့် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းစဉ်အဆင့်ဆင့်အား ဆက်လက်ဆောင်ရွက်နိုင်ရေး နိဂုံးချုပ်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှစတင်၍ ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံသူ၊ မြန်မာနိုင်ငံသားဟောင်းနှင့် ယင်းတို့နှင့် သွေးချင်းဆက်စပ်သူ နိုင်ငံခြားသားဟူ၍ အမျိုးအစားလေးမျိုး ခွဲခြားသတ်မှတ်ကာ လျှောက်လွှာများ လက်ခံဆောင်ရွက်ခဲ့ရာ စတင်ဆောင်ရွက်ချိန်မှ ၂၀၁၉ ခုနှစ် မတ် ၂၁ ရက်အထိ လျှောက်ထားသူ စုစုပေါင်း ၅၉၃ ဦးရှိပြီး ၄၈၀ ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ယခုအစည်းအဝေးတွင် လုပ်ငန်းကော်မတီမှ ပဏာမစိစစ်ပြီးသူ ကျွမ်းကျင်ပညာရှင် တစ်ဦး၊ ရင်းနှီးမြှုပ်နှံသူ နိုင်ငံခြားသား သုံးဦး၊ စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးမှ လျှောက်ထားသည့် မြန်မာနိုင်ငံသားဟောင်း လေးဦးနှင့် တောင်အာဖရိကနိုင်ငံရှိ မြန်မာသံရုံးမှ လျှောက်ထားသည့် မြန်မာနိုင်ငံသားဟောင်း (မိသားစုဝင်အပါ) နှစ်ဦး အပါအဝင် မြန်မာနိုင်ငံသားဟောင်း ၂၁ ဦး၊ ပြင်သစ်နိုင်ငံရှိ မြန်မာသံရုံးမှတစ်ဆင့် လျှောက်ထားသူ သွေးချင်းဆက်စပ်သူ နိုင်ငံခြားသား တစ်ဦး အပါအဝင် ဆက်စပ်သူ နိုင်ငံခြားသားခြောက်ဦးနှင့် မိသားစုဝင် ၁၉ ဦး စုစုပေါင်း ၅၀ အား ဗဟိုကော်မတီမှ စိစစ်အတည်ပြု ဆောင်ရွက်ခဲ့ကြောင်းနှင့် အတည်ပြုပြီး သူများအား လူတွေ့စစ်ဆေးခံနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Scharaner Burgener နှင့် နေပြည်တော်ရှိ ဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံ၍ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် စခန်းများ ဖွင့်လှစ်ထားမှု၊ ပြန်လည်ဝင်ရောက်လာသူများ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးအတွက် လတ်တလောနှင့် ရေရှည်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့်အစီအစဉ်၊ မိမိတို့ ဌာနနှင့် UNDP-UNHCR တို့အကြား MoU သက်တမ်းတိုးမြှင့်နိုင်ရေးဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ဦးစားပေး အဆင့်အလိုက် စီစဉ်ဆောင်ရွက်နေမှု၊ ပြန်လည်ဝင်ရောက်လာသူများအား နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးပြီးနောက် နိုင်ငံသားစိစစ်နိုင်ရန် လျှောက်ထားဆောင်ရွက်နိုင်ရေးနှင့် အထောက်အထား အချက်အလက်များအပေါ် မူတည်၍ ကိုင်ဆောင်သင့်သည့်ကတ် တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးကြသည်။ **သတင်းစဉ်**



နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

# ကုမ္ပဏီထောင်ပြီး ဘယ်လို အလုပ်လုပ်ကြမှာလဲ

မောင်ဒီကာ

**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ**

**၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့မှာ နိုင်ငံတော်သမ္မတကြီး လက်မှတ်ရေးထိုးထုတ်ပြန်လိုက်တဲ့ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေဟာ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့က စတင်ပြီး အာဏာသက်ရောက်ကျင့်သုံးလျက်ရှိပါတယ်။ ကုမ္ပဏီဥပဒေသစ်ထဲမှာ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ ခေတ်မီကျင့်ထုံးတွေ၊ ဥပဒေဆိုင်ရာ တိုးတက်ပြောင်းလဲမှုတွေ ပါရှိတဲ့အပြင် ကုမ္ပဏီတွေအတွက် ရှင်းလင်းပြတ်သား၊ ပွင့်လင်းမြင်သာပြီး ရှေ့နောက်ညီညွတ်မှုရှိတဲ့ မူဘောင်ကိုလည်း ထူထောင်နိုင်ခဲ့ပါတယ်။ နိုင်ငံအတွင်းမှာရှိတဲ့ ကုမ္ပဏီတွေအဖို့ ကုမ္ပဏီဥပဒေကို အလွယ်တကူလိုက်နာ ကျင့်သုံးနိုင်တဲ့အပြင် လုပ်ထုံးလုပ်နည်းတွေကလည်း လွယ်ကူသွားတဲ့အတွက် ကုမ္ပဏီတွေအတွက်ရော၊ ကုမ္ပဏီတွေကို ထိန်းကျောင်းရမည့် အစိုးရဌာနအသီးသီးအတွက်ရော ပိုမိုထိရောက်သွားစေခဲ့ပါတယ်။ ပိုပြီးအရေးကြီးတာက ယခင်ဥပဒေဟောင်းမှာ မပါရှိခဲ့တဲ့ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်တွေ အပြည့်အစုံပါဝင်လာတဲ့အတွက် မြန်မာနိုင်ငံက စီးပွားရေးလုပ်ငန်းတွေကို နိုင်ငံတကာစီးပွားရေးလုပ်ငန်းတွေနဲ့ ချိတ်ဆက်ပေးနိုင်ဖို့ များစွာအထောက်အပံ့ဖြစ်စေခဲ့ပါတယ်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းတွေအတွက်လည်း စည်းမျဉ်းစည်းကမ်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးနဲ့ ဥပဒေလိုက်နာကျင့်သုံးရာမှာ ဖြစ်ပေါ်လေ့ရှိတဲ့ ကုန်ကျစရိတ်တွေ မများပြားစေဖို့ လျှော့ချပေးနိုင်ခဲ့ပါတယ်။**

**MyCO**

ကုမ္ပဏီဥပဒေသစ်နှင့်အတူ အွန်လိုင်းမှတ်ပုံတင်ဖြစ်တဲ့ Myanmar Companies Online (MyCO) ကို ထူထောင်ပေးနိုင်တဲ့အတွက် နိုင်ငံအတွင်းမှာကော နိုင်ငံပြင်ပကပါ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်လိုသူများအတွက် ကုမ္ပဏီတစ်ခု ထူထောင်နိုင်ဖို့ များစွာလွယ်ကူချောမွေ့သွားခဲ့ပြီး MyCO ကို သုံးစွဲဖူးတဲ့ လုပ်ငန်းရှင်တိုင်းက ကောင်းချီးသြဘာပေးခဲ့ကြပါတယ်။ MyCO ဟာ ဒေသတွင်းနိုင်ငံ အချို့မှာရှိတဲ့ အွန်လိုင်းစနစ်ထက် များစွာပိုကောင်းတယ်လို့လည်း နိုင်ငံခြားသားစီးပွားရေးလုပ်ငန်းရှင်များက ချီးကျူးပြောဆိုမှုတွေလည်း ရရှိခဲ့ပါတယ်။ MyCO ရဲ့ရလဒ်ကတော့ စတင်ကျင့်သုံးတဲ့ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ကစပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ခုနစ်လအတွင်း ကုမ္ပဏီအသစ်ပေါင်း ၁၁၆၅၈ ခု မှတ်ပုံတင်ပေးနိုင်ခဲ့တဲ့အပြင် ယခင်ဥပဒေအဟောင်းအရ မှတ်ပုံတင်ထားခဲ့တဲ့ ကုမ္ပဏီပေါင်း ၄၆၃၇၇ ခုကိုလည်း အွန်လိုင်းမှာပြန်လည်မှတ်ပုံတင်ပေးနိုင်ခဲ့တဲ့အတွက် စုစုပေါင်း မှတ်ပုံတင်ပေးနိုင်မှု ကုမ္ပဏီ ၅၈၀၃၅ ခုရှိခဲ့ပါတယ်။ နှစ်အလိုက် ကုမ္ပဏီမှတ်ပုံတင်နိုင်မှုအရ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ မှတ်ပုံတင်ပေးနိုင်ခဲ့တဲ့ ကုမ္ပဏီအရေအတွက် ၉၂၈၆ ခုနဲ့ အများဆုံးမှတ်ပုံတင်နိုင်ခဲ့တဲ့ စံချိန်ကို MyCO က ခုနစ်လအတွင်း သိသိသာသာ ကျော်ဖြတ်ခဲ့ပါတယ်။ ကုမ္ပဏီများ အွန်လိုင်းမှာ အင်တိုက်အားတိုက် မှတ်ပုံတင်လာနိုင်ခြင်းဟာ ကုမ္ပဏီဥပဒေသစ်ရဲ့ ခေတ်မီမှု၊ MyCO ရဲ့ လွယ်ကူရှင်းလင်းမှုတွေကြောင့်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်ဖို့အတွက် လုပ်ဆောင်ရတဲ့ လုပ်ငန်းအဆင့်ဆင့်၊ ကြာမြင့်တဲ့အချိန်၊ ကုန်ကျတဲ့ငွေကြေး စတာတွေကို သိသိသာသာ လျှော့ချနိုင်ခဲ့ပါတယ်။ ဒီအစီအစဉ်ဟာ နိုင်ငံတော်အစိုးရက အင်တိုက်အားတိုက် တွန်းအားပေးဆောင်ရွက်နေတဲ့ ကမ္ဘာ့ဘဏ်ကနှစ်စဉ်ထုတ်ပြန်တဲ့ ‘ Doing Business Report ’ မှာ မြန်မာနိုင်ငံရဲ့အဆင့်ကို သိသာစွာတိုးတက်လာစေဖို့ ဆောင်ရွက်မှုတွေကိုလည်း များစွာအထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

**မှတ်ပုံတင်အရာရှိ (Registrar) နဲ့ အထိန်းအကွပ်အဖွဲ့အစည်း (Regulator)**

တချို့ကလည်း မေးကြပါတယ်။ ကုမ္ပဏီတွေ ဒီလိုလွယ်လွယ်ကူကူ မှတ်ပုံတင်ပြီးရင် သူတို့မှန်မှန်ကန်ကန်လုပ်အောင် ကုမ္ပဏီမှတ်ပုံတင်ရုံးက ဘယ်လိုထိန်းကျောင်းမှာလဲ။ မဟုတ်တာလုပ်တဲ့ ကုမ္ပဏီတွေများလာရင် ဘယ်လိုလုပ်မှာလဲ။ စတဲ့မေးခွန်းတွေ မေးမြန်းတာလည်း ရှိခဲ့ပါတယ်။ တကယ်တော့ မေးမြန်းသူ အများစုဟာ ကုမ္ပဏီဥပဒေကိုကိုင်တွယ်ထိန်းကျောင်းရတဲ့ကုမ္ပဏီမှတ်ပုံတင်အရာရှိ (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) (Registrar) ရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်နဲ့ မှတ်ပုံတင်ပြီးကုမ္ပဏီများ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာမှာ သက်ဆိုင်ရာဥပဒေများအရ ထိန်းကျောင်း ရတဲ့ အစိုးရဌာနအသီးသီး (Regulator) ရဲ့ အခန်းကဏ္ဍကို သေချာစွာသဘောမပေါက်ကြလို့ မေးကြတယ်ဆိုတာလည်း တွေ့ရပါတယ်။

**“ ‘ဥပဒေအရ ပေါ်ပေါက်သည့်ပုဂ္ဂိုလ် (Legal or Juridical Person) ’ လို့ခေါ်ပြီး လူသားကိုတော့ သဘာဝပုဂ္ဂိုလ် (Natural Person) လို့ ခေါ်လေ့ရှိပါတယ်။ ဆိုလိုတာက ကုမ္ပဏီတစ်ခုဟာ လူသားတစ်ယောက်လိုပဲ ပိုင်ဆိုင်ခွင့်၊ ရှင်သန်ခွင့်၊ တရားရင်ဆိုင်ခွင့်ရှိနေတာကို ရည်ညွှန်းပါတယ်။ အဆိုပါ ကုမ္ပဏီတွေက ကုမ္ပဏီဥပဒေပါ ပြဋ္ဌာန်းချက်တွေကို လိုက်နာခြင်း ရှိ/မရှိကို DICA က စိစစ်ထိန်းကျောင်းပါတယ်။ ဒါကြောင့် DICA ဟာ ကုမ္ပဏီတွေကို မှတ်ပုံတင်ပေးရုံသာမက ကုမ္ပဏီဥပဒေကိုလည်း ထိန်းကျောင်းရတဲ့ ဌာနတစ်ခု ဖြစ်ပါတယ်”**

ကုမ္ပဏီဆိုတာ သက်ဆိုင်ရာ ကုမ္ပဏီဥပဒေနဲ့အညီပေးရန်တာဝန်များကို ကန့်သတ်၍ သော်လည်းကောင်း၊ ကန့်သတ်ခြင်းမပြုဘဲသော်လည်းကောင်း ရှယ်ယာဝင်များ ပါဝင်ဖွဲ့စည်းထားတဲ့ စီးပွားရေးအစုအဖွဲ့တစ်ခု ဖြစ်ပါတယ်။ တကယ်တော့ ကုမ္ပဏီတစ်ခုဟာ ဥပဒေအရမွေးဖွားပေါ်ပေါက်လာတဲ့ သီးခြားရပ်တည်နိုင်တဲ့ အစုအဖွဲ့ဖြစ်ပါတယ်။ စီးပွားရေးဆိုင်ရာ ဥပဒေဝေါဟာရတွေမှာ ကုမ္ပဏီကို **‘ဥပဒေအရ ပေါ်ပေါက်သည့်ပုဂ္ဂိုလ် (Legal or Juridical Person)** ’ လို့ခေါ်ပြီး လူသားကိုတော့ သဘာဝပုဂ္ဂိုလ် (Natural Person) လို့ ခေါ်လေ့ရှိပါတယ်။ ဆိုလိုတာက ကုမ္ပဏီတစ်ခုဟာ လူသားတစ်ယောက်လိုပဲ ပိုင်ဆိုင်ခွင့်၊ ရှင်သန်ခွင့်၊ တရားရင်ဆိုင်ခွင့်ရှိနေတာကို ရည်ညွှန်းပါတယ်။ အဆိုပါ ကုမ္ပဏီတွေက ကုမ္ပဏီဥပဒေပါ ပြဋ္ဌာန်းချက်တွေကို လိုက်နာခြင်း ရှိ/မရှိကို DICA က စိစစ်ထိန်းကျောင်းပါတယ်။ ဒါကြောင့် DICA ဟာ ကုမ္ပဏီတွေကို မှတ်ပုံတင်ပေးရုံသာမက ကုမ္ပဏီဥပဒေကိုလည်း ထိန်းကျောင်းရတဲ့ ဌာနတစ်ခု ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံသားတွေကို ‘လဝက’ က စိစစ်ပြီး နိုင်ငံသားမှတ်ပုံတင်ထုတ်ပေးသလို DICA ကလည်း ကုမ္ပဏီလဝက ဖြစ်ပါတယ်။

**“My CO ရဲ့ ရလဒ်ကတော့ စတင်ကျင့်သုံးတဲ့ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ကစပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ခုနစ်လအတွင်း ကုမ္ပဏီအသစ်ပေါင်း ၁၁၆၅၈ ခု မှတ်ပုံတင်ပေးနိုင်ခဲ့တဲ့အပြင် ယခင်ဥပဒေအဟောင်းအရ မှတ်ပုံတင်ထားခဲ့တဲ့ ကုမ္ပဏီပေါင်း ၄၆၃၇၇ ခုကိုလည်း အွန်လိုင်းမှာ ပြန်လည်မှတ်ပုံတင်ပေးနိုင်ခဲ့တဲ့အတွက် စုစုပေါင်းမှတ်ပုံတင်ပေးနိုင်မှု ကုမ္ပဏီ ၅၈၀၃၅ ခု ရှိခဲ့ပါတယ်။ နှစ်အလိုက် ကုမ္ပဏီမှတ်ပုံတင်နိုင်မှုအရ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ မှတ်ပုံတင်ပေးနိုင်ခဲ့တဲ့ ကုမ္ပဏီအရေအတွက် ၉၂၈၆ ခုနဲ့ အများဆုံးမှတ်ပုံတင်နိုင်ခဲ့တဲ့ စံချိန်ကို MyCO က ခုနစ်လအတွင်း သိသိသာသာ ကျော်ဖြတ်ခဲ့ပါတယ်။ ကုမ္ပဏီများ အွန်လိုင်းမှာ အင်တိုက်အားတိုက် မှတ်ပုံတင်လာနိုင်ခြင်းဟာ ကုမ္ပဏီဥပဒေသစ်ရဲ့ခေတ်မီမှု၊ MyCO ရဲ့လွယ်ကူရှင်းလင်းမှုတွေ ကြောင့်ဖြစ်”**

မှတ်ပုံတင်ပြီး ကုမ္ပဏီတစ်ခုဟာ စီးပွားရေးလုပ်ငန်းတစ်ခုကို ဆောင်ရွက်တော့မယ်ဆိုရင် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းတွေမှာ ခွင့်ပြုမိန့်၊ လိုင်စင်၊ ပါမစ် စသည်တို့ ရယူရမှာဖြစ်သလို သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းတွေရဲ့အထိန်းအကွပ်အောက်မှာ ဥပဒေနှင့်အညီ လုပ်ငန်းများဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ဟိုတယ်လုပ်ငန်းလုပ်လိုလျှင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှာ ဟိုတယ်လိုင်စင်၊ ပို့ကုန်သွင်းကုန် လုပ်ငန်းလုပ်ချင်ရင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ ထုတ်ကုန်သွင်းကုန် လုပ်ငန်းရှင် မှတ်ပုံတင်၊ ဆေးရုံဖွင့်လှစ်ချင်ရင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆေးရုံလိုင်စင်၊ လုံခြုံရေးလုပ်ငန်းလုပ်လိုလျှင် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ခွင့်ပြုမိန့် စတာတွေ ရရှိမှသာ စီးပွားရေးလုပ်ငန်းတွေကို စတင်လုပ်ကိုင်ခွင့်ရမှာဖြစ်ပါတယ်။ DICA မှာ ကုမ္ပဏီမှတ်ပုံတင်ခြင်းဟာ စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ကိုင်ဖို့ ခွင့်ပြုလိုက်ခြင်း မဟုတ်ပါဘူး။ ကုမ္ပဏီတစ်ခုကို ဥပဒေနှင့်အညီ မွေးဖွားသန့်စင်ပေးလိုက်တာသာ ဖြစ်ပါတယ်။ အများစုက DICA မှာ မှတ်ပုံတင်ပြီးရင် လုပ်ငန်းစလုပ်လို့ရပြီလို့ ထင်နေကြတာ မမှန်ပါဘူး။ ယခုဆိုရင် Social Media မှာ ပျံ့နှံ့နေတဲ့ လုံခြုံရေးနှင့်ပတ်သက်သော ကုမ္ပဏီတစ်ခုကိစ္စဆိုရင်- ပြည်ထဲရေးဝန်ကြီးဌာနကို လျှောက်ထားပြီး ခွင့်ပြုချက်ရရှိမှသာ အလုပ်စလုပ်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အခုအချိန်အထိ ပြည်ထဲရေးဝန်ကြီးဌာနမှာ လုပ်ငန်းစတင်ဖို့ လျှောက်ထားခြင်း မရှိသေးသလို ခွင့်ပြုချက်ရရှိခြင်း၊ ခွင့်ပြုချက်ပေးထားခြင်းလည်း မရှိသေးဘူးလို့ သိရပါတယ်။

**မမှန်မကန်လုပ်တဲ့ ကုမ္ပဏီတွေကို ဘယ်သူက အရေးယူမှာလဲ**

စီးပွားရေးနယ်ပယ်အတွင်းက မမှန်မကန်လုပ်ကိုင်တဲ့ ကုမ္ပဏီအချို့ဥပဒေချိုးဖောက်တဲ့ ဖြစ်စဉ်တွေ ပေါ်ပေါက်လာတဲ့အခါ DICA က ဘယ်လိုအရေးယူမှာလဲလို့လည်း မကြာခဏ မေးလေ့ရှိပါတယ်။ တကယ်က ဥပဒေချိုးဖောက်တဲ့ ကုမ္ပဏီတွေကို သက်ဆိုင်ရာဥပဒေကို ထိန်းကျောင်းတဲ့ အစိုးရဌာန အဖွဲ့အစည်းကသာ အရေးယူရမှာ ဖြစ်ပါတယ်။ ကုမ္ပဏီဥပဒေကို ချိုးဖောက်လာမှသာ DICA က ကုမ္ပဏီဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တစ်နည်းပြောရရင်တော့ ဥပဒေချိုးဖောက်တဲ့ နိုင်ငံသားတစ်ယောက်ကို အရေးယူခြင်းကို သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းက ဆောင်ရွက်တာသာ ဖြစ်ပါတယ်။ အဆိုပါ ပုဂ္ဂိုလ်ကို ‘လဝက’ က နိုင်ငံသားမှတ်ပုံတင်ထုတ်ပေးထားတာမို့ ‘လဝက’ က အရေးယူလို့မရသလို ဥပဒေချိုးဖောက်တဲ့ ကုမ္ပဏီတွေကိုတော့ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းကသာ လိုအပ်သလို အရေးယူဆောင်ရွက်ရပါတယ်။ ဒါပေမယ့် ကုမ္ပဏီက ဒါရိုက်တာတွေက ကုမ္ပဏီဥပဒေပြဋ္ဌာန်းချက်ပါ ဒါရိုက်တာရဲ့ တာဝန်တွေ၊ အရည်အချင်းတွေ ချိုးဖောက်ပျက်ကွက်ခဲ့ရင် DICA အနေနဲ့ ကုမ္ပဏီဥပဒေနှင့်အညီ လိုအပ်တဲ့ အရေးယူမှုတွေဆောင်ရွက်နိုင်တဲ့အပြင် မရိုးမသားမှုတွေပါခဲ့ရင် တရားရုံးကသီးခြားပြစ်ဒဏ်ချမှတ်နိုင်တဲ့အထိ တရားစွဲဖို့ ဆောင်ရွက်နိုင်ပါတယ်။

**ခေတ်မီဥပဒေနှင့် ခေတ်သစ်မြန်မာပြည်**

ခေတ်မီတဲ့ ကုမ္ပဏီဥပဒေပြဋ္ဌာန်းကျင့်သုံးလိုက်ခြင်းဟာ နိုင်ငံတော်အစိုးရက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာတဲ့အုတ်မြစ်တစ်ခုကို ချမှတ်ထူထောင်ပေးလိုက်ခြင်း ဖြစ်ပါတယ်။ ကုမ္ပဏီဥပဒေဟာ စနစ်တကျလိုက်နာ ကျင့်သုံးကြတဲ့ ကုမ္ပဏီများအားလုံးအတွက် ဖွံ့ဖြိုးကြီးထွားမှုကို ဆောင်ကြဉ်းပေးနိုင်တဲ့ အထောက်အမတစ်ခု ဖြစ်ပါတယ်။ ဒါပေမယ့် ကုမ္ပဏီများအနေနဲ့ စီးပွားရေးလုပ်ငန်းအသီးသီး လုပ်ကိုင်ဆောင်ရွက်ရာမှာ ကုမ္ပဏီမှတ်ပုံတင်ခြင်းကို MyCO ကတစ်ဆင့် လွယ်ကူရှင်းလင်းမြန်ဆန်သွက်လက်စွာ ဆောင်ရွက်ကြပြီး နောက်မှာ စီးပွားရေးနယ်ပယ်အလိုက် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ တိကျမှန်ကန်စွာ လုပ်ဆောင်ကြဖို့လည်း အရေးကြီးတဲ့အတွက် သက်ဆိုင်ရာဌာနများကို လိုအပ်သလို ဆက်သွယ်တင်ပြလျှောက်ထားသွားကြဖို့ လိုအပ်ပါကြောင်း တိုက်တွန်းလိုက်ရပါတယ်။ ။

# (၇၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားဌ် ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်

**နေပြည်တော် မတ် ၂၅**

မတ်လ ၂၇ ရက်တွင် ကျရောက်မည့် (၇၄) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်း၌ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုများဆောင်ရွက်ကြသည်။

စစ်ရေးပြလေ့ကျင့်မှုတွင် အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းများပါဝင်ပြီး စုရပ်ဖြစ်သည့် သစ်တပ်ကွင်းမှ စစ်ရေးပြကွင်းသို့ တပ်မတော် စစ်တီးဝိုင်းအဖွဲ့များ၏ တီးခတ်မှုနှင့်အတူ စစ်ချီသီချင်းများသီဆို၍ ညီညာစွာချီတက်ကြပြီး စစ်ရေးပြအခမ်းအနား အစီအစဉ်များအတိုင်း လေ့ကျင့်ဆောင် ရွက်ကြသည်။

ထိုသို့ လေ့ကျင့်နေမှုကို ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်နှင့် တာဝန်ရှိသူ များက ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၄) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများကို ကြည့်ရှုစစ်ဆေးစဉ်။
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဖုန်းမြတ် မြဝတီဘဏ် (ရွှေဘို) ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

# မြဝတီဘဏ်လီမိတက်၏ (၆၄) ခုမြောက် ဘဏ် ရွှေဘို၌ ဖွင့်

**ရန်ကုန် မတ် ၂၅**

(၇၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြဝတီဘဏ်လီမိတက်၏ (၆၄) ခုမြောက်ဘဏ်ခွဲဖြစ်သော မြဝတီဘဏ် (ရွှေဘို) ဘဏ်ခွဲဖွင့်လှစ်ခြင်းကို ယနေ့နံနက်ပိုင်း တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့အမှတ် (၅) ရပ်ကွက် မန္တလေး-ရွှေဘို ကားလမ်း အကွက်အမှတ်(၁၁-မင်းရပ်)ရှိ အဆိုပါဘဏ်ခွဲ၌ ပြုလုပ်သည်။

ရှေးဦးစွာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဖုန်းမြတ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ခင်မောင်အေး၊ ရွှေဘိုတပ်နယ် တပ်နယ်မှူး ဗိုလ်မှူးကြီး သက်ထွန်း၊ ရွှေဘိုခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်နှင့် မြဝတီဘဏ်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးယုလွင်တို့က မြဝတီဘဏ် (ရွှေဘို) ဘဏ်ခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ဘဏ်အတွင်းလှည့်လည်ကြည့်ရှုကြသည်။

မြဝတီဘဏ် (ရွှေဘို) ဘဏ်ခွဲမှ စာရင်းရှင်အပ်ငွေများ၊ ငွေစုဘဏ်အပ်ငွေများ၊ စာရင်းသေအပ်ငွေများ၊ ခေါ်ယူ အပ်ငွေများ၊ တက္ကသိုလ်ပညာသင်ဆု ဝန်ဆောင်မှု အပ်ငွေများ၊ ATM ကတ် စာရင်းအပ်ငွေများ လက်ခံခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်သော ရင်းနှီးငွေများအတွက် မရွှေ့မပြောင်းနိုင်သော မြေနှင့် အဆောက်အအုံများကို အာမခံအဖြစ်ရယူ၍ ချေးငွေများထုတ်ချေးခြင်း၊ မြဝတီဘဏ်ခွဲအသီးသီးနှင့် ချိတ်ဆက်ထားသည့် မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များသို့ အပြန်အလှန်ငွေလွှဲပေးပို့နိုင်ခြင်းများ အပါအဝင် Modern Banking အနေဖြင့်လည်း Mobile Banking ဆိုင်ရာ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# အင်းဝဘဏ်လီမိတက်၏ (၅၈) ခုမြောက် ညောင်လေးပင်ဘဏ်ခွဲဖွင့်

**ညောင်လေးပင် မတ် ၂၅**

(၇၄) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက် ညောင်လေးပင်ဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘဏ်ခွဲ ပရဝဏ်အတွင်း ကျင်းပသည်။

ရှေးဦးစွာ ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးနော်မိုင်လှကြည်၊ အင်းဝဘဏ်လီမိတက်၊ အုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်ငွေဦး၊ ဒုတိယ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသာဇံတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းက အင်းဝဘဏ်လီမိတက်၊ ညောင်လေးပင်ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် ညောင်လေးပင်ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ (၅၈) ခုမြောက် ဘဏ်ခွဲဖြစ်ပြီး မြို့မ (၃) ရပ်ကွက် ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ညောင်လေးပင်မြို့ ပဲခူးတိုင်းဒေသကြီးတွင် ဖွင့်လှစ်ထားရှိသည်။



ညောင်လေးပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနော်မိုင်လှကြည်၊ အင်းဝဘဏ်လီမိတက်၊ အုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်ငွေဦးနှင့် ဒုတိယ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသာဇံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲ ဝန်ဆောင်မှု လုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ၉ ရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက်စုဆောင်းသည့် အချိန်ကာလ အပိုင်းအခြားအလိုက် မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်းမတည်ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၄) နှစ်မြောက် တပ်မတော်နေ့အကြို စာဖတ်ရှိန်မြှင့်တင်ရေးစာဖတ်ဝိုင်းကျင်းပ

**မိုးနဲ မတ် ၂၅**

(၇၄) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိုးနဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန ခန်းမ၌ ယနေ့ နံနက်က နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းတက်ရောက်နေကြသည့် ကလေးများအား ကျောင်းပိတ်ရက်တွင် စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီး ပျော်ရွှင်စေရန်၊ အပန်းဖြေနေရာဖြစ်စေရန်နှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ ကလေးများ စိတ်အပန်းပြေစေသည့် ရုပ်ပုံပြ ပုံပြင်ပြောခြင်းနှင့် ဂိမ်းကစားခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်ဦးစီးမှူး ဦးမျိုးညွန့်ရွှေက စာဖတ်ဝိုင်းဆောင်ရွက်ခြင်းနှင့် အကျိုးကျေးဇူးများအားရှင်းလင်းပြောကြားပြီး (ရုပ်/သံ ကျွမ်းကျင် -၃) နန်းမွန်းဆိုင်က ရုပ်ပုံပြ ပုံပြင်ပြောခြင်း ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ တေးသီချင်းဖွင့်ပိတ် ပါဆယ်ဂိမ်းကစားနည်းဖြင့် အလှည့်ကျ ကလေးငယ်များက ကျရာပုံပြင်များပြောကြားခဲ့ကြပြီး ကလေးများက ယနေ့ဖတ်ပြပေးခဲ့သော စာအုပ်များအား စာကြည့်တိုက်မှရှာဖွေ၍ အိမ်တွင်ဖတ်ရှုနိုင်ရေး ငှားရမ်းပေးခဲ့ကြကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## သတိပေး နှိုးဆော်ချက်

(၇၄) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအား ၂၇-၃-၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပျဉ်းမနားမြို့နယ်၊ ဘောဂသီရိမီးပွိုင့်မှ ဇေယျာသီရိမြို့နယ် သိုက်ချောင်းလမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုအား နံနက် ၅ နာရီအချိန်မှ ၁၀ နာရီအချိန်အထိ ခေတ္တလမ်း ပိတ်/လမ်းလွှဲ ဆောင်ရွက်မည်ဖြစ်သဖြင့် မော်တော်ယာဉ်မောင်းနှင်သွားလာနေကြသည့် ယာဉ်မောင်းများအနေဖြင့် ၎င်းနေ့ရက်တွင် နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ သိုက်ချောင်းလမ်းဆုံမီးပွိုင့်မှ နိဗ္ဗာန်လမ်း (မြို့ပတ်လမ်း) အတိုင်း ခွာညိုပန်းအဝိုင်းအထိ၊ ၎င်းမှ ရာဇသင်္ဂဟလမ်းအတိုင်း၊ ကုမုဒြာကြာပန်း အဝိုင်းအထိ၊ ရာဇဌာနီလမ်းအတိုင်း ပျဉ်းမနားမြို့နယ်၊ ပန်းခင်းလမ်းမီးပွိုင့်-ဘောဂသီရိမီးပွိုင့်မှတစ်ဆင့် ရန်ကုန်-မန္တလေး လမ်းဟောင်းမှ လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၂ / ၂၀၁၉**
**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်**
**(၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်)**

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ ကူးဆိပ်ကျေးရွာနေ ထွန်းရီသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၃-၂၀၁၉ ရက်နေ့တွင် ဗန်းမောက်မြို့နယ်၊ ကူးဆိပ်ကျေးရွာနေ ထွန်းရီ(၄၈)နှစ်၊ (ဘ)ဦးချမ်းကြီး၏နေအိမ်အား ဝင်ရောက်ရှာဖွေစဉ် ၎င်းမှာ ကြိုတင် ထွက်ပြေးတိမ်းရှောင်နေပြီး ကူးဆိပ်ရွှေမှော်နေ ညီညီ(ခ) ညီလေး(ခ) ဆန်းမြအောင်(၃၃)နှစ်၊ (ဘ)ဦးတင်မြင့်အား ဘိန်းဖြူများ၊ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မံစီကြီး) မယ(ပ)၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကံကြီးကျေးရွာနေ ကျော်သန်း(ခ) ငအေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၃-၂၀၁၉ ရက်နေ့တွင် ကလေးမြို့နယ်၊ ကံကြီးကျေးရွာနေ ကျော်သန်း(ခ)ငအေး (၄၇)နှစ်၊ (ဘ)ဦးအောင်ကြိုင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ ဒေါ်ပြုံးတင်(ခ) မြအေး(၄၁)နှစ်၊ (ဘ)ဦးဘိုလန်၊ တင်မောင်ဝင်း (၄၅)နှစ်၊ (ဘ)ဦးဘိုလန်၊ မျိုးဆင့်(၄၄)နှစ်၊ (ဘ)ဦးဘိုလန်တို့အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၄)ဦးအား မမစ(ကလေး)မယ(ပ)၄၆/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ နန်းပန်ကျေးရွာနေ မင်းဆွေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၃-၂၀၁၉ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ နန်းပန်ကျေးရွာနေ မင်းဆွေ(၃၁)နှစ်၊ (ဘ)ဦးအုန်းမောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ(ပ) ၄၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ရွာသစ်ကုန်းကျေးရွာနေ ကျော်မောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၃-၂၀၁၉ ရက်နေ့တွင် ကျွန်းလှမြို့နယ်၊ ရွာသစ်ကုန်းကျေးရွာနေ ကျော်မောင်(၅၈)နှစ်၊ (ဘ)ဦးဘခင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျွန်းလှ)မယ(ပ) ၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်နေ ဖိုးချမ်း၊ ဖာလုတို့သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၃-၂၀၁၉ ရက်နေ့တွင် ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ တော်ဝင်(၂)လမ်းနေ ဖိုးချမ်း (ခ)ငြိမ်းချမ်းအောင် (၁၉)နှစ်၊ (ဘ)ဦးသောင်းမြင့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း) မယ(ပ)၃၀/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က) ဖြင့် လည်းကောင်း၊ အလားတူ ၎င်းရပ်ကွက်၊ တော်ဝင်လမ်းနေ ဖာလု(ခ) အောင်မျိုးဦး(၃၈)နှစ်၊ (ဘ)ဦးတင်ဦး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ရာဇဓိရာဇ်လမ်းနေ ကျော်နိုင်(၃၀)နှစ်၊ (ဘ) ဦးမျိုးမြင့်တို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြားအကြေမှုန့်များ၊ ဘိန်းစာမှုန့်များ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂)ဦးအား မမစ(ကော့သောင်း) မယ(ပ)၃၁/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အေးမြကြည်လင်ရပ်ကွက်နေ ဇော်မင်းဌေး (ခ)ပွကြီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ ခြင်း။ | ၁၇-၃-၂၀၁၉ ရက်နေ့တွင် ကျောက်ဆည်မြို့၊ အေးမြကြည်လင်ရပ်ကွက်နေ ဇော်မင်းဌေး(ခ)ပွကြီး(၄၂)နှစ်၊ (ဘ)ဦးပန်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျောက်ဆည်) မယ(ပ)၁၀/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက် ပတ်ဝန်းကျင်၌ မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်၌ အမှု(၁)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၁)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၂၀-၃-၂၀၁၉ ရက်နေ့တွင် အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ ၂၂ လမ်းနှင့် ကမ်းနားလမ်းထောင့်၊ ရှုခင်းသာပန်းခြံအနီး၌ မဟာအောင်မြေမြို့နယ်၊ သံလျက်မှော်တောင်ရပ်ကွက်နေ ပြည့်လျှံဖြိုး(ခ) ဘဲနက်(၂၇)နှစ်၊ (ဘ)ဦးသက်ချိုဦး မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (အောင်မြေသာစံ)မယ(ပ)၁၂/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း၊ အလားတူ ၎င်းရပ်ကွက်၊ ၁၉×၂၂ လမ်းကြား၊ စံပယ်အိမ်ရာဝန်းအတွင်း၌ အဆောင် (၃)နေ ထင်ကျော်လွင်(ခ) အခြောက်မ(၂၇)နှစ်၊ (ဘ) ဦးရဲလွင်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (အောင်မြေသာစံ)မယ(ပ)၁၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | မွန်ပြည်နယ်၊ ကျိုက္ခမီမြို့နယ်၊ သံကလောင်ကျေးရွာနေ အပစ်(ခ)ပရင့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၃-၂၀၁၉ ရက်နေ့တွင် ကျိုက္ခမီမြို့နယ်၊ သံကလောင်ကျေးရွာ၊ ရမ္မာဝတီလမ်းနေ အပစ်(ခ)ပရင့်(ခ) ချမ်းမွန် (၅၄)နှစ်၊ (ဘ)ဦးအက်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မအချိန်(၅၀)နှစ်၊ (ဘ)ဦးဂရိတို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ICE များတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ (ကျိုက္ခမီ) မယ(ပ)၇/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | မွန်ပြည်နယ်၊ ရေးမြို့နယ်၊ နှစ်ကရင်ကျေးရွာ၊ အကွက်(၁၂)၊ အမှတ်(၁၂၇)နေ ကိုတင်ထွန်းနှင့် အကွက်(၇)၊ အမှတ်(၅၈)နေ သားကြီးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၃-၂၀၁၉ ရက်နေ့တွင် ရေးမြို့နယ်၊ နှစ်ကရင်ကျေးရွာ၊ အကွက်(၁၂)၊ အမှတ်(၁၂၇)နေ တင်ထွန်း(ခ)တင်ဖုန်း(၃၆) နှစ်၊ (ဘ)ဦးစံလင်း၏နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းစာရွက်အစိုများ၊ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (လမိုင်း) မယ (ပ)၈/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က) ဖြင့် လည်းကောင်း၊ အလားတူ ၎င်းကျေးရွာ၊ အကွက်(၇)၊ အမှတ်(၅၈)နေ သားကြီး(ခ) စိုးတင်(၄၀)နှစ်၊ (ဘ)ဦးမောင်သိန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY/R စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လမိုင်း)မယ(ပ)၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သုမာလာ(၉) လမ်းနေ အေးဝင်းနှင့် ဇနီး မာလာတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၃-၂၀၁၉ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သုမာလာ(၉)လမ်းနေ အေးဝင်း (၄၁)နှစ်၊ (ဘ)ဦးတင်သောင်းနှင့် ဇနီး မာလာ(ခ)ဝင်းမြတ်မာလာ(၄၂)နှစ်၊ (ဘ)ဦးဝင်းမြင့်တို့၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့နှင့်အတူ အမှတ်(၁)ရပ်ကွက်နေ ကျော်မင်းဟန် (၃၇)နှစ်၊ (ဘ)ဦးသိန်းဟန်တို့အား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၃)ဦးအား မမစ(မြောက်ဥက္ကလာပ)မယ(ပ) ၂၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ မိုးလုံးကျေးရွာနေ အောင်ကိုကိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၃-၂၀၁၉ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ မိုးလုံးကျေးရွာနေ အောင်ကိုကို (၄၂)နှစ်၊ (ဘ)ဦးတင်ရွှေ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မဘိမ်း)မယ(ပ) ၂၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်တောင်ပိုင်း၊ နယ်မြေ(၄)၊ မင်းရဲကျော်စွာလမ်းနေ မအေးအေးခိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၃-၂၀၁၉ ရက်နေ့တွင် တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်တောင်ပိုင်း၊ နယ်မြေ(၄)၊ မင်းရဲကျော်စွာလမ်း၊ အိမ်အမှတ်(မ-၂၂/၄)နေ မအေးအေးခိုင်(၃၅)နှစ်၊ (ဘ) ဦးခင်ဝင်း၏ နေအိမ်ဈေးဆိုင်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ကြီး)မယ(ပ)၁၀/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | ရောဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့၊ အမှတ်(၅)ရပ်ကွက်နေ မသက်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၃-၂၀၁၉ ရက်နေ့တွင် ဘိုကလေးမြို့၊ အမှတ်(၈)ရပ်ကွက်၊ (၁)လမ်းတွင် သတင်းအရစောင့်ဆိုင်းနေစဉ် အမှတ်(၆) ရပ်ကွက်၊ (၁)လမ်းနေ မြတ်သိန်းထွန်း(၂၇)နှစ်၊ (ဘ)ဦးမြင့်လွင် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါမူးယစ်ဆေးဝါးများမှာ အမှတ်(၅) ရပ်ကွက်၊ မင်္ဂလာလမ်းကြားနေ မသက်(ခ) ခင်မျိုးသက် (၄၇)နှစ်၊ (ဘ)ဦးခင်စိန်ထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ဘိုကလေး) မယ (ပ)၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ မသက်(ခ)ခင်မျိုးသက်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဘိုကလေး) မယ(ပ)၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၂၃-၃-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၅၇၇)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၇၆၅)ဦး၊ မ(၁၄၇)ဦး၊ ပေါင်း(၉၁၂)ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၈၅၃.၆၉)ဂရမ်၊ ICE(၇၃.၆၇)ဂရမ်၊ ဘိန်း(၃၈၇၀၄.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၈၈၃၀.၂၈)ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၂၂၇၇၉၂)ပြား၊ ဆေးခြောက်(၆၄၂၄.၂၂) ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၂၃.၄၅) ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

*စာမျက်နှာ ၉ သို့*

# သတင်းထုတ်ပြန်ချက်

၁။ ၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့် ရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲများ ပေးနိုင်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

၂။ ကြိုတင်ဆန္ဒမဲလက်မှတ်များအား မြို့နယ်စည်ပင်သာယာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ ၁၈-၃-၂၀၁၉ ရက်နေ့မှစတင်၍ ပေးပို့ထားပြီးဖြစ်ရာ အောက်ပါမဲဆန္ဒရှင်များသည် ၃၁-၃-၂၀၁၉ ရက်နေ့တွင် မိမိသက်ဆိုင်ရာ မဲဆန္ဒနယ်တွင် မရှိပါက မိမိတို့သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ကြိုတင်ဆန္ဒမဲများ ပေးနိုင်မည် ဖြစ်ပါသည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ

(ဂ) ခရိုင်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ

(ဃ) ရန်ကုန်မြို့တော်စည်ပင်သာယာရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကော်မရှင်အဖွဲ့ဝင်များ


၃။ အောက်ပါပုဂ္ဂိုလ်များသည် ကြိုတင်ဆန္ဒမဲပေးလိုပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ စည်ပင်သာယာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်ပြီး ၂၈-၃-၂၀၁၉ ရက်နေ့မှစတင်၍ ကြိုတင်ဆန္ဒမဲပေးနိုင်မည် ဖြစ်ပါသည်-

(က) မဲရုံများတွင် တာဝန်ထမ်းဆောင်မည့် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ဝင်များ


(ခ) ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် သက်ဆိုင်ရာမဲဆန္ဒနယ်တွင်မရှိဘဲ ခရီးဝေးထွက်ခွာမည့်ပုဂ္ဂိုလ်များ (အထောက်အထား ခိုင်လုံစွာတင်ပြနိုင်ရမည်)

(ဂ) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ (၄၁)နှင့် အကျုံးဝင်သူမဲဆန္ဒရှင်များ

**ရန်ကုန်မြို့တော်စည်ပင်သာယာရွေးကောက်ပွဲကော်မရှင်**




Call Center မှ ပြင်ပဈေးကွက်တွင် ရောင်းဝယ်နေသည့် (၁၃:၁၅) နာရီတွင် ဖြစ်ပေါ်နေသော ငွေလဲလှယ်နှုန်းများ ဖြစ်ပါသည်။
ဓာတ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။




ရန်ကုန်မြို့ ရွှေဘုံသာလမ်းတွင် ရောင်းဝယ်နေသော ရွှေဆိုင်များမှ ကောက်ယူထားခြင်း ဖြစ်ပါသည်။
ဓာတ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

*စာမျက်နှာ ၈ မှ*

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သောသတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ ဖားကန့်မြို့ ငှက်ပျောတောရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၈၃၀)ပြား၊ အဆင့်နိမ့်ဘိန်း(၅၅)ဂရမ်၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ကျောက်ကြီးမြောင်းကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၉၅)ပြား၊ ကရင်ပြည်နယ်၊ မြဝတီမြို့ အမှတ်(၄)ရပ်ကွက်၊ ချစ်ကြည်ရေးလမ်းမပေါ်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၉၉)ပြား၊ မွန်ပြည်နယ်၊ ရေးမြို့ အောင်မေတ္တာရပ်ကွက်၊ ရာဇဓိရာဇ်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းစာရွက်(၂၂၉)ဂရမ်၊ ဆိုင်ကယ် (၁)စီး၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဇီးပင်ချောင်းအနီး နှစ်နိုင်ငံနယ်စပ် နတ်မြစ်အတွင်း လုံခြုံရေးနှင့် ပိတ်ဆို့စစ်ဆေးရေးဆောင်ရွက်စဉ် တစ်ဖက်နိုင်ငံဘက်သို့ အမျိုးသား (၄)ဦး လှော်ခတ်နေသည့် လက်ခတ်လှေ(၁)စီးအား တွေ့ရှိလိုက်လံဖမ်းဆီးခဲ့ရာ အမျိုးသား (၃)ဦးမှာ ကမ်းပေါ်သို့ ခုန်ချထွက်ပြေးသွားပြီး လှေပေါ်၌ကျန်ရှိနေသည့် တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၉၀၀၀)ပြား၊ လက်ခတ်လှေ(၁)စီး၊ ဖားဝပ်ချောင်းကျေးရွာအနီး မောင်တော- တောင်ပြိုဝဲသွား ကားလမ်းမပေါ်၌ သတင်းအရ Tipper (၆)ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာ လမ်းကြုံလိုက်ပါလာသည့် တရားခံအမျိုးသမီး (၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၆၁၃၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ငန်းချောင်းကျေးရွာဈေးအနီး၌ ဆက်စပ်ပတ်သက်သော တရားခံအမျိုးသား (၂)ဦး၊ ဆိုင်ကယ်(၁)စီး၊ အင်းဒင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ Toyota Gaia ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၇၄၅၂၅၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ အင္ဂူမော်မှ မောင်တောသို့လာသည့် ခရီးသည်တင်ယာဉ်အား သတင်းအရ ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၃)ပြား၊ စစ်တွေမြို့နယ်၊ ကန်တော်ကြီးအတွင်း၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက် (၀.၁)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ နန်းတိုင်းကျေးရွာအနီး၊ လွိုင်ကော်-ပင်လောင်းသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းဆီခဲ(၁၁၅) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ လဲချားမြို့အဝင်၌ သတင်းအရ Probox ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၆၅၀၀)ဂရမ်၊ လားရှိုးမြို့နယ်၊ ကောင်းတပ်ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၁၇၀)ပြား၊ ဘိန်းဖြူ(၉၆)ဂရမ်၊ မူဆယ်မြို့နယ်၊ ကောင်းမှုးရွာအဝင် ကားလမ်းပေါ်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၆၀)ပြား၊ ဘိန်းဖြူ(၃၈)ဂရမ်၊ စွမ်စော်ရပ်ကွက်၌ တရားခံအမျိုးသား (၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၂၉၆၀)ပြား၊ ဘိန်းဖြူ(၈.၁)ဂရမ်၊ နောင်ချိုမြို့အဝင်၊ အိုရီယမ်တယ်တိုးဂိတ်၌ လားရှိုးမှ ပြင်ဦးလွင်သို့လာသည့် ခရီးသည်တင်ယာဉ်အား သတင်းအရရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါ ခရီးသည် တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၆၀၀)ပြား၊ ဘိန်းဖြူ(၄၈၄)ဂရမ်၊ လောက်ကိုင်မြို့နယ်၊ ကာပူချိုင်ကျေးရွာ လမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၉၈၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ကွတ်ခိုင်မြို့နယ်၊ စင်းကျိုင်းကျေးရွာနေ တရားခံ အမျိုးသား(၁)ဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ကြိုတင်တိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား(၁၀၆၀၀၀)ပြား၊ ဘိန်းဖြူ(၂၀)ဂရမ်၊ ဘိန်း (၈၁၆.၅)ဂရမ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ နတ်လူထိပ်ပန်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၂၉၇)ပြား၊ ဘိန်း(၂၀)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၅)ဂရမ်၊ ကသာမြို့နယ်၊ ညောင်ခြေထောက်-အင်းတော်သွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၉၂၀)ပြား၊ အင်းတော်မြို့နယ်၊ ရွှေဘို-မြစ်ကြီးနားသွားလမ်း၊ နမ့်မကျိုင်းကျေးရွာလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄)ပြား၊ ဘိန်းဖြူ(၂၄၀.၅)ဂရမ်၊ ဗန်းမောက်မြို့နယ်၊ ဟဲချိန်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၆၅၀)ပြား၊ ဘိန်းဖြူ(၂၀.၁)ဂရမ်၊ မြနန္ဒာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၀.၀၁)ဂရမ်၊ ဘိန်းဖြူရည် (၂၀)လီတာ၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ ကန်ကြီးရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀၀)ပြား၊ ကွမ်းသီးချောင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉)ပြား၊ ဘိန်းစာမှုန့်(၂၇၀)ဂရမ်၊ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့ ရန်ကုန်-မန္တလေးသွား ကားလမ်းမဘေး လက်ဖက်ရည်ဆိုင်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၇၆)ပြား၊ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ စလေမြို့ စလေ-မိုလာသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ ဆေးခြောက်(၁၅၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာ(တောင်)ရပ်ကွက်ရှိ DHL အမြန်ချောပို့(ပြည်ပသီးသန့်ဌာန)၌ ပြည်ပသို့ပို့ဆောင်မည့် ပါဆယ်ထုပ်(၁)ထုပ်အတွင်း မူးယစ်ဆေးဝါးများ ပါဝင်နေကြောင်းသိရှိရသဖြင့် စိစစ်မှုများပြုလုပ်ခဲ့ရာ ပါဆယ်ထုပ်အတွင်းမှ ICE (၁၇၅၀)ဂရမ်အား သိမ်းဆည်းရမိပြီး စိစစ်ဖော်ထုတ်ချက်အရ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့အား ဖမ်းဆီးရမိခဲ့၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင်စစ်ဆေးရေးဂိတ်၌ Ford Ranger ယာဉ်အား သတင်းအရ ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၈၀၀၀၀)ပြား၊ ဘိန်းဖြူ(၂၄၂၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မူဆယ်မှ မန္တလေးသို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၈၀၀)ပြား၊ ဘိန်းဖြူ(၃၃)ဂရမ်၊ သပိတ်ကျင်းမြို့နယ်၊ ကြာညှပ်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၃၃)ပြား၊ ကျောက်ပန်းတောင်းမြို့ သာယာအေးရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၃၄)ပြား၊ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၀၀)ပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်လမ်းမပေါ်၌ သတင်းအရ Caldina ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၂၃၉၀)ပြား၊ ICE (၄.၅)ဂရမ်၊ ဆေးခြောက်(၇၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ Express Courier Services(ECS) နယ်သာလန်နိုင်ငံအခြေစိုက် မြန်မာပြည်ကိုယ်စားလှယ်ရုံးခန်း၌ နိုင်ငံခြားသို့ပို့ဆောင်မည့် ပါဆယ်ထုပ်(၁)ထုပ်အတွင်း မူးယစ်ဆေးဝါးများ ပါဝင်နေကြောင်း သတင်းရရှိသဖြင့် စိစစ်ခဲ့ရာ ၎င်းပါဆယ်ထုပ်အတွင်းမှ ICE (၁၁၃၀)ဂရမ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ ကံ့ကော်မြိုင်ရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ အမှတ်(၈)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၂)ပြားအား လည်းကောင်း၊ လက်နက်များနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၂)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ မိုးမိတ်မြို့နယ်၊ ရမ်းဘိုကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၁၈၀၀၂)ဂရမ်၊ လေသေနတ်(၁)လက်၊ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ကျည်တောက်ပေါက်ကျေးရွာ၊ (၁)ရပ်ကွက်နေ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၀၀)ပြား၊ တူမီးသေနတ်(၂) လက်အား လည်းကောင်း၊ နိုင်ငံခြားသား ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ယခင် သီတင်းပတ်၌ဖော်ပြခဲ့သည့် မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ပြည်ပထွက်ခွာ Terminal 1 တွင် ပြည်ပသို့သယ်ယူသည့် Katamine(၃၉၀၀)ဂရမ် ဖမ်းဆီးရမိအမှုအား ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၌ ပါဝင်ပတ်သက်သူ ထိုင်ဝမ်(တရုတ်တိုင်ပေ) တရားခံအမျိုးသား(၁)ဦးအား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၁၇-၃-၂၀၁၉ ရက်နေ့မှ ၂၃-၃-၂၀၁၉ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း (၂၂၆)မှုတွင် တရားခံကျား (၂၈၃)ဦး၊ မ(၃၀)ဦး၊ ပေါင်း(၃၁၃)ဦးကို ဘိန်းဖြူ(၃၅၉၀.၃၀၂)ဂရမ်၊ ဘိန်းဖြူရည်(၂၀)လီတာ၊ ICE (၂၉၁၉.၀၅)ဂရမ်၊ စိတ်ကြွဆေးပြား(၂၄၆၁၁၂၈)ပြား၊ ဆေးခြောက် (၃၁၁.၉)ဂရမ်၊ ဘိန်း(၂၅၅၀၃.၅)ဂရမ်၊ ဘိန်းဆီခဲ(၁၁၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၀)ဂရမ်၊ ဘိန်းစာရွက်(၂၂၉)ဂရမ်၊ ဘိန်းစာမှုန့် (၂၈၅)ဂရမ်၊ သေနတ်မျိုးစုံ(၃) လက်တို့ ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည် -

**ဆက်သွယ်ရန် -**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀ ။)**

**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်**

**(၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရာဇသတ်ကြီးတွင် ပယ်ဖျက်ထားသော ပုဒ်မ ၁၅ ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"15. "Imprisonment for life" means imprisonment passed on a convicted person to serve in the prison until death."

၃။ ရာဇသတ်ကြီး ပုဒ်မ ၅၃ ၌ ပယ်ဖျက်ထားသော ဒုတိယတွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"Secondly.-- Imprisonment for life;"

၄။ ရာဇသတ်ကြီး ပုဒ်မ ၃၇၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"376. (1) Whoever commits rape except the offences of rape contained in sub-sections (2) and (3), shall be punished with imprisonment for a term of twenty years, or with imprisonment of either description for a term which may extend to ten years, and shall also be liable to fine.

Punishments for rape.

(2) Whoever commits rape against a woman who is his own wife and is not under twelve years of age, shall be punished with imprisonment of either description for a term which may extend to two years, or with fine, or with both.

(3) Whoever commits rape against a woman who is under twelve years of age shall be punished with imprisonment for life, or with imprisonment for a term of twenty years."

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေပြဋ္ဌာန်း

**နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေးဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁ ။)**

**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်**

**(၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့တွင် စတင်အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နယ်နိမိတ်** ဆိုသည်မှာ ဤဥပဒေအရ နိုင်ငံတော်အတွင်း မြေပြင်တွင် ပိုင်းခြားသတ်မှတ်ထားသည့် နယ်မြေအပိုင်းအခြားကို ဆိုသည်။

(ခ) **မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်** ဆိုသည်မှာ နယ်နိမိတ်ကြပ်မတ်ရေး အရာရှိက မြေတိုင်းတာရာနေရာများကို သော်လည်းကောင်း၊ မြေတိုင်းတာရာ အမှတ်အသားများကိုသော်လည်းကောင်း ယင်းမြေနယ်နိမိတ်ပေါ်တွင်ဖြစ်စေ၊ အတွင်းတွင်ဖြစ်စေ မြေကြီးပေါ်၌ သို့မဟုတ် မြေကြီးအတွင်း၌ မြှုပ်နှံစိုက်ထူ တည်ဆောက်ထားသည့် အုတ်တိုင်၊ ကျောက်တိုင်၊ အခြားတိုင်တစ်မျိုးမျိုး သို့မဟုတ် ပြွန်ကိုသော်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန သို့မဟုတ် မြေတိုင်းတာသည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုက ချမှတ်ထားသည့် မြေပြင်အမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။

(ဂ) **စာချုပ်စာတမ်း** ဆိုသည်မှာ အကြောင်းအရာတစ်ခုခုကို မှတ်သားအသုံးပြုရန် ကြံရွယ်၍ စာဖြင့်ဖြစ်စေ၊ ဂဏန်းဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ တစ်နည်းထက်ပိုသော နည်းများဖြင့်ဖြစ်စေ အရာဝတ္ထုတစ်ခုခုပေါ်တွင် ရေးသားထားသည့် သို့မဟုတ် ဖော်ပြထားသည့် စာတမ်းအမှတ်အသားတစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် သေတမ်းစာ၊ တရားရုံးဒီကရီနှင့် အမိန့်၊ သဘောတူချုပ်ဆိုသည့် ကတိစာချုပ်၊ ခံဝန်ချုပ်နှင့် အခြားစာတမ်းအမှတ်အသားတစ်ခုခုတို့လည်း ပါဝင်သည်။

(ဃ) **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ** ဆိုသည်မှာ ဤဥပဒေအရ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရာတွင် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်စိုက်ထူနိုင်ရေးအတွက် တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(င) **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ** ဆိုသည်မှာ ဤဥပဒေအရ မြေပြင်တွင် ပိုင်းခြားသတ်မှတ်ထားသည့် နယ်နိမိတ်ကို စိစစ်ပိုင်းခြား သတ်မှတ်ပေးနိုင်ရေးအတွက် တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(စ) **ကြော်ငြာစာ** ဆိုသည်မှာ အများပြည်သူ သို့မဟုတ် သက်ဆိုင်သူများ သိရှိစေရန်ဖြစ်စေ၊ လိုက်နာဆောင်ရွက်စေရန်ဖြစ်စေ နည်းလမ်းတကျ ဆောင်ရွက်ထားသော သတင်းပေးချက် သို့မဟုတ် အကြောင်းကြားချက်ကို ဆိုသည်။

(ဆ) **အဖွဲ့အစည်း** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရ မဟုတ်သော အဖွဲ့အစည်း၊ ကုမ္ပဏီ သို့မဟုတ် အသင်းအဖွဲ့ကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နိုင်ငံတော်အတွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများအတွင်းရှိ ကွင်း၊ အကွက်များ၏ မြေနယ်နိမိတ်များတိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းဆောင်ရွက်နိုင်စေရန်၊

(ခ) စိုက်ထူထားရှိသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များကို ထိခိုက်ပျက်စီးခြင်း၊ ပြောင်းလဲခြင်းမရှိစေရန်အတွက် ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်၊

(ဂ) တိုင်းတာပိုင်းခြား သတ်မှတ်ထားရှိသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်တို့အား ရာသီဥတုကြောင့်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် သော်လည်းကောင်း၊ အခြားအကြောင်းတစ်ခုခုကြောင့်သော်လည်းကောင်း ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့ပါက တိုင်းတာခြင်း၊ သတ်မှတ်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ဆောင်ရွက်နိုင်စေရန်။

**အခန်း(၃)**

**နယ်နိမိတ်များကိုတိုင်းတာခြင်း၊ သတ်မှတ်ခြင်းနှင့် ပြင်ဆင်ခြင်း**

၅။ နိုင်ငံတော်၏ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့၏ နယ်နိမိတ်သည်လည်းကောင်း၊ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာတို့၏ နယ်နိမိတ်သည်လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ထားသည့်အတိုင်း ဖြစ်သည်။

၆။ အောက်ပါနယ်နိမိတ်များတိုင်းတာခြင်း၊ သတ်မှတ်ခြင်းနှင့် ပြင်ဆင်ခြင်းများကို ဆောင်ရွက်ရာတွင် ဤဥပဒေနှင့်အညီ ဆောင်ရွက်ရမည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးသည့် မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ၏ နယ်နိမိတ်များ၊

(ခ) မြို့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာများအတွင်းရှိ ကွင်း သို့မဟုတ် အကွက်များ၏ နယ်နိမိတ်များ၊

(ဂ) ပုဒ်မခွဲ (ခ) ပါ နယ်နိမိတ်များအတွင်းရှိ ဦးပိုင်လုပ်ကွက် သို့မဟုတ် မြေကွက်များ၏ နယ်နိမိတ်များ။

**အခန်း(၄)**

**နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ၊ နယ်နိမိတ်သတ်မှတ်ရေးအရာရှိများခန့်ထားခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ**

၇။ (က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန် အကြောင်းကိစ္စရပ်သော်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့များ၌ မြို့မြေ၊ ကျေးရွာမြေတိုင်းတာရန် အကြောင်းကိစ္စပေါ်ပေါက်လျှင်သော်လည်းကောင်း မြေပြင်ကွင်းဆင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်သတ်မှတ်ရေးအရာရှိများကို ခန့်အပ်တာဝန်ပေးအပ်နိုင်သည်။

(ခ) နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်သည် အောက်ပါအကြောင်းကိစ္စများ ပေါ်ပေါက်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးနောက် မြေပြင်ကွင်းဆင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်သတ်မှတ်ရေးအရာရှိများကို ခန့်အပ်တာဝန်ပေးအပ်နိုင်သည်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခု၏ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် အကြောင်းကိစ္စပေါ်ပေါက်လာခြင်း၊

(၂) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်အကြောင်းကိစ္စ ပေါ်ပေါက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ထောက်ခံတင်ပြလာခြင်း။

(ဂ) နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့အတွင်းရှိ မြို့မြေ၊ ကျေးရွာမြေ တိုင်းတာရန် အကြောင်းကိစ္စပေါ်ပေါက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ထောက်ခံတင်ပြလာပါက နယ်နိမိတ်ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်သတ်မှတ်ရေးအရာရှိများကို ခန့်အပ်တာဝန်ပေးအပ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (က)၊ (ခ) သို့မဟုတ် (ဂ) အရ တာဝန်ပေးအပ်ရာတွင်-

(၁) နယ်နိမိတ်ကြပ်မတ်ရေးအရာရှိအဖြစ် အရာရှိမြေတိုင်းသင်တန်း သို့မဟုတ် တန်းမြင့် မြေတိုင်းသင်တန်း တက်ရောက်အောင်မြင်ပြီးဖြစ်သည့် သက်ဆိုင်ရာမြို့နယ်၌ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူးကိုသော်လည်းကောင်း၊ နေပြည်တော်၊ ရန်ကုန်မြို့တော် သို့မဟုတ် မန္တလေးမြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ်များ၌ သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနမှူးကို သော်လည်းကောင်း တာဝန်ပေးအပ်ရမည်။

(၂) နယ်နိမိတ်သတ်မှတ်ရေးအရာရှိအဖြစ် သက်ဆိုင်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးကို တာဝန်ပေးအပ်ရမည်။

**နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၈။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နယ်နိမိတ်ကို တိုင်းတာပိုင်းခြားသတ်မှတ်နိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်ရမည့် မြေသို့ဝင်ရောက်၍ လိုအပ်သောအချက်အလက်များကို ရယူခြင်းနှင့် လိုအပ်သည်များကို ဆောင်ရွက်ခြင်း၊

(ခ) တာဝန်ယူဆောင်ရွက်ရမည့် မြေကိုလည်းကောင်း၊ ယင်းမြေနှင့် တစ်ဆက်တစ်စပ်တည်းရှိသည့် မြေကိုလည်းကောင်း နယ်နိမိတ်ကို စစ်ဆေးရန် လိုအပ်ပါက ယင်းကိစ္စနှင့် သက်ဆိုင်သော မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမဆို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ အကူအညီဖြင့် ဆင့်ခေါ်ခြင်း၊

(ဂ) တာဝန်ယူဆောင်ရွက်ရမည့်မြေကို နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရန် နယ်နိမိတ်မျဉ်းကြောင်း သို့မဟုတ် အခြားမျဉ်းကြောင်း တစ်လျှောက်တွင် သစ်ပင်၊ ပန်းပင်၊ ချုံနွယ်၊ ခြံစည်းရိုး သို့မဟုတ် ပေါက်ရောက်လျက်ရှိသည့် ကောက်ပဲသီးနှံများကို ခုတ်လှဲ၊ ရိတ်သိမ်း၊ ဖယ်ရှားရန်ဖြစ်စေ၊ နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရာတွင် လိုအပ်သည့်အကူအညီ ရယူရန်ဖြစ်စေ၊ သင့်လျော်သူတစ်ဦးအား တာဝန်ပေးအပ်ရန်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) နယ်နိမိတ်မျဉ်းကြောင်းတစ်လျှောက် ရှင်းလင်းခြင်းနှင့်စပ်လျဉ်း၍ ခုတ်လှဲဖယ်ရှင်းရသည့် သစ်ပင်၊ ပန်းပင်၊ ချုံနွယ်၊ ခြံစည်းရိုး သို့မဟုတ် ပေါက်ရောက်လျက်ရှိသည့် ကောက်ပဲသီးနှံများ၏ ပျက်စီးဆုံးရှုံးမှု တန်ဖိုးများကို နယ်နိမိတ်သတ်မှတ်ရေးအရာရှိထံ တွက်ချက်တင်ပြခြင်း၊

(င) ပုဒ်မခွဲ (ဃ) ပါ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုအပေါ် အဆုံးအဖြတ်ပေးနိုင်ရေးအတွက် နယ်နိမိတ်သတ်မှတ်ရေးအရာရှိထံ တင်ပြခြင်း၊

(စ) နယ်နိမိတ်နှင့်စပ်လျဉ်း၍ သက်ဆိုင်သူများက မှတ်တမ်း၊ အထောက်အထား သို့မဟုတ် စာချုပ်စာတမ်းများ တင်ပြရန်ရှိပါက တင်ပြစေခြင်း၊

(ဆ) တာဝန်ယူဆောင်ရွက်ရမည့် မြေကိုလည်းကောင်း၊ ယင်းနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည့် မြေများကိုလည်းကောင်း ပိုင်ဆိုင်လုပ်ကိုင်နေသူ သို့မဟုတ် တစ်စုံတစ်ရာ အကျိုးစီးပွားကို ခံစားခွင့်ရှိသူကိုဖြစ်စေ၊ ယင်းမြေကို စီမံခန့်ခွဲအုပ်ချုပ်သူ သို့မဟုတ် ၎င်းနှင့်သက်ဆိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဖြစ်စေ၊ သိရှိစေရန် ကြော်ငြာစာထုတ်ပြန်၍ သက်ဆိုင်သူများထံ ဖြန့်ဝေခြင်း သို့မဟုတ် နယ်နိမိတ်သတ်မှတ်မည့် မြေနေရာနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတို့တွင် မြင်သာစွာ ကပ်ထားခြင်းတို့ကို ဆောင်ရွက်ရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား တာဝန်ပေးအပ်ခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

# စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ(၁/၂၀၁၉) ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၂၅**

စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ (၁/၂၀၁၉) ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ကဏ္ဍကြီး (၆) ရပ်ဖြစ်သည့် "ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး၊ ကုန်သွယ်မှုဆိုင်ရာဖြေလျှော့ပေးရေး၊ ကုန်သွယ်မှုပညာပေးရေး၊ စားသုံးသူအကာအကွယ်ပေးရေး"တို့ကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့်အပြင် SMEs ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ထပ်မံတာဝန်ယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းအတွင်း "နိုင်ငံဖြတ်ကျော်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများတွင် စားသုံးသူ ယုံကြည်မှုမြှင့်မားစေခြင်း" အရ စားသုံးသူ ဘေးကင်းလုံခြုံစေရေးအတွက် ကုန်စည်များအပေါ်တွင် သုံးစွဲပုံနှင့် ပတ်သက်သော သတင်း၊ အချက်အလက် သို့မဟုတ် ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရန် လိုအပ်သည့်အမိန့်ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်တွင် ထုတ်ပြန်ပေးခဲ့ပါကြောင်း၊ ယခုအခါ စားသုံးသူကာကွယ်ရေးဥပဒေသစ်ကို ၂၀၁၉ ခုနှစ်၊ မတ် ၁၅ ရက် (ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့)တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉/၂၀၁၉ ဖြင့် နိုင်ငံတော်မှ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံ စားသုံးသူကာကွယ်ရေးကော်မတီတွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံနိုင်ငံများနှင့်အတူ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ (၁/၂၀၁၉) ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

စားသုံးသူများနှင့် ဒေသဆိုင်ရာ စီးပွားရေးကို အကာအကွယ်ပေးနိုင်ရန်နှင့် လက်ရှိကာလတွင် စားသုံးသူ အရည်အသွေးပြည့်မီ စစ်မှန်သော ကုန်စည်များ ရယူသုံးစွဲနိုင်ရေး၊ နောင်ကာလများတွင် စားသုံးသူများ လုံခြုံစိတ်ချမှုရှိ၍ အရည်အသွေး ကောင်းမွန်သော ကုန်စည်များကို ရရှိနိုင်စေရန် ကုန်သွယ်မှု ဝင်၊ ထွက်ပေါက်များဖြစ်သည့် မူဆယ်မြို့တွင် စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်ပြီး နှစ်နိုင်ငံညှိနှိုင်း၍ ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံနယ်စပ်တွင် နစ်နာဆုံးရှုံးမှု မရှိစေရန် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး စင်တာကို ဖွင့်လှစ်၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း၊ ဥပဒေသစ်အရ **"စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီအစား စားသုံးသူကာကွယ်ရေးကော်မရှင်"** ကို အသစ်ပြန်လည်ဖွဲ့စည်း၍ စားသုံးသူရေးရာကော်မတီများကို ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လည်းကောင်း၊ လိုအပ်ပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသကြီးများနှင့် ခရိုင်များတွင် လည်းကောင်း ဆက်လက်ဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း၊ ယခုအသစ်ပြဋ္ဌာန်းလိုက်သည့် စားသုံးသူကာကွယ်ရေး ဥပဒေနှင့်ပတ်သက်၍လည်း အများပြည်သူသိရှိအောင် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ကွင်းဆင်းဆွေးနွေး အသိပညာပေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရှေ့ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရေးနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်

**ရန်ကုန် မတ် ၂၅**

၂၀၁၉ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက Global TB Report (2018)အရ တီဘီရောဂါသည် ကမ္ဘာတွင် ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်ပြီး မြန်မာနိုင်ငံသည် ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှု အများဆုံးနိုင်ငံ ၃၀ တွင် ပါဝင်နေသဖြင့်စာရင်းတွင် မပါရှိအောင် ဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ Global TB Report (2018) ၏ ခန့်မှန်းချက်အရ မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ်အတွင်း လူဦးရေတစ်သိန်းတွင် တီဘီရောဂါဖြစ်ပွားသူ ၃၅၈ ဦးရှိပြီး ၂၀၁၈ ခုနှစ် တီဘီ/အိပ်ချ်အိုင်ဗွီ စစ်တမ်းအရ တီဘီလူနာသစ်များ၏ ၉ ဒသမ ၃ ရာခိုင်နှုန်းသည် အိပ်ချ်အိုင်ဗွီ ကူးစက်နေသည်ကိုတွေ့ရှိရကြောင်း၊ ဆေးယဉ်ပါးတီဘီ စစ်တမ်းအရ တီဘီလူနာသစ်များ၏ ၅ ရာခိုင်နှုန်းတွင် ဆေးယဉ်ပါးတီဘီ ဖြစ်ပွားလျက်ရှိကြောင်း၊ ရောဂါကာကွယ် တားဆီးနှိမ်နင်းမှု လုပ်ငန်းများသည် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုမရှိဘဲ အောင်မြင်အောင် ဆောင်ရွက်နိုင်မည် မဟုတ်သည့်အတွက် ပြည်သူများ စိတ်ပါဝင်စားပြီး လူထုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ထူးချွန်ဆုရသူတစ်ဦးအား ဆုပေးအပ်စဉ်။ သတင်းစဉ်

ဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့တီဘီရည်မှန်းချက် (End TB)ကို ၂၀၃၅ ခုနှစ်တွင် ပြည့်မီနိုင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသော "End TB Strategy" ကို အခြေခံ၍ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး ငါးနှစ် မဟာဗျူဟာ စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး အခြေအနေများနှင့် ကိုက်ညီသော မဟာဗျူဟာများကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်း ၃၀ နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပြင်ပအထွေထွေရောဂါကုဆရာဝန် ၂၄၀၀ ခန့်လည်း တီဘီရောဂါတိုက်ဖျက်ရေးတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ တီဘီရောဂါဖြစ်ပွားမှု စာရင်းဇယားများရရှိမှသာ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်သဖြင့် တီဘီရောဂါဖြစ်ပွားမှု မဖြစ်မနေ သတင်းပေးပို့ရေး(Mandatory TB Case Notification) အတွက် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ကြော်ငြာစာ ထုတ်ပြန်ခဲ့ပြီး ပုဂ္ဂလိကဆေးရုံ/ဆေးခန်းများ၊ ပုဂ္ဂလိကဓာတ်ခွဲခန်းများမှ တီဘီရောဂါဖြစ်ပွားမှုများကို မဖြစ်မနေသတင်းပေးပို့ရန် လိုအပ်ကြောင်း။

နိုင်ငံတော်အစိုးရမှ တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများအတွက် ၁၉၉၅-၁၉၉၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၄ သန်း ခွင့်ပြုသုံးစွဲခဲ့ရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၅၅၆၈ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၄၂၄၁ သန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၄၀၀၀ ကျော်ခန့် ခွင့်ပြုပေးခဲ့ပြီး ၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ အမေရိကန်ဒေါ်လာ ၁၉ သန်းနှင့် 3MDG အဖွဲ့မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်းတို့ကို ပံ့ပိုးပေးခဲ့ကြောင်း၊ အဆိုပါ ဘဏ္ဍာငွေနှင့် ရန်ပုံငွေများကို စနစ်တကျ အကျိုးရှိထိရောက်စွာ အသုံးချဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက အမှာစကားပြောကြားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost က ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတီဘီအသင်း နာယက ပါမောက္ခ ဒေါက်တာကျော်မြင့်က တီဘီရောဂါတိုက်ဖျက်ရေးလှုပ်ရှားမှုနှင့် USAID အဖွဲ့မှ Mission Director Ms. Teresa McGhie က အဖွဲ့၏ တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများနှင့် ပံ့ပိုးကူညီမှုများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တီဘီရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် တက်ကြွလှုပ်ရှားမှု ထူးချွန်ဆုရမြို့နယ်များနှင့် ထူးချွန်ဆုရဓာတ်ခွဲမှူးများကို ဆုများပေးအပ်ကြပြီး အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ကျန်းမာရေး ဗဟုသုတတိုးပွားစေမည့် ပညာပေးပြခန်းများ၊ ကျန်းမာရေး ဟောပြောပွဲများ၊ သိလိုရာများကို မေးမြန်းဆွေးနွေးနိုင်မည့် အစီအစဉ်များ၊ ရွှေ့လျားဓာတ်မှန်စက်ဖြင့် တီဘီရောဂါ ရှိ/မရှိ အခမဲ့ဓာတ်မှန်ရိုက်ပေးခြင်းနှင့် အခမဲ့သလိပ်စစ်ဆေးခြင်း၊ HIV ပိုး ရှိ/မရှိ အခမဲ့စစ်ဆေးပေးခြင်းနှင့် ဖျော်ဖြေရေး အစီအစဉ်များကို ယခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သော "တီဘီရောဂါကင်းဝေးဖို့၊ ကဏ္ဍပေါင်းစုံလက်တွဲလို့၊ ယနေ့မှစဆောင်ရွက်စို့" ဆောင်ပုဒ်နှင့်အညီ ကျင်းပခဲ့သည်။

**သတင်းစဉ်**

## ကျောက်ဖြူမြို့နယ်၌ ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်

**ကျောက်ဖြူ မတ် ၂၅**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် အဝတောင်ကျေးရွာအုပ်စု အဝတောင်ကျေးရွာ မြေသား မိုးရေလှောင်ကန်တူးဖော်ခြင်းလုပ်ငန်းကို ယမန်နေ့က မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြေသားရေကန် ၁၁ ကန်နှင့် စိမ့်ရေသွယ်ခြင်း လုပ်ငန်းသုံးခုကို ကျေးရွာများတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြန်မာ့အလင်း**

# ရိုးရာလက်ဝှေ့ကျော် ထွန်းထွန်းမင်းနှင့် ထိုင်းလက်ဝှေ့ကျော် ထာနီလစ်တို့ ယှဉ်ပြိုင်ထိုးသတ်မည်

**ရန်ကုန် မတ် ၂၅**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး Sai Zaw Zaw Group က စီစဉ်ကျင်းပမည့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို လာမည့် မတ် ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူ ရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ အထူးစိန်ခေါ်ပွဲအဖြစ် ရိုးရာလက်ဝှေ့ကျော် ထွန်းထွန်းမင်းနှင့် ထိုင်းလက်ဝှေ့ကျော် ထာနီလစ်တို့ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

"ဒီရိုးရာ လက်ဝှေ့ပြိုင်ပွဲကြီးမှာ အဓိက စိန်ခေါ်ပွဲအဖြစ် ထွန်းထွန်းမင်းနဲ့ ကိုယ်အလေးချိန်၊ အရပ်အမောင်းကအစ မျှမယ့် ထိုင်းလက်ဝှေ့ကျော် ထာနီလစ်ကို ရွေးချယ်ခဲ့တာပါ။ ထာနီလစ်က ထွန်းထွန်းမင်းနဲ့ လက်ရည်မျှမယ်၊ ကြည့်ကောင်းမယ်၊ ပရိသတ်လည်း ကြိုက်မယ့် ပွဲကောင်းတစ်ပွဲလို့ ယူဆလို့ အခုလို အဓိကတွဲဆိုင်းအဖြစ် တွဲခဲ့တာပါ" ဟု အဆိုပါ ရိုးရာလက်ဝှေ့ပြိုင်ပွဲအား ဦးဆောင်ကျင်းပမည့် ဦးစိုင်းဇော်ဇော်က ပြောသည်။

ရန်ကုန်မြို့၌ ရိုးရာလက်ဝှေ့ပြိုင်ပွဲများ ကင်းကွာသွားသည်မှာ သုံးလကျော်ရှိပြီဖြစ်သည်။ ယခုကျင်းပမည့် ရိုးရာလက်ဝှေ့ပြိုင်ပွဲများတွင် အထူးစိန်ခေါ်ပွဲများအဖြစ် ထွန်းထွန်းမင်း (မြန်မာ) နှင့် ထာနီလစ်(ထိုင်း)၊ ဗျူဟ (မြန်မာ) နှင့် ကရင်လေး(TKO)၊ စောမူထော်ဂေး (မြန်မာ)နှင့် နာထဝပ်(ထိုင်း) တို့အပြင် ပြည်တွင်း အထူးစိန်ခေါ်ပွဲများအဖြစ် ကျွဲကြီး(ဟူးကောင်းကျား)နှင့် ရွှေဝင်း (A M T -2)၊ ဒိုးလေး (ရိုးရာပုဂံ)နှင့် စည်သူအောင် (ရွှေဘားလား)၊ ဆလိုင်းချမ်းမြေ့ကို( ရွှေဘားလား)နှင့် ရဲသွေးအောင် (အဖြူရောင်သွေးသစ်)၊ ကျားဇဟိန်း (ခြသေ့်မင်း)နှင့် ကိုကိုအောင် (တောင်ဇလပ်)၊ ကြယ်စင်ထွန်း(အဖြူရောင်သွေးသစ်)နှင့် ဇလပ်သွေး (တောင်ဇလပ်)တို့ ပါဝင်ကာ ရိုးရာလက်ဝှေ့ပွဲစဉ်စုစုပေါင်း ရှစ်ပွဲ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

"ဒီပွဲမှာ အကောင်းဆုံး ယှဉ်ပြိုင်ထိုးနိုင်ဖို့ ကြိုးစားပြင်ဆင်ထားပါတယ်။ တစ်ဖက်ပြိုင်ဘက်ရဲ့ အားနည်းချက်၊ အားသာချက်တွေကိုလည်း လေ့လာထားပါတယ်။ ဒါကြောင့် ဒီပွဲမှာ အကောင်းဆုံး ယှဉ်ပြိုင်ထိုးသတ်နိုင်မယ်လို့ထင်ပါတယ်။ ရိုးရာလက်ဝှေ့ကို ဒဏ်ရာရပြီးနောက်ပိုင်း နှစ်နှစ်ကျော်နီးပါးလောက် လေ့ကျင့်မှုနဲ့ ကင်းကွာခဲ့ပါတယ်။ အခုတော့ မူလအနေအထားအတိုင်း လေ့ကျင့်မှုအတော်လေးကောင်းနေပါပြီ။ ဒဏ်ရာရပြီးထိုးတာ သုံးပွဲလုံး သရေကျခဲ့ပါတယ်။ ဒီပွဲမှာတော့ အကောင်းဆုံးနဲ့ ပရိသတ်ကျေနပ်မှုရရှိအောင် ကြိုးစားယှဉ်ပြိုင်ထိုးသတ်သွားမှာပါ "ဟု မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့ကျော် ထွန်းထွန်းမင်းက ပြောသည်။

မတ် ၃၁ ရက်တွင် ကျင်းပမည့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် အထူးစိန်ခေါ်ပွဲ ရှစ်ပွဲအပြင် မျိုးဆက်သစ်ပြိုင်ပွဲများလည်း ထည့်သွင်းကျင်းပသွားမည် ဖြစ်သည်။ အဆိုပါ ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကြီးကို CANAL + မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ရုံအတွင်းသို့ ကိုယ်တိုင်လာရောက်အားပေးမည့်သူများအတွက် ရုံဝင်ကြေး တစ်သောင်း၊ နှစ်သောင်း၊ သုံးသောင်းနှုန်းထားများ သတ်မှတ်ပေးထားပြီး လက်မှတ်များ ကြိုတင်မှာယူလိုပါက ၀၉-၂၅၄၂၀၄၁၆၀ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**




မတ် ၃၁ ရက်တွင် ကျင်းပမည့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲအကြို သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။

# ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း တရုတ်ကို ရှုံးနိမ့်

**ရန်ကုန် မတ် ၂၅**

ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့အဖြစ် မြန်မာအသင်းနှင့် တရုတ်အသင်းသည် ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ တရုတ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ပထမပွဲကစားခဲ့သည့် ကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ဒုတိယပိုင်းတွင် ပေးလိုက်ရသည့်ဂိုးများကြောင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ တရုတ်အသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၅၀ တွင် လီဇူရှိ၊ ၅၂ မိနစ်တွင် လန်ကျန်းတို့က သွင်းယူခဲ့သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် ဗီယက်နမ်ကို နှစ်ဂိုး-တစ်ဂိုး၊ တရုတ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် နှစ်ပွဲစလုံး ရှုံးထားပြီး တရုတ်အသင်းမှာမူ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားသည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် မတ် ၂၇ ရက်တွင် ထိုင်းအသင်းနှင့် ကစားရမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

❍ *ကျော့ဖုံးမှ*

မကာအိုအသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့ပြီး ဂျပန်အသင်းမှာမူ မကာအိုအသင်းကို ရှစ်ဂိုးပြတ်၊ တီမောအသင်းကို ခြောက်ဂိုးပြတ်အနိုင်ရခဲ့သည်။ အကောင်းဆုံးအုပ်စုဒုတိယနေရာတွက်ချက်ရာတွင် အုပ်စု (F) တွင် သုံးသင်းသာ ပါဝင်သောကြောင့် အုပ်စုအောက်ဆုံးမှ ရလဒ်ကို ပယ်ဖျက်မည်ဖြစ်ရာ မြန်မာအသင်းအတွက် တီမောနှင့် မကာအိုပွဲရလဒ်မှာလည်း အရေးပါနေပြီး တီမောအသင်းအနိုင်ရပြီး တတိယနေရာရပါက မြန်မာအသင်းအနေဖြင့် အုပ်စုဒုတိယနေရာရပြီး ခြေစစ်ပွဲအောင်ရန် တွက်ချက်ရာတွင် ဂိုးကွာခြားချက်၌ အသာရမည်ဖြစ်သည်။

နောက်ဆုံးနေ့ကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် တီမောအသင်းနှင့် မကာအိုအသင်း၊ ညနေ ၆ နာရီတွင် မြန်မာနှင့် ဂျပန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ အသင်းနည်းပြချုပ် ပိုပေ့ါဗ်က "ဒီပွဲက ကျွန်တော်တို့အတွက် အလွန်အရေးကြီးပါတယ်။ ခြေစစ်ပွဲအောင်မြင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ။ ဂျပန်အသင်းက ကျွန်တော်တို့ထက် Level တစ်ခုပိုမြင့်ပြီး အနိုင်ရဖို့ဆိုတာအလွန်ကို ခက်ခဲမှာပါ။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ပုံမှန်ထက် ပိုကြိုးစားရမှာဖြစ်ပါတယ်။ ခြေစစ်ပွဲအောင်မြင်ဖို့ အစွမ်းကုန်ကြိုးစားမှာပါ" ဟု ပြောကြားခဲ့သည်။

**ညီမြတ်သော်တာ**

# အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်၏ ရာသက်ပန်ဂုဏ်ထူးဆောင်ဥက္ကဋ္ဌနှင့် Golden Award ဆုကို ဒေါက်တာခင်ရွှေအား ချီးမြှင့်

ရန်ကုန် မတ် ၂၅

**ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ရာဇမင်္ဂလာအားကစားကွင်း၌ ကျင်းပသည့် (၄၁)ကြိမ်မြောက် အာရှမြားပစ်ပြိုင်ပွဲတွင် ကမ္ဘာ့မြားပစ်အဖွဲ့ချုပ်က အရှေ့တောင်အာရှ ရာသက်ပန်ဂုဏ်ထူးဆောင်ဥက္ကဋ္ဌနှင့် Golden Award ဆုအား အာရှမြားပစ်အဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သည့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်နာယက ဒေါက်တာခင်ရွှေအား ယနေ့နံနက်ပိုင်းက အဆိုပါအားကစားကွင်း၌ ပေးအပ်ခဲ့ကြောင်း သိရသည်။**

အဆိုပါဆုကို ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Sanguan Kosavinta က မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်နာယက ဒေါက်တာခင်ရွှေအား ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲတွင် ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Tom Delan က ကမ္ဘာ့မြားပစ်ပြိုင်ပွဲတစ်ခုကို မြန်မာနိုင်ငံတွင် ကျင်းပမည်ကိုသိရှိရသည့်အတွက် ကျေးဇူးတင်ပါကြောင်း ၊ မိမိအနေဖြင့်လည်း မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ကို အစစအရာရာ ကူညီပံ့ပိုးပေးမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အိုလံပစ် ငါးကြိမ်တိုင်တိုင် ဆက်တိုက်ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ကို အထူးပင်ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပပြုလုပ်မည့် အိုလံပစ်ပြိုင်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်မည်ဟု ယုံကြည်ပါကြောင်း ဂုဏ်ပြုပြောကြားသည်။

မတ် ၂၄ ရက်မှ ၃၁ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ရာဇမင်္ဂလာအားကစားကွင်းတွင် ကျင်းပနေသည့် ကမ္ဘာ့အဆင့် သတ်မှတ်ရေးအတွက် အာရှဖလား မြားပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦး ဦးဆောင်ပြီး နည်းပြလေးဦး၊ အားကစားသမား ၁၁ ဦးတို့ သွားရောက်ခဲ့သည်။



မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်နာယက ဒေါက်တာခင်ရွှေအား Golden Award ဆုချီးမြှင့်စဉ်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပနေသည့် (၄၁)ကြိမ်မြောက် အာရှဖလား မြားပစ်ပြိုင်ပွဲတွင် တရုတ် ၊ ဂျပန်၊ ကိုရီးယား၊ မြန်မာအပါအဝင် နိုင်ငံပေါင်း ၂၄ နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **ဖိုးသော်ဇင်**

# မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲတွင် အင်ဒိုနီးရှား အနိုင်ရ

**ရန်ကုန် မတ် ၂၅**

ဖီဖာအသိအမှတ်ပြု နိုင်ငံတကာခြေစမ်းပွဲအဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေ ၆ နာရီက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပရာ အင်ဒိုနီးရှားအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းနည်းပြချုပ် ဦးမျိုးမင်းထွန်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး တရုတ်(တိုင်ပေ)နှင့်ပွဲတွင် ပွဲထွက်ခဲ့သည့် ဇော်မင်းထွန်း၊ လှိုင်းဘိုဘို၊ ဝင်းနိုင်စိုး၊ မောင်မောင်လွင်၊ ရန်နိုင်ဦး၊ သက်နိုင်၊ ပြည့်ဖြိုးဇော်တို့ကို ပြန်လည်အသုံးပြုကာ အောင်သူ၊ ငြိမ်းချမ်းအောင်၊ ကျော်ဇင်ဖြိုး (ဂိုး)နှင့် ဟိန်းနေဆန်းတို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။

အင်ဒိုနီးရှားအသင်းသည် ပွဲစကတည်းက မြန်မာအသင်းဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ပြီး တိုက်စစ်တွဲလုံးများကို မြန်မာခံစစ် ခက်ခက်ခဲခဲထိန်းချုပ်ခဲ့ရသည်။ ၃၅ မိနစ်အတွင်း ဂိုးရနိုင်သည့် အခွင့်အရေး ငါးကြိမ်ထက်မနည်း အင်ဒိုနီးရှားအသင်း ဖန်တီးနိုင်ခဲ့ပြီး မြန်မာဂိုးသမား ကျော်ဇင်ဖြိုး ကာကွယ်နိုင်ခဲ့ခြင်းကြောင့် မြန်မာအသင်း စောစီးစွာ ဂိုးမပေးခဲ့ရခြင်းဖြစ်သည်။ မိနစ် ၄၀ တွင် အင်ဒိုနီးရှားအသင်း ဂိုးစရခဲ့ပြီး မြန်မာအသင်းခေါင်းဆောင် လှိုင်းဘိုဘို၏ အမှားမှတစ်ဆင့် လီလီပါလီ ဘောလုံးရသွားပြီး ဖန်တီးပေးမှုကို အန်ဝိုကိုလိုက သွင်းယူခဲ့ခြင်းဖြစ်သည်။ ၄၂ မိနစ်တွင် တိုက်စစ်မှူး အောင်သူကြောင့် မြန်မာအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့သော်လည်း ငြိမ်းချမ်းအောင်၏ ကန်သွင်းမှုကို အင်ဒိုနီးရှားဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ ဒုတိယပိုင်း ၈၃ မိနစ်တွင် အင်ဒိုနီးရှားအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး ဆာပါဆိုဂျီဗစ်က ဒုတိယဂိုး သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း ချေပဂိုးရနိုင်သည့် အခွင့်အရေးအချို့ ပြန်ရခဲ့သော်လည်း အဆုံးသတ် အားနည်းသောကြောင့် ဂိုးမရဘဲ အရေးနိမ့်ခဲ့သည်။

**ညီမြတ်သော်တာ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ယူရို ၂၀၂၀ ခြေစစ်ပွဲ ဂျာမနီအသင်းအနိုင်ရ**

ယမန်နေ့က ယူရို ၂၀၂၀ ခြေစစ်ပွဲအဖြစ် အုပ်စု (C) ၌ နယ်သာလန်နှင့် ဂျာမနီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျာမနီအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အုပ်စု (I) ၌ ဆိုက်ပရပ်စ်နှင့် ဘယ်လ်ဂျီယံအသင်းတို့ပွဲစဉ်တွင်လည်း ဘယ်လ်ဂျီယံအသင်းက ဟာဇက်၊ ဘတ်ရှူအာရီတို့၏ သွင်းဂိုးများဖြင့် ဆိုက်ပရပ်စ်အသင်းအား နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့ကြောင်း ဖော်ပြထားသည်။

**ရီးရဲမက်ဒရစ်အသင်း အဆန်စီယိုအား ရောင်းထုတ်သွားမှာမဟုတ်**

ရီးရဲမက်ဒရစ်အသင်းနည်းပြ ဇီဒန်းသည် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရန် ချိတ်ဆက်ခြင်းခံနေရသော အသက် ၂၃ နှစ်အရွယ် စပိန်ကွင်းလယ်ကစားသမား အဆန်စီယိုအား အသင်းက ရောင်းထုတ်သွားမှာမဟုတ်ဟု ပြောကြားလိုက်ကြောင်း မေရာတွင် ဖော်ပြထားသည်။

**မန်ယူ၊ အာဆင်နယ်နှင့် တော့တင်ဟမ်အသင်းတို့ အန်ဒါဆန်အား စောင့်ကြည့်**

မန်ယူ၊ အာဆင်နယ်နှင့် တော့တင်ဟမ်အသင်းတို့သည် ဆမ်ဒိုးရီးယားအသင်းမှ ဒိန်းမတ်ခံစစ်ကစားသမား အန်ဒါဆန် (၂၂နှစ်) အား ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေကြောင်း ကယ်လ်စီယိုမာကာတို၏ ဖော်ပြချက်အရ သိရသည်။

**အာဆင်နယ်အသင်း အရီဘိုအား ခေါ်ယူရန် စီစဉ်**

အာဆင်နယ်အသင်းသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ချာလ်တန်အက်သလက်တစ်အသင်းမှ ကွင်းလယ်ကစားသမား ဂျိုး အရီဘို (၂၂နှစ်) အား ခေါ်ယူရန် စီစဉ်နေကြောင်း မေရာတွင် ဖော်ပြထားသည်။

**အာဆင်နယ်ကင်းထောက်များ ဘာရယ်လ်လာ၏ ခြေစွမ်းအား စောင့်ကြည့်ခဲ့**

အာဆင်နယ်ကင်းထောက်များသည် ယူရို ၂၀၂၀ ခြေစစ်ပွဲစဉ်အဖြစ် အီတလီအသင်းက ဖင်လန်အသင်းကို နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သောပွဲစဉ်၌ အသင်းအတွက် ပွဲချိန်ခုနစ်မိနစ်တွင် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ကတ်ဂလီယာရီအသင်းမှ ကွင်းလယ်ကစားသမား ဘာရယ်လ်လာ (၂၂နှစ်) ၏ ခြေစွမ်းအား စောင့်ကြည့်ခဲ့ကြောင်း မက်ထရိုတွင် ဖော်ပြထားသည်။

**ဂျူဗင်တပ်စ်အသင်း ဗာရာနီအား ခေါ်ယူဖွယ်ရှိ**

ဂျူဗင်တပ်စ်အသင်းသည် အသက် ၂၅ နှစ်အရွယ် ပြင်သစ်ခံစစ်ကစားသမား ဗာရာနီက ၎င်းအနေဖြင့် ရီးရဲမက်ဒရစ်အသင်းမှ ထွက်ခွာချင်သည်ဟု အသင်းဖော်များအား ပြောကြားပြီးနောက် အဆိုပါကစားသမားကို ခေါ်ယူဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# မောင်တောမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၅**

မောင်တောမြို့ ရွာသစ်ကေရပ်ကွက် အလယ်ကျေးရွာရှိ အူလာမျှာ၏ နေအိမ်မှ ကာလတန်ဖိုးငွေကျပ် ၁၉၄၆ ဒသမ ၁ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၇၀၅ ပြားကို မတ် ၂၄ ရက် မွန်းလွဲပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် သတင်းအရ မတ် ၂၄ ရက် မွန်းလွဲ ၁ နာရီခွဲက မောင်တောမြို့ရွာသစ်ကေရပ်ကွက် အလယ်ကျေးရွာ နေအူလာမျှာ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ် လှေကားအောက်ရှိ အုတ်ခဲပုံအတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေး ၉၇၇၀၅ ပြားအား သိမ်းဆည်းရမိခဲ့သည်။

အလားတူ အဆိုပါပူးပေါင်းအဖွဲ့သည် ယင်းနေ့ည ၆ နာရီ ၁၅ မိနစ်က မောင်တောမြို့ ရွာသစ်ကေရပ်ကွက်နေ မာမတ်ဇာဘေရ်၏ လက်ဖက်ရည်ဆိုင်သို့ ဝင်ရောက်ရှာဖွေရာ လက်ဖက်ရည် ဖျော်စင်အနီး မီးဖိုအောက်၌ မြေကျင်းတူး၍ မြှုပ်ထားသည့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ အား သိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

**အူလာမျှာ၊ ရှာရုခါန်နှင့် မာမတ်ဇာဘေရ်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**



## မြန်မာ့ရုပ်မြင်သံကြား

၂၆-၃-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - ပြည်သူ့အတွက်ဥပဒေ စကားဝိုင်း“သက်ကြီးရွယ်အိုများနှင့် ဥပဒေ”
- ၉း၃၅ - မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ်
- ၁၁း၁၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် “ဒယ်ဒီဖားကင်”(မြင့်မြတ်၊ လွင်မိုး၊ အိချောပို၊ ရဲအောင်၊ ပွင့်)(ဒါရိုက်တာ-နေပိုင်)
- ၁၅း၀၀ - မတ်လအတွက်မိုးလေဝသ အစီအစဉ်

**ညပိုင်း**

- ၁၆း၃၅ - မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာစကားဝိုင်း
- ၁၇း၀၅ - “ကြယ်ရောင်လမ်း”(၁၀)
- ၁၇း၂၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၇း၄၅ - AFC U -23 Championship(2020) Qualifier ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(မြန်မာ ယူ- ၂၃ အသင်းနှင့် ဂျပန် ယူ -၂၃ အသင်း)**
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ပညာရေးစကားဝိုင်း
  - “နည်းပညာနှင့်သက်မွေးပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများ”
  - အနုပညာခန်းရိပ်သာ “အကယ်ဒမီစန္ဒရားလုထွဋ် အကြောင်း”
  - နိုင်ငံခြားဇာတ်လမ်းတွဲ “ရောင်စဉ်ဖြာသောအချစ်” (အပိုင်း-၁၇)

# ရွှေဘိုမြို့၌ လူသတ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိ

**ရွှေဘို မတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ လူတစ်ဦးအား ရက်စက်စွာသတ်ဖြတ်သွားသူများအား ယနေ့နံနက် ၁၀ နာရီခွဲက ဖမ်းဆီးရမိခဲ့ကြောင်း ရွှေဘိုမြို့မ ရဲစခန်းမှူး ဒုရဲမှူးမြင့်မောင်ထံမှ သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၆ ရက် ညနေ ၅ နာရီခွဲက ရွှေဘိုမြို့အမှတ်(၁၀)ရပ်ကွက် ကြို့ပြင်ကုန်းရပ်ကွက် သက္ကယ်တန်းချောင်း ကမ်းပါးယံကြားတွင် လူတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သတင်းအရ ရွှေဘိုခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ငွေတိုးဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။ သေဆုံးသူမှာ ရွှေဘိုမြို့ အမှတ်(၁၀) ရပ်ကွက် ထူထောင်ရေးရပ်နေသူ အောင်ကျော်ထက်(ခ) ထက်ထက် ( ၃၀ နှစ်) ဖြစ်ကြောင်း သိရသည်။

ဆက်လက်စုံစမ်းရာ မတ်၁၆ရက် မွန်းလွဲ ၁၂ နာရီခွဲက သေဆုံးသူမှာ နေအိမ်မှ တစ်ဦးတည်းထွက်သွားစဉ် ဖုန်းတစ်လုံးပါသွားကြောင်း သိရှိရသဖြင့် မြို့ပေါ်ရှိ ဖုန်းဆိုင်များထံ ဆက်သွယ်စုံစမ်းရာ မတ်၂၃ ရက် ည ၇ နာရီက ရွှေဘိုမြို့အမှတ်(၁) ရပ်ကွက်ရှိ ဖုန်းဆိုင်တစ်ဆိုင်၌ အခင်းဖြစ်စဉ်က ပါရှိသွားသော ဖုန်းအား မတ် ၁၆ ရက် ည ၇ နာရီ မိနစ် ၂၀ က လူငယ်သုံးဦး လာရောက်ရောင်းချသွားကြောင်း သိရှိခဲ့ရသည်။

အဆိုပါလူငယ်သုံးဦးမှာ ရွှေဘိုမြို့ နေသူများဖြစ်ကြသည့် နေလင်းအောင် (၁၉ နှစ်)၊ ဟိန်းမိုးဇော် ( ၁၈ နှစ်)နှင့် ထိန်လင်းသူ(ခ) ပုံတို ( ၁၈ နှစ်)တို့ဖြစ်ကြောင်း သိရှိရသဖြင့် လိုက်လံဖမ်းဆီးရာ နေလင်းအောင်ကိုမတ်၂၄ ရက် နံနက် ၄ နာရီတွင်လည်းကောင်း၊ ဟိန်းမိုးဇော်နှင့် ထိန်လင်းသူ (ခ) ပုံတိုတို့ကို မတ် ၂၅ ရက် နံနက်၁၀ နာရီခွဲက လည်းကောင်း သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား ရွှေဘိုမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# အင်းတော်၊ ကွတ်ခိုင်နှင့် လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၅**

အင်းတော်မြို့နယ် နဘားရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၄ ရက် နံနက်ပိုင်းက ရွှေဘို- မြစ်ကြီးနား ကားလမ်းနံဘားလမ်းဆုံတွင် ဝင်းကျော်မောင်နှင့်ပြီး ဦးမြရီ (ခ) သန်းဝင်းနှင့် ကျော်ဇင်မြင့်တို့ လိုက်ပါလာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၄၃၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၃၃ ပြားတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ မတ် ၂၃ ရက် မွန်းလွဲ ၂ နာရီက တပ်မတော်မှ ကွတ်ခိုင်မြို့နယ် မုံးစီးအပိုင် နမ့်တောင်းကျေးရွာအနီးရှိ တောင်ယာတဲဟောင်းအား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၉၇၅ ပြား၊ ဘိန်းဖြူ ၂၀၀ ဂရမ်၊ ပစ္စတိုသေနတ် တစ်လက်၊ ယင်းကျည်ငါးတောင့်နှင့် ကျည်အိမ်တစ်ခုတို့ကို လည်းကောင်း။

ထို့အတူ မတ် ၂၁ ရက် ည ၉ နာရီခန့် က တပ်မတော်မှ လားရှိုးမြို့နယ် မန်နား ကျေးရွာအနီးတွင် အမျိုးသားတစ်ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ် ကိုရှာဖွေရန် ရပ်တန့်ခိုင်းစဉ် လွယ်အိတ်အားပစ်ချပြီး မောင်းနှင်ထွက်ပြေးသွားသဖြင့် ယင်းလွယ်အိတ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဟိုင်းကြီးကျွန်းမြို့အနီးပင်လယ်ပြင်တွင် ရေယာဉ်တစ်စင်းနစ်မြုပ်ကာ တစ်ဦးပျောက်ဆုံးနေ

**ဟိုင်းကြီးကျွန်း မတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကင်းဂူကျေးရွာ၏ အနောက် မြောက်ဘက် ၁ ဒသမ၇ မိုင်ခန့်အကွာ ပင်လယ်ပြင်တွင် ရေယာဉ်တစ်စင်းဝမ်းဗိုက်ပေါက်ကာ တိမ်းစောင်းနစ်မြုပ်သွားသဖြင့် ရေယာဉ်ပေါ်ပါ လုပ်သားတစ်ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

**ရေဝင်ပျက်စီး**

ဖြစ်စဉ်မှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂ရက်က ငရုတ်ကောင်းမြို့ သမ္ဘာန်လေးကျေးရွာအနီး ရေဝင်ပျက်စီးသွားသည့် မလေးရှားနိုင်ငံပိုင် MV. Arctic Stream ရေယာဉ်ကို မြန်မာနိုင်ငံမှ Overseas Marine Engineering Co.Ltd က တာဝန်ယူဖျက်ဆီးကာ လက်ထောက်ရေယာဉ်မှူး ဦးဇော်နိုင်ဝင်းပါ လုပ်သားလေးဦးက Tug Boat လော်ပန်- ၆ ရေယာဉ်ဖြင့် လည်းကောင်း၊ လုပ်သား ၁၅ ဦးလိုက်ပါ၍ သင်္ဘောဖျက်လုပ်ငန်းမှ သံပြားတန် ၂၀၀၊ တန် ၈၀ ရှိ ကရိန်းနှစ်စီး၊ ဘက်ဟိုးတစ်စီးတို့ကို Barge CBR 0740 ရေယာဉ်ဖြင့် တင်ဆောင်၍ လည်းကောင်း မတ် ၂၄ ရက် နံနက် ၁၀ နာရီခွဲခန့်က သမ္ဘာန်လေးကျေးရွာအနီးမှ ထွက်ခွာလာခဲ့ကြကြောင်း သိရသည်။

**တိမ်းစောင်းနစ်မြုပ်**

ထို့နောက် မတ် ၂၄ ရက် ညနေ ၄ နာရီခန့်တွင် Barge CBR 0740 ရေယာဉ်မှာ ဟိုင်းကြီးကျွန်းမြို့ ကင်းဂူကျေးရွာ၏အနောက် မြောက်ဘက် ၁ ဒသမ ၇မိုင် ခန့်အကွာ ပင်လယ်ပြင်ရှိ ရေလယ်ကျောက်တန်းပေါ်သို့ လှိုင်းလေကြောင့်တင်သွားခဲ့ပြီး ရေယာဉ်ဝမ်းဗိုက်ပေါက်ကာ တိမ်းစောင်းနစ်မြုပ်သွားသဖြင့် ရေယာဉ်ပေါ်ပါ လုပ်သား ၁၅ ဦး အနက် ၁၄ ဦးကို ကယ်ဆယ်နိုင်ခဲ့သော်လည်း ဒလမြို့နယ်နေသူ မောင်ဝေလုမှာ ပျောက်ဆုံးနေကြောင်း သိရသည်။

အဆိုပါရေ ယာဉ်နစ်မြုပ်ခဲ့သည့်နေရာသို့ စစ်ရေယာဉ်တစ်စင်းလာရောက်ကာ ပျောက်ဆုံးနေသော ရေလုပ်သားတစ်ဦးကို ကူညီရှာဖွေနေကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# မူဆယ်မြို့(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်တွင် အမိုနီယမ်နိုက်ထရိတ် ကီလိုနှစ်သောင်းကျော် ဖမ်းမိ

**မူဆယ် မတ် ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ (၁၀၅)မိုင်ကုန်သွယ်ရေးဇုန် သွင်းကုန်စစ်ဆေးရေးစခန်းတွင် မတ် ၂၂ရက်က အမိုနီယမ်နိုက်ထရိတ် ကီလိုနှစ်သောင်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အကောက်ခွန်ဦးစီးဌာနမှ ဦးစီးအရာရှိဦးမင်းအောင် ဦးစီးအဖွဲ့သည် မတ် ၂၂ ရက်က မူဆယ်ဘက်မှ လားရှိုးဘက်သို့ မောင်းနှင်လာသည့် 1M/--- ၂၂ ဘီးယာဉ်အားစစ်ဆေးခဲ့ရာ ယာဉ်ပေါ်မှ အမိုနီယမ်နိုက်ထရိတ် ၂၂၈၀၀ ကီလိုအား ဖမ်းဆီးရမိခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားကြောင်း သိရသည်။

**ဇန်ရိုးထန်(မြန်/ဆက်)**

# မြေအောက်ဆက်သွယ်ရေး ကေဘယ်ကြိုး ခိုးယူသူများအား ဖမ်းဆီးရမိ

**ပြင်ဦးလွင် မတ် ၂၅**

ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်အတွင်းရှိ မြောက်ပိုင်းအိမ်ရာအိတ်ချိန်းမှ ရတနာပုံဆိုက်ဘာစီးတီး တက္ကသိုလ်သို့ ဆက်သွယ်ထားသည့် မြေအောက်ဆက်သွယ်ရေး ကေဘယ်ကြိုးအရှည် မီတာ ၁၃၀၀ ခန့်၊ တန်ဖိုးငွေကျပ်သိန်း ၂၆၀ ခန့်သည် မတ်လပထမပတ် အတွင်းက ပျောက်ဆုံးသွားသဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဌာန (ပြင်ဦးလွင်)မှ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်က စုံစမ်းအရေးယူပေးရန် ပြင်စာနယ်မြေရဲစခန်းသို့ တိုင်တန်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြင်စာနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သက်ခိုင်ဦး၊ ရတနာပုံတယ်လီပို့ လှုပ်ရှားရဲကင်းမှူးများနှင့် အဖွဲ့တို့ကစုံစမ်းဖော်ထုတ်ခဲ့ရာ မတ် ၇ ရက်တွင် ပြစ်မှုကျူးလွန်သူ အောင်ညီညီဝင်း(၄၅ နှစ်)၊ ဝင်းဗိုလ်(၃၉ နှစ်)၊ အောင်ကျော်မင်း (၃၃ နှစ်)၊ ကတုံး(ခ)စိုးနွဲ့အောင်(ခ) စိုးထွန်းအောင်(၃၃ နှစ်)၊ ဇေယျာလင်း (ခ) ဘုလုံး(ခ) ဘုကန့်လန့် (၃၈ နှစ်)၊ ဇေယျာ(ခ) ဇေယျာမင်းဇင်ထွန်း (၂၅ နှစ်) တို့ ခြောက်ဦးအား ဖမ်းဆီးရမိခဲ့သဖြင့် အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ၊ စိတ်ချမ်းသာ။**

## ဂွမြို့နယ်၌ လက်နက်ကိုင်ဆောင်၍ မူးယစ်ရမ်းကားသူအား အရေးယူ

**ဂွ မတ် ၂၅**

ဂွမြို့နယ် အလယ်ချောင်းကျေးရွာတွင် မတ် ၂၂ ရက်က ဂွမြို့ ရွာမရပ်ကွက် မဟာမြိုင်လမ်းနေ သင်းကိုအောင် (၂၇ နှစ်)သည် အများပြည်သူသွားလာသော လမ်းမပေါ်တွင် အရိုးအသွားရှစ်လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း ကိုင်ဆောင်ကာ မူးယစ်ရမ်းကားနေသဖြင့် ဂွမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ် အောင်ဖြိုးဝေထံမှ သိရသည်။

**ဂွ(မြန်/ဆက်)**

# ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မြို့နယ်များမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၅**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (CMRS) ဖြင့် သတင်းပေးပို့ချက်အရ မတ် ၁၈ ရက်မှ ၂၁ ရက်အထိ နယ်မြေရှင်းလင်းခြင်းဆောင်ရွက်ရာ ရှမ်းပြည်နယ် မိုင်းဆတ်မြို့နယ် မယ်နင်အုပ်စု နောင်ဖာကျေးရွာ အရှေ့ဘက်မှကားနှစ်စီး၊ ဘက်ဟိုးတစ်စီး၊ ဆိုင်ကယ်သုံးစီး၊ တရားမဝင်ပိတောက်ခွဲသား ၁၉၆ တုံး ၁၈ ဒသမ ၆၅၆၂ တန်အား လည်းကောင်း၊ မဘိမ်းမြို့နယ် နမ့်ဟွန်ကျေးရွာ အနောက်မြောက်ဘက်နှစ်မိုင်ခန့်အကွာမှ တရားမဝင်ကျွန်းသစ်ခွဲသား ၂၁၉၇ လုံး၊ ချောင်း ၉ ဒသမ ၄၅၅၄ တန်၊ အင်ဂျင်တစ်လုံး၊ ဒိုင်နမိုတစ်လုံး၊ လွှဝိုင်းလေးချပ်၊ သစ်ဖြတ်မော်တာတစ်လုံးအားလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် တင်းဝါးကြိုးဝိုင်းနှင့် ကန္တီကြိုးဝိုင်း ကျွန်းလှမြို့နယ် နန်းဘရန်း ကြိုးဝိုင်းတို့အတွင်းမှ တရားမဝင် သစ်စက်လေးလုံးနှင့်ကျွန်း၊ ပျဉ်းကတိုးခွဲသား စုစုပေါင်း ၅၄ ဒသမ ၁၅၅၈ တန်အား လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရိုးမကြိုးပြင် ကာကွယ်တောအတွင်းမှ တရားမဝင်ကျွန်းသစ်ခွဲသား၊ လုံးပတ်သုံးပေအောက်သစ် စုစုပေါင်း ၆၂ လုံး၊ ချောင်း ၆ ဒသမ ၃၇၀၀ တန်အား လည်းကောင်း၊ မတ် ၂၂ ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာ Sanyosep ကျမ်းစာသင်ကျောင်းအနီး ဝန်းကျင်မှအခြား သစ်၊ ခွဲခြမ်းစုစုပေါင်း ၃၇လုံး/ခြမ်း ၃၆ ဒသမ ၅၄၄၀ တန်တို့အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သည်။

အလားတူ မတ် ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အမှတ် (၁၈) ရပ်ကွက် ငွေတောင်ဦးကျောင်းတိုက်တွင်း ဝင်ရောက်ရှာဖွေရာ ဆယ်ဘီးယာဉ် ယာဉ်အမှတ် MDY/8l----- ပေါ်တွင် တရားမဝင်ကျွန်းခွဲသား၊ ပျဉ်းကတိုးခွဲသား၊ ကျွန်းတံခါးရွက်၊ ပျဉ်းကတိုးပွတ်လုံး၊ ပျဉ်းကတိုး ကျည်းပေါင် စုစုပေါင်း ၆ ဒသမ ၅၄၉၆ တန်နှင့် ပြစ်မှုကျူးလွန်သူနှစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# ထိုင်းရွေးကောက်ပွဲပါတီနှစ်ခုစလုံးမှာ အကြိတ်အနယ်ယှဉ်ပြိုင်ကြလျက်ရှိ

**ဗန်ကောက် မတ် ၂၅**

ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် အောက်လွှတ်တော်အတွက် ယှဉ်ပြိုင်ရာ၌ ထိုင်းတပ်မတော်ကို လိုလားသော ဖလန်းပရချားရတ်ပါတီနှင့် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ကို လိုလားသော ပါတီတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပါတီနှစ်ဖက်စလုံးမှာ မဲရလဒ်ကွာခြားမှု အနည်းငယ်သာရှိကြောင်း သိရသည်။

ထိုင်းတပ်မတော်ကိုလိုလားသောပါတီက ညွန့်ပေါင်းအစိုးရဖွဲ့ရန် ဆွေးနွေးမှုတွင်ပါဝင်လာနိုင်ဖွယ်ရှိသည်ဟု ဒေသတွင်း မီဒီယာများက ဖော်ပြကြသည်။

ယခုတစ်ကြိမ်ရွေးကောက်ပွဲသည် ထိုင်းတပ်မတော်က အာဏာသိမ်းခဲ့ပြီး ငါးနှစ်အကြာ ပထမဆုံးအကြိမ် ကျင်းပသော ရွေးကောက်ပွဲလည်း ဖြစ်သည်။

အောက်လွှတ်တော်အမတ် နေရာပေါင်း ၅၀၀ အတွက် အနိုင်ရရှိမှု ရလဒ်အားလုံးကို မကြေညာရသေးပေ။ သို့သော် ဒေသတွင်းမီဒီယာများ၏ ဖော်ပြချက်အရ မဲအရေအတွက် ၉၃ ရာခိုင်နှုန်းအထိရေတွက်ပြီးချိန်တွင် သက်ဆင်ကိုထောက်ခံသည့် ဖြူထိုင်းပါတီက ၁၂၉ နေရာရရှိခဲ့ပြီး ထိုင်းတပ်မတော်ကို လိုလားသည့် ပါတီက ၁၁၆ နေရာရရှိခဲ့ကြောင်း ပြောသည်။

ပါတီနှစ်ခုစလုံးမှာ အပြတ်အသတ် အနိုင်ရရှိဖွယ်မရှိပေ။ အထက်လွှတ်တော်အတွက် ဥပဒေပြုလွှတ်တော်အမတ် ၂၅၀ ခန့်မှာ ထိုင်းတပ်မတော်မှ ခန့်အပ်ထားခြင်း ဖြစ်သည်။

အကယ်၍ ထိုင်းတပ်မတော်ကို လိုလားသည့်ပါတီက အောက် လွှတ်တော်တွင် ၁၂၆ နေရာရရှိခဲ့ပါက လွှတ်တော်နှစ်ရပ်စလုံးတွင် အဓိကနေရာများကိုကာကွယ်နိုင်မည်ဖြစ်ပြီး ဝန်ကြီးချုပ်လည်း ခန့်အပ်နိုင်မည်ဖြစ်သည်။ ထိုသို့ဆိုလျှင် ဝန်ကြီးချုပ် ပရာရွတ်မှာ အစိုးရအဖွဲ့ကို ဆက်လက်ထိန်းချုပ်နိုင်မည်ဖြစ်သည်။

ဖြူထိုင်းပါတီကလည်း အောက်လွှတ်တော်တွင် အနိုင်ရရှိရန် ကြိုးစားနေပြီး ဝန်ကြီးချုပ်ခန့်အပ်လျှင် အယုံအကြည်မရှိ အဆိုတင်သွင်းခံရခြင်းကို ဖြတ်ကျော်နိုင်မည် ဖြစ်သည်။ ရွေးကောက်ပွဲနောက်ဆုံးရလဒ်များကို ကြေညာထားခြင်း မရှိသေးပေ။

**အင်န်အိတ်ချ်ကေ**



မဲရေတွက်နေမှုများကို ပြည်သူများ ကြည့်ရှုနေစဉ်။

# တောင်နှင့်မြောက်ကိုရီးယား ဆက်ဆံရေးရုံးတွင် မြောက်ကိုရီးယားဘက်မှ အရာရှိများ ပြန်လည်ထားရှိ

**ဆိုးလ် မတ် ၂၅**

တောင်နှင့်မြောက်ကိုရီးယား ဆက်ဆံရေးရုံးတွင် မြောက်ကိုရီးယားဘက်မှ အရာရှိများပြန်လည်ထားရှိခဲ့ကြောင်း မတ် ၂၅ ရက်တွင် တောင်ကိုရီးယားဘက်က ပြောကြားခဲ့သည်။ မြောက်ကိုရီးယားဘက်မှ ဆက်ဆံရေးအရာရှိများကို ပြန်လည်ရုပ်သိမ်းပြီး ရက်ပိုင်းအနည်းငယ်အကြာတွင် ယခုလိုဝန်ထမ်းများ ပြန်လည်ထားရှိခဲ့ခြင်းဖြစ်သည်။

တောင်နှင့် မြောက်ကိုရီးယားဆက်ဆံရေး ပိုမိုအဆင်ပြေစေရေးအတွက် မြောက်ကိုရီးယားနိုင်ငံ ခဲဆောင်းမြို့တွင် စက်တင်ဘာလအတွင်းက နှစ်နိုင်ငံဆက်ဆံရေးရုံး ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ သို့သော် မြောက်ကိုရီးယားနှင့် အမေရိကန်တို့ ဆွေးနွေးပွဲတွင် မတိုးသာ မဆုတ်သာအခြေအနေနှင့် တွေ့ကြုံခဲ့ပြီးနောက် လွန်ခဲ့သော သီတင်းပတ်က အဆိုပါရုံးမှ မြောက်ကိုရီးယားဝန်ထမ်းများကို ပြန်လည်ခေါ်ယူခဲ့သည်။



တောင်နှင့်မြောက်ကိုရီးယားဆက်ဆံရေးရုံး။

မြောက်ကိုရီးယားဘက်မှဝန်ထမ်းများ မတ် ၂၅ ရက်က ဆက်ဆံရေးရုံးတွင် ပြန်လည်တာဝန်ထမ်းဆောင်ကြကြောင်း ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက ပြောသည်။ ထို့ကြောင့် မတ် ၂၅ ရက် နံနက်ပိုင်းတွင် တောင်နှင့် မြောက်ကိုရီးယားမှ အရာရှိများ ဆွေးနွေးပွဲပြုလုပ်ခဲ့ကြပြီး ရုံးကိုပုံမှန် ဖွင့်လှစ်နိုင်ရေးဆွေးနွေးခဲ့ကြကြောင်း အဆိုပါဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခဲ့သည်။

မြောက်ကိုရီးယားဘက်ကမူ ၎င်းတို့၏ ဝန်ထမ်းများကို ပြန်လည်ခေါ်ယူရသည့်အကြောင်းရင်းနှင့် ဝန်ထမ်းများပြန်လည်ထားရှိရသည့် အကြောင်းရင်းများကို အသေးစိတ်ပြောကြားခဲ့ခြင်းမရှိပေ။

တောင်ကိုရီးယားအနေဖြင့် မြောက်ကိုရီးယားအရေးနှင့်ပတ်သက်လျှင် အမေရိကန်အပေါ် ပိုမိုလွှမ်းမိုးနိုင်ရေး အားထုတ်လာစေရန် ဖိအားပေးသည့်သဘောပင်ဖြစ်ကြောင်း ကျွမ်းကျင်သူများကပြောသည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တို့ လွန်ခဲ့သောလအတွင်းက ဟနွိုင်းမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြရာ တိကျသည့်သဘောတူညီချက်မရခဲ့ပေ။

**အေအက်ဖ်ပီ**

# ဗြိတိန်အိမ်ရှေ့မင်းသားချားလ် ကျူးဘားနိုင်ငံသို့ ပထမဦးဆုံးအကြိမ်ရောက်ရှိ

**ဟာဗားနား မတ် ၂၅**

ဗြိတိန်တော်ဝင်မင်းသားချားလ်နှင့် ကွန်ဝဲလ်မြို့စားကတော် ကင်မီလာတို့သည် မတ် ၂၄ ရက်က ကျူးဘားနိုင်ငံသို့ ရောက်ရှိခဲ့သည်။ အဆိုပါခရီးစဉ်သည် ဗြိတိန်အိမ်ရှေ့မင်းသား ကျူးဘားနိုင်ငံသို့ ပထမဦးဆုံးအကြိမ် ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ခြင်းဖြစ်သည်။ ဂျို့မာတီ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာသော တော်ဝင်ဇနီးမောင်နှံကို ကျူးဘားဒုတိယနိုင်ငံခြားရေးဝန်ကြီး အန်နာထရက်စီတာဂွန်နယ်လေ့ဇ်က ကြိုဆိုနှုတ်ဆက်ခဲ့သည်။

လေဆိပ်မှ ထွက်ခွာလာခဲ့ပြီးနောက် ချားလ်မင်းသားတို့ ဇနီးမောင်နှံကို တော်လှန်ရေးပလာဇာသို့ ခေါ်ဆောင်သွားခဲ့ပြီး အမျိုးသားခေါင်းဆောင်ကြီး ဂျို့မာတီ၏ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ကျူးဘားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သောအစီအစဉ်အရ ချားလ်မင်းသားနှင့် ကင်မီလာတို့သည် မတ် ၂၅ ရက်တွင် ကျူးဘားသမ္မတ မီဂူရယ်ဒိုင်ရက်ဇ်ကန်နယ်နှင့် တွေ့ဆုံကာ တရားဝင်ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

မတ် ၂၆ ရက်တွင် မာရီရယ်ရှိအထူးဖွံ့ဖြိုးရေးဇုန်တွင် နေရောင်ခြည် စွမ်းအင်ဆိုင်ရာလုပ်ငန်းဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်မည်ဖြစ်ပြီး ညနေပိုင်းတွင် ဟာဗားနားကဗာတ် ရုံကြီးတွင် ယဉ်ကျေးမှုပြပွဲများကိုကြည့်ရှုသွားမည်ဖြစ်ကြောင်း သိရသည်။ ကျူးဘား ခရီးစဉ်သည် ချားလ်မင်းသားတို့ ဇနီးမောင်နှံ၏ ၁၂ ရက်ကြာမြင့်မည့် ကာရေဗီယံ ခရီးစဉ်၏အစိတ်အပိုင်းတစ်ခု ဖြစ်သည်။

**ဆင်ဟွာ**

# မာလီတွင် တိုက်ခိုက်ခံရမှုကြောင့် ကျေးရွာသား ၁၃၀ ကျော် သေဆုံး

**ဘာမာကို မတ် ၂၅**

အနောက်အာဖရိကနိုင်ငံဖြစ်သည့် မာလီနိုင်ငံတွင် လက်နက်ကိုင်အုပ်စုတစ်စု၏ တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၃၀ ကျော် သေဆုံးခဲ့ရကြောင်းသိရသည်။ ဓားများ၊ သေနတ်များ ကိုင်ဆောင်လာသော အကြမ်းဖက်အုပ်စုသည် မာလီနိုင်ငံ အလယ်ပိုင်းရှိ ကျေးရွာတစ်ရွာကို တိုက်ခိုက်ခဲ့ကြောင်း ကုလသမဂ္ဂက ပြောသည်။

ကလေးများနှင့် အမျိုးသမီးများ အပါအဝင် လူပေါင်း ၁၃၄ ဦးမှာ သေဆုံးခဲ့ပြီး လူပေါင်း ၅၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ယင်းဒေသတွင် တိုင်းရင်းသား မျိုးနွယ်စုနှစ်စုမှာ အချင်းများလျက်ရှိသည်။ လွန်ခဲ့သော ခြောက်နှစ်ခန့်က ပြင်သစ်တပ်ဖွဲ့သည် အစွန်းရောက်အကြမ်းဖက်အဖွဲ့များကို မာလီနိုင်ငံအတွင်းမှ တိုက်ထုတ်ပေးခဲ့သည်။

သို့သော် ယင်းအုပ်စုများသည်အုပ်စုပြန်လည်ဖွဲ့စည်းပြီး တိုက်ခိုက်မှုများ ပြန်လည်ပြုလုပ်လာကြကြောင်း သိရသည်။

**ဆင်ဟွာ**

# အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ရှိ လူနေအိမ်တစ်လုံးအနီး ဒုံးကျည်ကျရောက်

**တဲလ်အဗစ် မတ် ၂၅**

ဂါဇာကမ်းမြောင်ဒေသမှ ပစ်ခတ်လိုက်သော ဒုံးကျည်တစ်စင်းသည် တဲလ်အဗစ်မြို့ မြောက်ပိုင်းလူနေအိမ်တစ်လုံးအနီး ကျရောက်ခဲ့ရာ အစ္စရေးခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါဖြစ်ရပ်ကြောင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု အမေရိကန်သို့ ခရီးတိုသွားရောက်နေရာမှ အစ္စရေးသို့ ပြန်လာမည်ဖြစ်သည်။

ဟားမားစ်တို့ ထိန်းချုပ်ထားရာဒေသမှ ပစ်ခတ်လိုက်သော ဒုံးကျည်ဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောသည်။ ဧပြီ ၉ ရက်တွင် အစ္စရေးနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲမတိုင်မီ ဟားမားစ်အဖွဲ့နှင့် အစ္စရေးတို့အကြား အခြေအနေတင်းမာမှုများ ပိုမိုမြင့်မားလာစေခဲ့သည်။

အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုသည် ဝါရှင်တန်တွင် ရောက်ရှိနေရာ မတ် ၂၅ ရက်နှောင်းပိုင်းတွင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံမှုအပြီး အစ္စရေးသို့ ပြန်လာမည်ဖြစ်သည်။

ဒုံးကျည်မှန်ခဲ့သော နေအိမ်မှာ တဲလ်အဗစ်မြို့မှ ကီလိုမီတာ ၂၀ အကွာရှိ မစ်ရှ်မီရက်တွင် တည်ရှိသည်။ မစ်ရှ်မီရက်သည် ဂါဇာကမ်းမြောင်ဒေသမှ မိုင် ၅၀ ခန့်အကွာတွင် ရှိသည်။ ဒဏ်ရာရရှိသူများထဲတွင် ခြောက်လအရွယ် ကလေးတစ်ဦးလည်း ပါဝင်သည်။

ယခုလို ဒုံးကျည်နှင့် ပစ်ခတ်ခဲ့ခြင်းမှာ ခွင့်မလွှတ်နိုင်သည့် ရာဇဝတ်မှု အစ္စရေးအပေါ် ကျူးလွန်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့အတွက် လက်တုံ့ပြန်သွားမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်က ပြောသည်။

ယခုလို ပစ်ခတ်မှုဖြစ်ပွားခဲ့၍လည်း အမေရိကန်ခရီးစဉ်ကို ချုံ့လိုက်ကြောင်း၊ သမ္မတ ဒေါ်နယ်ထရမ့်နှင့်တွေ့ဆုံမှုအပြီး နာရီအနည်းငယ်အကြာတွင် အစ္စရေးသို့ ပြန်လာမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ဟားမားစ်အုပ်စုဘက်မှမူ မည်သည့်တုံ့ပြန်ပြောကြားမှုမျိုးမှ မပြုလုပ်ခဲ့ပေ။ နေတန်ယာဟုသည် ဂါဇာကမ်းမြောင်ဒေသတွင် နောက်ထပ်စစ်ပွဲတစ်ခုထပ်ဖြစ်လာမည်ကို ရှောင်ရှားလိုသည်ဟု သုတေသနပညာရှင်များက ခန့်မှန်းကြသည်။



ဒုံးကျည်ကျရောက်မှုကြောင့် ပျက်စီးသွားရသည့် နေအိမ်ကို တွေ့ရစဉ်။

# သက်ဝင်လှုပ်ရှားလာတော့မယ့် ဂျပန်နိုင်ငံရဲ့ ပြောင်းလဲလိုက်တဲ့ လူဝင်မှု ဥပဒေသစ်

● ထွန်းသစ်စ ●

**အာရှနိုင်ငံတွေကို ကြည့်လိုက်မယ်ဆိုရင် တိုးတက်မှုတွေတွေ့မြင်နေရသလို ဆုတ်ယုတ်မှုတွေလည်းအတူတကွဖြစ်ပေါ်လျက်ရှိပါတယ်။ တိုးတက်မှုနဲ့ ဆုတ်ယုတ်မှုဆိုတာ အမြဲဒွန်တွဲနေတယ်ဆိုတာ ငြင်းမရပါဘူး။ အာရှနိုင်ငံတွေထဲကမှ ဒီကနေ့ ဂျပန်နိုင်ငံကို ပြန်ကြည့်မယ်ဆိုရင် စီးပွားရေးဆိုင်ရာတိုးတက်မှုတွေတွေ့မြင်နေရသော်လည်း လျော့နည်းသွားတဲ့ လုပ်အားတွေ ရှိနေတာကို တွေ့မြင်ရပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုရင် လတ်တလောမှာ ဂျပန်နိုင်ငံမှာ သက်ကြီးလူဦးရေတိုးပွားနှုန်းမြင့်တက်လာပြီး အလုပ်သမားရှားပါးတဲ့ အခြေအနေကို ရင်ဆိုင်နေရလို့ပဲဖြစ်ပါတယ်။**

### သက်ဝင်လှုပ်ရှားလာတော့မယ်

ဂျပန်နိုင်ငံအနေနဲ့ လျော့နည်းသွားတဲ့ လုပ်အားနဲ့ တိုးပွားလာတဲ့ ဇရာအိုလူဦးရေတို့ကို ဖြေရှင်းဖို့ လူဝင်မှုကြီးကြပ်ရေးအပေါ် အပြုသဘောဆောင်တဲ့ အမျိုးသားဆွေးနွေးမှုတွေလုပ်သင့်တယ်လို့ ကိုကူရှီကန် တက္ကသိုလ်မှ ပါမောက္ခတစ်ဦးက သုံးသပ်ထားသလို အခုဆိုရင် ဂျပန်နိုင်ငံဟာ သူ့ရဲ့ အလုပ်သမားရှားပါးမှုကို ဖြေရှင်းနေတာ တွေ့ရပါတယ်။

ဂျပန်နိုင်ငံရဲ့ အလုပ်သမားရှားပါးမှုကို ဖြေရှင်းဖို့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံခြားသား အလုပ်သမား ငါးသိန်းကို လာမည့် ခြောက်နှစ်အတွင်းမှာ ခေါ်ယူနိုင်မယ့် ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးရေး ဥပဒေကို ဂျပန်လွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုလိုက်ပြီဖြစ်တယ်လို့ သတင်းတွေမှာ ဖော်ပြထားတာကို တွေ့ရပါတယ်။ ဒီဥပဒေဟာ အတိုက်အခံတွေရဲ့ကန့်ကွက်မှုကို အများဆုံး ရင်ဆိုင်ခဲ့ရပြီးနောက်ပိုင်းမှာ အတည်ပြုလိုက်တာဖြစ်ပါတယ်။ ဒီဥပဒေဟာ ၂၀၁၉ ခုနှစ် ဧပြီလကစပြီး သက်ဝင်လှုပ်ရှားလာမှာဖြစ်ပါတယ်။

### နိုင်ငံခြားသားလုပ်သားတွေ ခေါ်ယူမယ်

ထို့အတူ ဒီဥပဒေအရ ဂျပန်နိုင်ငံမှာ အလုပ်သင်ဗီဇာနဲ့ ရောက်ရှိလုပ်ကိုင်နေသူတွေကို ဦးစားပေးအနေနဲ့ အလုပ်လုပ်ခွင့်ဗီဇာတွေ ထုတ်ပေးသွားမယ်လို့လည်း သိရပါတယ်။ ၂၀၁၉ ဧပြီလမှ စတင်အသက်ဝင်လာမယ့် ဒီဥပဒေသစ်အရ ပထမအသုတ်မှာ မြန်မာနိုင်ငံအပါအဝင် အခြားနိုင်ငံများမှ နိုင်ငံခြားသားအလုပ်သမား ၃၄၀၀၀ ကို ခေါ်ယူမှာဖြစ်ပါတယ်။ အဲဒီထဲမှာမှ ဂျပန်နိုင်ငံမှာ အလုပ်သင်ဗီဇာနဲ့ အလုပ်လုပ်နေသူတွေကို ဦးစားပေးသွားမှာဖြစ်ပါတယ်။

ဂျပန်နိုင်ငံဟာ အခုဆိုရင် သက်ကြီးလူဦးရေအလွန်များလာတဲ့အတွက် ထုတ်လုပ်နိုင်စွမ်းရှိသူတွေ၊ လုပ်နိုင်ကိုင်နိုင်စွမ်းရှိသူတွေ အများကြီးလိုအပ်လာပါတယ်။ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနဲ့ စက်ရုံတွေမှာ အလုပ်သမားလိုအပ်ချက်တွေ မြင့်မားလာတာဖြစ်ပါတယ်။ အသစ်ပြဋ္ဌာန်းလိုက်တဲ့ ဂျပန်လူဝင်မှုဥပဒေသစ်အရ ၂၀၁၉ ဧပြီလဆန်းမှစကာ ၂၀၂၅ ခုနှစ်အထိ ခြောက်နှစ်တာကာလအတွင်းမှာ နိုင်ငံခြားသားလုပ်သားငါးသိန်း ခေါ်ယူသွားမှာ ဖြစ်ပါတယ်။

### ခန့်မှန်းတွက်ချက်

လေ့လာမိသလောက်ဆိုရင် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်မှစကာ ဂျပန်နိုင်ငံရဲ့စုစုပေါင်း လူဦးရေဟာ ဆက်တိုက်ကျဆင်းလာခဲ့ပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ အခုလိုမျိုး လုပ်သားသစ်တွေ ထပ်မံခေါ်ယူပြီး တိုင်းပြည်ရဲ့ ဂျီဒီပီတိုးတက်အောင် မလုပ်ဆောင်နိုင်ဘူးဆိုရင် တိုးတက်မှုနှုန်း ကျဆင်းလာနိုင်ဖွယ်ဖြစ်နေပါတယ်။

ဂျပန်နိုင်ငံရဲ့ဇရာအိုလူဦးရေဟာ ကမ္ဘာပေါ်မှာ အမြင့်ဆုံးအဆင့်ကို ရောက်နေပါတယ်။ တခြားဘယ်နေရာမှာမှ မတွေ့ဖူးသေးတဲ့ ပမာဏနဲ့ မြင့်တက်လာခြင်းပဲဖြစ်ပါတယ်။ လူဦးရေနဲ့ လူမှုလုံခြုံရေးသုတေသနအမျိုးသားအင်စတီကျူ (အိုင်ပီအက်စ်အက်စ်)က လက်ရှိ ဂျပန်နိုင်ငံရဲ့စုစုပေါင်း လူဦးရေ ၁၂၆ သန်းနဲ့ နှိုင်းစာရင် လာမယ့် ၂၀၄၀ ပြည့်နှစ်မှာ ၁၁၀ ဒသမ ၉၂ သန်းလောက်သာ ရှိတော့မှာဖြစ်ကြောင်း ခန့်မှန်းထားပါတယ်။ အဲဒီစုစုပေါင်း လူဦးရေထဲမှာမှ ကုန်ထုတ်လုပ်နိုင်စွမ်း သို့မဟုတ် အလုပ်လုပ်နိုင်စွမ်းပမာဏ အသက် ၁၅ နှစ်မှ ၆၄နှစ်အထိဟာ ပျမ်းမျှအားဖြင့် ပြောရမယ်ဆိုရင် ၅၉ ဒသမ ၇၈ ရာခိုင်နှုန်းနဲ့ အသက်ကြီးပိုင်းပမာဏ အသက် ၆၅ နှစ်နဲ့ အထက်ဟာ ၃၅ ဒသမ ၃ ရာခိုင်နှုန်းလောက်ဖြစ်လာမှာဖြစ်တယ်လို့ သုံးသပ်ထားပါတယ်။

အိုင်ပီအက်စ်အက်စ်က လာမယ့် ၂၀၆၅ ခုနှစ်မှာ ဂျပန်နိုင်ငံရဲ့လူဦးရေဟာ ၈၈ ဒသမ ၀၈ ရာခိုင်နှုန်းလောက် ဆက်လက်ကျဆင်းလာနိုင်ကြောင်း၊ အဲဒီလူဦးရေထဲမှာမှ ကုန်ထုတ်လုပ်နိုင်စွမ်း သို့မဟုတ် အလုပ်လုပ်နိုင်စွမ်းပမာဏ အသက် ၁၅ နှစ်မှ ၆၄နှစ်အထိဟာ ပျမ်းမျှအားဖြင့် ပြောရမယ်ဆိုရင် ၄၅ ဒသမ ၂၉ ရာခိုင်နှုန်းနဲ့ အသက်ကြီးပိုင်းပမာဏ အသက် ၆၅ နှစ်နဲ့ အထက်ဟာ ၃၈ ဒသမ ၄ ရာခိုင်နှုန်းလောက်ရှိမယ်လို့ ဆက်လက် ခန့်မှန်းတွက်ချက်ထားပါတယ်။



ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အလုပ်လုပ်နေကြသော အလုပ်သမားများကိုတွေ့ရစဉ်။

### ဖြေရှင်းနိုင်မယ်မထင်

ဒါဟာကြောက်စရာကောင်းပါတယ်။ ခန့်မှန်းထားသလိုသာ ဇရာအိုလူဦးရေ ဆက်တိုက် တိုးတက်မှုတွေဖြစ်ပေါ်လာပါက နိုင်ငံရဲ့ကုန်ထုတ်စွမ်းအားတွေ ကျဆင်းလာနိုင်ခြေရှိပါတယ်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှာ အစိုးရတာဝန်ယူပြီးနောက် သူ့ရဲ့ အာဘေးစီးပွားရေးတိုးတက်မှု မဟာဗျူဟာကို စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ သို့သော်လည်း လူဦးရေလျော့နည်းကျဆင်းလာမှုဟာ ဂျပန်နိုင်ငံအတွက် အဓိကစိန်ခေါ်မှုကြီးတစ်ခု ဖြစ်လာပါတယ်။

ဂျပန်နိုင်ငံဟာ လူဦးရေလျော့နည်းကျဆင်းနေတာတောင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ အမျိုးသမီးတွေ၊ သက်ကြီးရွယ်အိုတွေနဲ့ လူငယ်လူရွယ်တွေဟာ ပြေးလွှားရုန်းကန်လှုပ်ရှားနေကြရပါတယ်။ ဒီလိုအခြေအနေမှာ နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ်တွေကို အသုံးပြုမှုဟာ မြင့်တက်လာပြီး ၎င်းနဲ့ သက်ဆိုင်တဲ့ မူဝါဒတွေဟာလည်း လျင်လျင်မြန်မြန်ပဲ ထွက်ပေါ်လို့လာခဲ့ပါတယ်။ ဂျပန်အစိုးရဟာ သူ့ရဲ့နိုင်ငံခြားသားအလုပ်သမားတွေကို အလှည့်ကျစနစ်နဲ့ လက်ခံတဲ့အခြေအနေကို တိုးမြှင့်ခဲ့ပါတယ်။ အလှည့်ကျစနစ်နဲ့ လက်ခံတဲ့ အလုပ်သမားတွေဟာ လတ်တလောလုပ်သားအင်အားပြတ်လပ်မှုကို ခဏတာ သက်သာစေနိုင်သော်လည်း ရေလတ်နဲ့ ရေရှည်ကာလတွေမှာ လူဦးရေလျော့နည်းမှုကို ဖြေရှင်းနိုင်မယ် မထင်ပါဘူး။

### တက်မလာခဲ့

ရွှေ့ပြောင်းအခြေချသူတွေ ပိုမိုလက်ခံခြင်းကို အစိုးရကော်မတီမှာ ၂၀၁၄ ခုနှစ် ဇွန်လမှာ ဆွေးနွေးခဲ့သော်လည်း အာဘေးအစိုးရဟာ နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ်တွေကို အသုံးပြုခြင်းဟာ လုံးဝပြည့်စုံမှန်ကန်တဲ့ နည်းလမ်းမဟုတ်ဘူးဆိုတာ ရှင်းရှင်းလင်းလင်း သိစေခဲ့ပြီးဖြစ်ပါတယ်။ ဂျပန်နိုင်ငံဟာ သူ့ရဲ့လူဦးရေကို လာမယ့် နှစ် ၅၀ အတွင်းမှာ သန်း ၁၀၀ လောက်မှာပဲ ရှိစေချင်တာပါ။

အဲဒီရည်မှန်းချက်ကိုရောက်ဖို့ အစိုးရရဲ့ ခန့်မှန်းခြေဟာ ဘာကို ညွှန်ပြသလဲဆိုတော့ လာမယ့် ၂၀၃၀ ပြည့်နှစ်မှာ ကလေးမွေးဖွားနှုန်းဟာ ၁ ဒသမ ၈ ရာခိုင်နှုန်းအထိရှိရမှာဖြစ်ပြီး ၂၀၄၀ ပြည့်နှစ်မှာတော့ ကလေးမွေးဖွားနှုန်းဟာ ၂ ဒသမ ၀၇ ရာခိုင်နှုန်းအထိ ရောက်ရမယ်လို့ ဆိုထားပါတယ်။ သို့သော်လည်း အမှန်စင်စစ် ၂၀၁၆ မှာတော့ ကလေးမွေးဖွားနှုန်းဟာ ၁ ဒသမ ၄၄ ရာခိုင်နှုန်းခန့်သာရှိခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်နဲ့ ၂၀၁၈ ခုနှစ်မှာလည်း ကလေးမွေးဖွားနှုန်းဟာ ထင်သလောက်တက်မလာခဲ့ပါဘူး။

### ဆောင်ရွက်ရမယ်

၂၀၁၆ ခုနှစ်အကုန်မှာ ဂျပန်မှာရှိတဲ့ နိုင်ငံခြားသား ၂၃၈၂၈၂၂ ဦးခန့် ၈၀ ရာခိုင်နှုန်းဟာ ရွှေ့ပြောင်းအခြေချသူတွေ ဖြစ်ပါတယ်။ ၄၄ ဒသမ ၇ ရာခိုင်နှုန်းကတော့ အမြဲတမ်းနေထိုင်သူတွေဖြစ်ပါတယ်။ ဒီပမာဏဟာ အနောက်နိုင်ငံတွေနဲ့ ယှဉ်ကြည့်ရင် နည်းတယ်လို့ ဆိုနိုင်ပေမယ့်လည်း ဂျပန်နိုင်ငံအတွက်ကတော့ အမျိုးသားသန်းခေါင်စာရင်းအရ ၂၀၀၀-၂၀၁၅ ခုနှစ်အထိ ဂျပန်နိုင်ငံသားတွေဟာ ၀ ဒသမ ၉ ရာခိုင်နှုန်း လျော့နည်းသွားခဲ့ပြီး ရွှေ့ပြောင်းအခြေချနေထိုင်သူတွေဟာ ၃၃ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးလာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

အခုဆိုရင် တစ်ဖက်ကလည်း နိုင်ငံခြားလုပ်သားတွေခေါ်ယူပြီး ဂျပန်နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုတွေ၊ အခြားကဏ္ဍတွေ တိုးတက်လာအောင်အကောင်အထည်ဖော်လာသလို တစ်ဖက်မှာလည်း ဂျပန်အစိုးရဟာ သူ့ရဲ့အစီအစဉ်ဖြစ်တဲ့ ကလေးမွေးဖွားနှုန်းမြင့်တက်လာအောင် ဆောင်ရွက်ရမှာပဲဖြစ်ပါတယ်။

### ဖြစ်လာမယ်

ကလေးမွေးဖွားနှုန်းမြင့်လာလေလေ အသက်ကြီးလူဦးရေတိုးပွားလာမှု လျော့ချရေးကို တစ်ဖက်တစ်လမ်းက အထောက်အပံ့ပေးလေလေဖြစ်လာမှာဖြစ်ပါတယ်။ နောက်တစ်ချက်အနေနဲ့လည်း ဆိုခဲ့ပြီးတဲ့အတိုင်း ရွှေ့ပြောင်းအလုပ်သမားတွေဟာ ခဏတာ အားကိုးလို့ရနိုင်သော်လည်း ရေလတ်၊ ရေရှည်ကဏ္ဍများတွင်တော့ ကိုယ့်တိုင်းဌာနီ ကိုယ့်ပြည်က ကိုယ့်မျိုးဆက်သစ်များသာ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဂျပန်အစိုးရဟာ သူ့ရဲ့ အနာဂတ်ကလေးငယ်တွေအတွက် တာဝန်ရှိသလို ဂျပန်လူ့အသိုင်းအဝိုင်းထဲသို့ ရောက်လာတဲ့ ရွှေ့ပြောင်းအခြေချသူတွေကိုလည်း အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ ဒါကြောင့် အစိုးရမူဝါဒတွေကို အဘက်ဘက်မှ ထိန်းညှိရင်း လူဦးရေ လျော့နည်းကျဆင်းလာမှုကို ဖြေရှင်းနိုင်မယ့် အကောင်းဆုံးနည်းလမ်းတွေ ရှာဖွေရမှာဖြစ်ပါတယ်။ အဲဒီလိုလုပ်ဆောင်နိုင်မှ ဂျပန်နိုင်ငံဟာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာမှာဖြစ်ပါကြောင်း။ ။ **ကိုးကား-ချန်နယ်နယူးအေးရှ**

## နိုင်ငံတကာသတင်းတိုထွာ

### အာဖဂန်အရှေ့ပိုင်းပေါက်ကွဲမှုကြောင့် ရှစ်ဦး ဒဏ်ရာရ

**ဂျလာလာဘတ် မတ် ၂၅**

အာဖဂန်နိုင်ငံ ဂျာလာလာဘတ်မြို့တွင် မတ် ၂၅ ရက်က ကျန်းမာရေးဆေးခန်းအနီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဒဏ်ရာရရှိသူများထဲတွင်အမျိုးသမီး သုံးဦးနှင့် ကလေးသုံးဦးပါဝင်ကြောင်း၊ ၎င်းတို့ကို ပြည်နယ်ဆေးရုံသို့ ပို့ဆောင်ပေးထားကြောင်း ပြည်နယ်အစိုးရပြောရေးဆိုခွင့်ရှိသူ အတူလာက ဆင်ဟွာသို့ ပြောသည်။ အဆိုပါပေါက်ကွဲမှုသည် မတ် ၂၅ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဈေးဆိုင်အချို့နှင့်ရုံးအချို့လည်း ပျက်စီးသွားကြောင်း၊ ဒဏ်ရာရရှိသူများတွင် အသက် အန္တရာယ်စိုးရိမ်ရသူများမရှိကြောင်း ၎င်းက ဆက်ပြောသည်။

မည်သည့်ကိုပစ်မှတ်ထားပြီး ဖောက်ခွဲမှုပြုလုပ်ရခြင်းဖြစ်သည်ကို မသိရပေ။ ၂၀၁၈ ခုနှစ်အတွင်း ပဋိပက္ခများနှင့်ဆက်စပ်နေသော ပစ်ခတ်မှုများကြောင့် အရပ်သားပေါင်း ၃၈၀၀ အသတ်ခံရပြီး ၇၁၈၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ **ဆင်ဟွာ**

### ခရစ်ချ်ချ်တွင် ဖြစ်ပွားခဲ့သော ပစ်ခတ်မှုကိုစုံစမ်းရန် စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်း

**ဝါရှင်တန် မတ် ၂၅**

နယူးဇီလန်နိုင်ငံ ခရစ်ချ်ချ်မြို့တွင်ဖြစ်ပွားခဲ့သော ဘာသာရေးအဆောက်အအုံအတွင်းသေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်ခဲ့မှုကို စုံစမ်းရန် စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း နယူးဇီလန်ဝန်ကြီးချုပ် ဂျက်စင်ဒါအာဒန်က ပြောသည်။ မတ် ၁၅ ရက်က ဖြစ်ပွားခဲ့သော အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုအသေးစိတ်အချက်အလက်များကို စုံစမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့သော တိုက်ခိုက်မှုကိုမည်သို့ပြုလုပ်ခဲ့သည်၊ သေနတ်သမားများက သေနတ်ဘယ်လိုရရှိခဲ့သည်ဟူသော မေးခွန်းများ၊ လူမှုမီဒီယာ၏အခန်းကဏ္ဍနှင့် ပတ်သက်၍ မေးမြန်းချက်များကို လက်ခံကြောင်း၊ အစိုးရအဖွဲ့အစည်းအဝေးတွင် ဂျက်စင်ဒါအာဒန်က ပြောသည်။ စုံစမ်းစစ်ဆေးရေးအေဂျင်စီများက မှန်ကန်သောလမ်းကြောင်းပေါ်တွင် ရှိနေခြင်းရှိ မရှိတို့ကို စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင်ပျောက်နေသော သဲလွန်စများရှိ မရှိတို့ကို စုံစမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ခရစ်ချ်ချ်မြို့ဘာသာရေးအဆောက်အအုံနှစ်ခုတွင် သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် လူပေါင်း ၅၀ ထက်မနည်း သေဆုံးခဲ့ပြီး ၅၀ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ငါ့သရောက်နယ် တောင်ကုန်းရွာမှ

# ရိုးရာအိုးလုပ်ငန်း

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်ထဲမှာပါတဲ့ တောင်ကုန်းကျေးရွာလေးဟာ အိမ်ခြေ ၁၃၈ အိမ်သာရှိတဲ့ ကျေးလက်တောရွာလေးတစ်ရွာပဲဖြစ်ပြီး နိုင်ငံတကာ ခရီးသွားတွေ မကြာခဏ ခပ်စိပ်စိပ်လာလည်ကြပါတယ်။ ဘာက ထူးခြားနေတာလဲဆိုတော့ သူတို့တစ်ရွာလုံးရဲ့ ကာယအားတွေစိုက်ထုတ်ပြီး လက်မှုအတတ်ပညာတွေနဲ့ ဖန်တီးခြယ်မှုန်းထားတဲ့ ရိုးရာအိုးလုပ်ငန်းကြောင့်ပါ။

တောင်ကုန်းရွာလေးမှာရှိတဲ့ ကလေးကအစ ပျိုပျိုရွယ်ရွယ် လူကြီးလူငယ်အကုန်လုံး အိုးအမျိုးမျိုး ပြုလုပ်တတ်ကြပါတယ်။ အိုးလုပ်ငန်းအတွက် အဓိကကုန်ကြမ်းကတော့ ရွှံ့မြေစေးပါ။ ဒါကလည်း ရွာတောင်ဘက်က ရေကန်ကနေ အလွယ်တကူ တူးယူနိုင်ပါသတဲ့။ ကိုယ်တိုင်တူးယူ တာလည်းရှိသလို တချို့က ဖောကားတစ်စီး ငွေကျပ် ၁၇၀၀၀၊ လှည်းတစ်စီး ငွေကျပ် ၅၀၀၀ နဲ့ ဝယ်ကြပြီး တစ်အိမ်ထောင်အတွက်ဆိုရင် တစ်ရာသီစာ ကိုယ်အိမ်ရှေ့သူအိမ်ရှေ့ဖောကား ၁၀ စီးတိုက်လောက် စုထားလေ့ရှိကြတယ်လို့ ဆိုပါတယ်။

မြေသားတွေ အိမ်အနားရောက်ပြီဆိုရင်တော့ အိမ်ရှိလူအကုန် အနားမရကြတော့ပါဘူး။ ကန်မြေအကြမ်းနဲ့ အစေးတွေရော ရေအတိုးအလျှော့ပေးပြီး လက်နဲ့ဆုပ်နယ်တာ၊ ခြေနဲ့နင်းနယ်တာတွေကို အင်အားသုံးလုပ်ကြရပါတယ်။ ရောမွှေပြီး နှူးနပ်နေပြီဆိုရင်တော့ လိုသလောက်မြေစေးတုံးကို ဖဲ့ဖဲ့ယူပြီး လိုချင်တဲ့ အိုးပုံကို အိုးပြင်လှည့်မှာတင်ပြီး ပုံဖော်ကြရပါပြီ။ မျိုးရိုးစဉ်ဆက်လုပ်ကိုင်လာတာဖြစ်လို့ အိုးပြင်စက်တွေ အိမ်တိုင်းမှာရှိကြပြီးတော့ အိုးပြင်လှည့်အတတ်ကို အိမ်တိုင်းက လုပ်တတ်ကြပါတယ်။

လိုချင်တဲ့အိုးပုံပေါ်လာပြီဆို မျက်နှာပြင်မှာ အလှခြယ်ဖို့ အိုးထွင်းသူတွေဆီကို ပြန်ငှားပြီး လုပ်ရပါသေးတယ်။ အိုးပြင်လှည့်လူတိုင်းလှည့်တတ်ပေမယ့် အိုးထွင်းတာကိုတော့ လူတိုင်းမလုပ်တတ်ဘူးလို့ သိရပါတယ်။

အိုးထွင်းတဲ့ကိစ္စလည်းပြီးပြီဆိုရင်တော့ အိုးတွေကို အရင်ဆုံးအခြောက်ခံရပါတယ်။ မီးမဖုတ်ရသေးတဲ့ အိုးတွေဖြစ်လို့ အိုးစိမ်းတွေလို့ ခေါ်ပါတယ်။ ပြီးရင်တော့ တစ်ရွာလုံး ဟိုအိမ်ဒီအိမ်တွေအကုန် ကိုယ့်အိမ်သူ့အိမ်က အိုးစိမ်းတွေကို အိုးဖုတ်တဲ့ စုရပ်ကို သွားပို့ကြပါတယ်။ တစ်ရွာလုံးအတွက် စုရပ်သုံးနေရာရှိပြီးတော့ အားလုံးစုံပြီဆိုတာနဲ့ မီးဖုတ်တာကို အားလုံးစုပေါင်း ဆောင်ရွက်ကြပါတယ်။ သူ့ဟာငါ့ဟာ မခွဲခြားဘဲ စုပေါင်းဆောက်ရွက်ကြတဲ့ ချစ်စရာဓလေ့ကို တောင်ကုန်းရွာက အိုးဖုတ်လုပ်ငန်းမှာ သွားကြည့်လို့ ရနိုင်ပါတယ်။

သောက်ရေအိုး အကြီး၊ အသေး၊ အလတ်၊ ထန်းဆွဲမြူအိုး၊ ညောင်ရေအိုး၊ ဟင်းချက်အိုး၊ ပန်းအိုး၊ မြေအိုးစုဘူး၊ အရက်ပေါင်းအိုး၊ မြေရေဆေးအိုး၊ မုန့်ပြားသလက် ထိုးအိုး၊ အိုးပုတ်ချိုးရုပ် စသဖြင့် အမျိုးမျိုးပုံဖော်ထားတဲ့ တောင်ကုန်းကျေးရွာထွက် အိုးတွေကို အနီးအနားက ပခုက္ကူ၊ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ ပုဂံ၊ တောင်ဇင်း၊ မြင်းခြံ ဒေသတွေက လာဝယ်ကြပါတယ်။

တောင်ကုန်းကျေးရွာထွက် ပြာသိုသောက်ရေအိုးက နာမည်ကြီးပြီး အဝယ်လိုက်တာကြောင့် ရွာအထွက်ဈေးကိုက ပြာသိုသောက်ရေအိုးတစ်လုံးကို ငွေကျပ် ၅၀၀၀ အထိ ရောင်းဈေးရှိတယ်လို့ သိရပါတယ်။



ကိုယ်တိုင်တူးယူခြင်းဖြင့်လည်းကောင်း၊ ဝယ်ယူခြင်းဖြင့်လည်းကောင်း အိမ်ဝိုင်းထဲတွင် ရသလောက် ဝယ်ယူစုဆောင်းထားလေ့ရှိကြသည်။



အိုးအမျိုးမျိုးပြုလုပ်ရာတွင် အဓိကကုန်ကြမ်းမှာ ကန်မြေအကြမ်း၊ အစေး(အချွဲ) လိုအပ်သည်။ ကန်မြေအကြမ်းနှင့် အစေးရောစပ်ကာ ဤကဲ့သို့ လက်ဖြင့်ဆုပ်နယ်ခြင်း၊ ခြေဖြင့် နင်းနယ်ခြင်းများ ပြုလုပ်ပေးရသည်။



ရောမွှေ ပြီးသား နှူးနပ်ထားပြီးသော မြေသားကို လိုသလောက် ဖဲ့ယူကာ လိုချင်သော အိုးပုံကို အိုးပြင်လှည့်တွင် တင်ကာ ပုံဖော်ကြသည်။ အိမ်တိုင်းတွင် အိုးပြင်စက် ရှိကြပြီး လူတိုင်း အိုးပြင်လှည့် အတတ်ကို လုပ်ကိုင်တတ်ကြပေသည်။



အိုးပြင်စက် အိမ်တိုင်းတွင်ရှိပြီး အိုးပြင်လှည့်ကို လူတိုင်းလှည့်တတ်သော်လည်း လိုချင်သည့် အိုးပုံကို အလှခြယ်ရန် အိုးထွင်းသူကို ပြန်လည်ငှားရမ်းလုပ်ကိုင်ရသည်။



တောင်ကုန်းကျေးရွာထွက် နာမည်ကြီး ပြာသိုသောက်ရေအိုးများကို မဖုတ်ရသေးမီ အိုးစိမ်းများအဖြစ် တွေ့ရစဉ်။



တစ်ရွာလုံးရှိ လုပ်ပြီးသားအိုးအမျိုးမျိုးကို အိုးဖုတ်သော မြေကွက်လပ်ကျယ် သုံးနေရာတွင် အိုးဖုတ်ခြင်းကို စုပေါင်းလုပ်ကိုင်ကြသည်မှာလည်း ချစ်စရာဓလေ့ပင်။



ငါ့သရောက်မြို့နယ်ထွက် ရေအိုးများကို အနယ်နယ်အရပ်ရပ်မှ လာရောက်ဝယ်ယူကြသည်။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးသော အထူးဓမ္မသဘင်ပွဲကျင်းပ

**တောင်ကြီး မတ် ၂၅**

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ မြတ်ဗုဒ္ဓသာသနာ ၂၆၀၇ နှစ် တောင်ကြီးအထူးဓမ္မသဘင်ပွဲကို မတ် ၂၂ ရက် ညပိုင်းက တောင်ကြီးမြို့ စူဠာမုနိဘုရားရင်ပြင်တော်၌ ကျင်းပခဲ့ရာ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရထံသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က လှူဖွယ်ပစ္စည်းများဆက်ကပ်သည်။

ထို့နောက်ဓမ္မသဘင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရှမ်းပြည်နယ်အစိုးရ၏ အလှူငွေ ကျပ်သိန်း ၇၀ ကို ပြည်နယ်ဥပဒေချုပ်ကလည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်က အလှူငွေ ကျပ် ၁၂ သိန်းခွဲကိုလည်းကောင်း၊ တစ်ဦးချင်း အလှူရှင်များကလည်းကောင်း အလှူငွေများ ပေးအပ်လှူဒါန်းကာ သီတဂူဆရာတော်ကြီးက တရားတော်များ ဟောကြားချီးမြှင့်ခဲ့သည်။ တရားပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ၊ ရပ်ဝေးရပ်နီးမှ တရားနာသဒ္ဓါပရိသတ်များ၊ ဒေသခံပြည်သူများ လာရောက်ခဲ့သည်။ **မောင်မောင်သန်း (တောင်ကြီး)**



သီတဂူဆရာတော်ကြီးထံ ရှမ်းပြည်နယ်ဝန်ကြီးချုပ် သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။

# မကွေးတိုင်းဒေသကြီး ကလေးသူငယ်ကွန်ရက် ဖွဲ့စည်းပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အားပေး

**မကွေး မတ် ၂၅**

မကွေးတိုင်းဒေသကြီး ကလေးသူငယ်ကွန်ရက်ဖွဲ့စည်းနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့်အတူ ကလေးသူငယ်ကွန်ရက် ဖွဲ့စည်းမိတ်ဆက်ခြင်း အခမ်းအနားကို မတ် ၂၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်အားပေးပြီး လမ်းညွှန်အမှာစကားပြောကြားခဲ့သည်။

ကလေးသူငယ်ကွန်ရက်ကို တိုင်းဒေသကြီးအတွင်းရှိ မိဘအုပ်ထိန်းသူများနှင့် ကလေးသူငယ်များအားလုံး ကလေးသူငယ် အခွင့်အရေးဆိုင်ရာများကို ပိုမိုသိရှိလာနိုင်ရန်၊ ကလေးသူငယ်များအား အခွင့်အရေးချိုးဖောက်ခံရခြင်းမှ ကာကွယ်ပေးနိုင်ရန်နှင့် လျှော့ချနိုင်စေရန်၊ ကလေးများအားလုံး ကလေးသူငယ်အခွင့်အရေးများကို သိရှိပြီး လိုအပ်ချက်များကို တောင်းဆိုလာနိုင်စေရန် ရည်ရွယ်လျက် တိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက စီစဉ်ဖွဲ့စည်းခြင်းဖြစ်သည်။

အဆိုပါ ကလေးသူငယ်ကွန်ရက် ဖွဲ့စည်းနိုင်ရေးအတွက် ၂၀၁၈ ခုနှစ် စက်တင်ဘာလမှစတင်၍ အထောက်အကူပြုကော်မတီ ဖွဲ့စည်းခဲ့ကာ ညှိနှိုင်းဆွေးနွေးခြင်းနှင့် ကလေးများပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပြီးနောက် ယခု 'တောက်ပလင်းလက် ကလေး ကွန်ရက်'ကို ကလေးသူငယ်အဖွဲ့ဝင် ၃၂ ဦးဖြင့် ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။

ယင်းကွန်ရက်တွင် မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ အဖွဲ့အစည်းအသီးသီးမှ ကလေးသူငယ်အဖွဲ့ဝင် ၄၂၇၀ ရှိကြောင်း သိရှိရပြီး အထောက်အကူပြုကော်မတီ၏ ဆက်လက်ဦးဆောင်စီစဉ်မှုဖြင့် အဖွဲ့ဝင်ကလေးငယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း၊ မြို့နယ်အဆင့် ကလေးသူငယ်အဖွဲ့များ ဖွဲ့စည်းခြင်း၊ ကွန်ရက်အဖွဲ့ဝင်ကလေးစာရင်းများ ပြုစုခြင်း၊ အသိအမှတ်ပြုကတ်ပြားများ ထုတ်ပေးခြင်းနှင့် အချင်းချင်း ချိတ်ဆက်ဆောင်ရွက်ခြင်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေဖြိုးလေး(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် အလုပ်ရုံဆွေးနွေးပွဲတွင် လမ်းညွှန်အမှာစကား ပြောကြားစဉ်။

# ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်၍ ဘားအံမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဘားအံ မတ် ၂၅**

ကရင်ပြည်နယ်၊ ဘားအံမြို့တွင် မြို့ရွာသန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ မတ် ၂၃ ရက်ကလည်း ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဦးဆောင်၍ သီရိကွင်း၊ ကန်သာယာနှင့် ပြည်နယ်ပြည်သူ့ဆေးရုံကြီးတို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစောချစ်ခင်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများ၊ ဆရာ ဆရာမများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ ပူးပေါင်းပါဝင်လျက် စုစုပေါင်းအင်အား တစ်ထောင်ကျော်က ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ သီရိကွင်း၊ ကန်သာယာ ကန်ပတ်လမ်းနှင့် ပြည်နယ်ပြည်သူ့ဆေးရုံကြီးတို့၌ ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် စွန့်ပစ်ပလပ်စတစ်များနှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လှိုင်ကော်မြို့နယ်၌ တပ်မတော်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

**လှိုင်ကော် မတ် ၂၅**

ကယားပြည်နယ် လှိုင်ကော်မြို့၌ (၇၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လှိုင်ကော်)က ကြီးမှူးကျင်းပခဲ့သော ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲကို မတ် ၂၄ ရက်က ကန္တရဝတီဂေါက်ကွင်းခန်းမ၌ ကျင်းပခဲ့သည်။

ဆုပေးပွဲတွင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လှိုင်ကော်)မှ ကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်မျိုးသန့်နိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အငယ်တန်း၊ အလယ်တန်းနှင့် အကြီးတန်းအဆင့် ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ပြည်နယ်ဝန်ကြီးချုပ်ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒေသကွပ်ကဲရေးစစ်ဌာနချုပ်(လှိုင်ကော်)မှ ကွပ်ကဲရေးမှူးတို့က ဆုများချီးမြှင့်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဆုရရှိကြသော အားကစားသမားများအား ပံ့ပိုးချီးမြှင့်မှုအနေဖြင့် ကျပ် ၁၀ သိန်းကို ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လှိုင်ကော်)မှ ကွပ်ကဲရေးမှူးထံသို့ ထောက်ပံ့ပေးအပ်ခဲ့သည်။ **လှိုင်ကော်သား**

# ဂန့်ဂေါမြို့နယ်၌ တောင်သူများထံသို့ရေလှဲဆည်နှင့် ရေပေးမြောင်းများ လှူဒါန်း

**ဂန့်ဂေါ မတ် ၂၅**

ဂန့်ဂေါမြို့မှ စံရှားမိသားစုကုမ္ပဏီက ၎င်းတို့ပိုင်ဆိုင်သည့် ရေလွှဲဆည်နှင့် ရေပေးမြောင်းများကို ဂန့်ဂေါမြို့နယ် ဟံသာဝတီကျေးရွာရှိ တောင်သူများထံသို့ မတ် ၂၄ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

ဟံသာဝတီကျေးရွာ အထကကျောင်းခန်းမ၌ကျင်းပသည့် လှူဒါန်းပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက အမှာစကားပြောကြားပြီး စံရှားမိသားစုကုမ္ပဏီမှ ဦးစံရှားက ရေလွှဲဆည်နှင့် ရေပေးမြောင်း ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် လှူဒါန်းသည့်ရည်ရွယ်ချက်ကိုရှင်းလင်းတင်ပြကာ ရေလွှဲဆည်၊ ရေမြောင်းတို့နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျေးရွာ ဆည်မြောင်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးသန်းညွန့်ထံ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။

ရေလွှဲဆည်နှင့် ရေမြောင်း လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ အလှူရှင် ဦးစံရှားက "ဒီရေလွှဲဆည်နဲ့ ရေမြောင်း ဖြစ်လာနိုင်ဖို့ ရေစီးရေလာကောင်းတဲ့ တောင်ကျ ချောက်တစ်ခုကို ၂၀၁၂ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီးတော့ ၂၀၁၃ ခုနှစ်မှာ ပြီးစီးပြီး ရေစတင်ပေးသွင်းနိုင်ခဲ့ပါတယ်၊ ကုန်ကျစရိတ်က ကျပ်သိန်း ၂၅၀၀ ကျော် ကုန်ကျမှုရှိပါတယ်၊ မြောင်းအရှည် သုံးမိုင်ကျော်ရှိပြီးတော့ လယ်မြေ ဧက ၁၅၀ ကျော်ကို မိုးစပါးအောင်ရေ ပေးသွင်းနိုင်ပါတယ်၊ ဆက်လက်ပြုပြင်သွားမယ်ဆိုရင် နောက်ထပ် ဧက ၃၀၀ ကျော် ရေပေးသွင်းသွားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ဦးစံရှားက ပြောသည်။ လှူဒါန်းပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးနှင့် အဖွဲ့သည် ရေလွှဲဆည်နှင့် ရေမြောင်းကိုသွားရောက်ကြည့်ရှုကာ လိုအပ်ချက်များမှာကြားခဲ့သည်။ **ကျော်သန်းဆွေ (ဂန့်ဂေါ)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၅-၃-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၈၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၀/၉၇၅ ကျပ် | ၉၈၅/၁၀၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၀/၉၈၅ ကျပ် | ၁၀၀၀/၁၀၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၅၀/၈၂၅ ကျပ် | ၈၄၅/၈၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၈၅ ကျပ် | ၉၄၀/၉၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၂၅ ・ ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၉ ・ ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၁၃ ・ ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၄ ・ ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၁ ・ ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၇ ・ ၂၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ ・ ၁၅၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၄ ・ ၅၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၄ ・ ၈၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၂၉၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

မျက်မှောက်ခေတ်သည် ကမ္ဘာ့သမိုင်းတွင် တတိယအကြိမ်မြောက် ပါဝါအရွေ့အပြောင်းကာလဖြစ်ပြီး စူပါပါဝါအမေရိကန်နှင့် အနောက်နိုင်ငံများမှလွဲ၍ ကျန်နိုင်ငံများ စန်းထသောကာလဟူ၍ အမေရိကန်ဂျာနယ်လစ် ဖာရိဒ်ဇက္ကရီးယားက ဆိုခဲ့ဖူးသည်။ အိန္ဒိယသမုဒ္ဒရာကို မျက်နှာမူသော အိန္ဒိယနိုင်ငံနှင့် ပစိဖိတ်သမုဒ္ဒရာကို မျက်နှာမူသော တရုတ်နိုင်ငံတို့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်သို့ တက်လှမ်းခဲ့ပြီးနောက်တွင် ''သမုဒ္ဒရာနှစ်စင်း သီအိုရီ'' ပေါ်ထွက်လာသည်။ အဆိုပါ သီအိုရီသည် စူပါပါဝါနိုင်ငံကြီးနှင့်တကွ ပါဝါနိုင်ငံသစ်များ၊ အင်ဒို-ပစိဖိတ်ရပ်ဝန်းမှ နိုင်ငံများနှင့် အာဆီယံနိုင်ငံများအတွက်သာမက မိမိတို့မြန်မာနိုင်ငံအတွက်ပါ အရေးပါသလို စိတ်ဝင်စားဖွယ်ကောင်းပြီး လေ့လာနားလည်ရန်လိုအပ်သည့်အတွက် စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦး လေ့လာပြုစုရေးသားထားသည့် '' သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို- ပစိဖိတ်မဟာဗျူဟာ'' ဆောင်းပါးကို အပတ်စဉ် အခန်းဆက်ဆောင်းပါးအဖြစ် ဖော်ပြအပ်ပါကြောင်း။

(စာတည်းအဖွဲ့)



# သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို-ပစိဖိတ်မဟာဗျူဟာ


တက္ကသိုလ် ဟန်စိုးဦး

*ယခင်အပတ်မှ အဆက်*

**(၁၁) အင်ဒို-ပစိဖိတ်ဒေသတွင်း စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်သည့် ယန္တရားများ**

အင်ဒို-ပစိဖိတ် ဒေသကြီး ၂ခုအကြား စီးပွားရေးအရ ချိတ်ဆက်ဆောင်ရွက်မှု ပမာဏနည်းပါးခြင်းဟာ ဒီဒေသကြီးတွေအကြား အစိုးရအချင်းချင်းအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှု ယန္တရားတွေ တည်ထောင်သွားနိုင်ဖို့ အခက်အခဲတွေ ရှိလာနိုင်ပါတယ်။ နောက်တစ်ချက်က အင်ဒို-ပစိဖိတ်မဟာဗျူဟာ ဟာ ပထဝီနိုင်ငံရေးမှာ နောက်ဆုံးထွက်ပေါ်လာတဲ့ သီအိုရီတစ်ခုဖြစ်ပြီး ဒီမဟာဗျူဟာအပေါ် လုံးလုံးလျားလျားထောက်ခံတဲ့ နိုင်ငံအရေအတွက်ဟာလည်း လက်ချိုးရေလို့ရတဲ့ အနေအထားမှာသာ ရှိနေပါတယ်။ အင်ဒို-ပစိဖိတ် မဟာဗျူဟာကို ထောက်ခံတဲ့နိုင်ငံတွေအကြားမှာတောင် မဟာဗျူဟာအသစ်နဲ့ ညီညွတ်မှုရှိတဲ့ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်တွေကို စတင်အကောင်အထည်ဖော်နေဆဲ ဖြစ်ပါတယ်။ အင်ဒို-ပစိဖိတ်မဟာဗျူဟာရဲ့ အဓိကရည်မှန်းချက်ဖြစ်တဲ့ လုံခြုံရေးဆိုင်ရာကဏ္ဍအတွက် ဒေသတွင်းမှာ ပူးပေါင်းဆောင်ရွက်ရေးယန္တရားအချို့ ရှိနေပြီလို့ ပြောနိုင်ပါတယ်။ အထူးသဖြင့် ဩစတြေးလျ၊ အိန္ဒိယ၊ ဂျပန်နဲ့ အမေရိကန်နိုင်ငံတို့အကြားမှာ ရှိပြီးသားဖြစ်တဲ့ ကာကွယ်ရေးနဲ့ ရေကြောင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်တွေကို ပြောင်းလဲဖွဲ့စည်းခြင်း (ဒါမှမဟုတ်) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်ဖို့ ကြိုးပမ်းနေကြပြီ ဖြစ်ပါတယ်။

လုံခြုံရေးကဏ္ဍနဲ့ ကွဲလွဲမှုရှိနေတာက စီးပွားရေးကဏ္ဍ ဖြစ်ပါတယ်။ အင်ဒို-ပစိဖိတ် မဟာဗျူဟာအသစ်မှာ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်မယ့် လုပ်ငန်းစဉ်တွေဟာ နည်းပါးနေဆဲ ဖြစ်ပါတယ်။ ဒီထက်ပိုဆိုးနိုင်တာက လက်ရှိရှိပြီးသား ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တွေတောင် မဟာဗျူဟာအသစ်ကြောင့် အခက်အခဲတွေနဲ့ ရင်ဆိုင်လာရနိုင်ခြေရှိနေပါတယ်။ လက်ရှိ ရှိပြီးသား ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်တွေအနက် အင်ဒို-ပစိဖိတ် မဟာဗျူဟာအသစ်မှာ ဘောင်ဝင်နိုင်တဲ့ လုပ်ငန်းစဉ်ကတော့ အရှေ့အာရှထိပ်သီးအစည်းအဝေး (East Asia Summit-EAS) ဖြစ်ပါတယ်။ အာဆီယံ+၃ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ကနေ ၂၀၀၅ ခုနှစ်မှာ စတင်ထွက်ပေါ်လာပြီး နိုင်ငံပေါင်း ၁၈ နိုင်ငံ ပါဝင်တဲ့ အရှေ့အာရှထိပ်သီးအစည်းအဝေးဟာ အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမှာ အိန္ဒိယနိုင်ငံကို ပထမဆုံး ထည့်သွင်းဖွဲ့စည်းခဲ့တဲ့ ယန္တရားတစ်ခုဖြစ်ပါတယ်။ ဒါတောင်မှ နိုင်ငံရေးသုတေသီ အချို့ကတော့ အရှေ့အာရှထိပ်သီးအစည်းအဝေးဟာ အင်ဒို-ပစိဖိတ်မဟာဗျူဟာအသစ်အတွက် နိုင်ငံစုံပါဝင်တဲ့ အဖွဲ့အစည်းတစ်ရပ်အဖြစ် ဆောင်ရွက်နိုင်မယ့် အနေအထားမှာ ရှိနိုင်ပေမယ့် သူ့ရဲ့ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးစွမ်းဆောင်ရည်အပိုင်းမှာတော့ အားနည်းသွားနိုင်ကြောင်း ထောက်ပြကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ပထမအချက်အနေနဲ့ အရှေ့အာရှ ထိပ်သီးအစည်းအဝေးဟာ အဖွဲ့ဝင်နိုင်ငံတွေရဲ့ နိုင်ငံခေါင်းဆောင်တွေနဲ့ နိုင်ငံခြားရေးဝန်ကြီးများရဲ့ ဆွေးနွေးပွဲတွေသာရှိပြီး သူ့မှာအမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး (သို့မဟုတ်) တရားဝင်ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းပုံစံမျိုးမရှိလို့ ဖြစ်ပါတယ်။ ဒုတိယအချက်က အရှေ့အာရှထိပ်သီးအစည်းအဝေးမှာ အိန္ဒိယသမုဒ္ဒရာဘက်က အဖွဲ့ဝင်ဆိုလို့ အိန္ဒိယတစ်နိုင်ငံတည်းသာပါဝင်လို့ တကယ့် အင်ဒို-ပစိဖိတ်ဒေသလို့ပြောတာထက် အာရှ-ပစိဖိတ် + အိန္ဒိယလို့ ပြောရင်တောင် မှန်နေလို့ပါပဲ။ တတိယနဲ့ အရေးအကြီးဆုံးအချက်ကတော့ အရှေ့အာရှထိပ်သီးအစည်းအဝေးဟာ ဒေသတွင်းမှာရှိနေတဲ့ အရေးကိစ္စမှန်သမျှကို ကျယ်ကျယ်ပြန့်ပြန့်ညှိနှိုင်း ဆွေးနွေးကြတဲ့ အစည်းအဝေးတစ်ခု ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေအတွင်းမှာ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍဟာ အရှေ့အာရှထိပ်သီးအစည်းအဝေးရဲ့ အထူးဦးစားပေးဆွေးနွေးကြတဲ့ အနေအထားကတောင် မှေးမှိန်လာတဲ့အခြေအနေမှာ ရှိလာခဲ့ပါတယ်။ အခုဆိုရင် အရှေ့အာရှထိပ်သီးအစည်းအဝေး တည်ထောင်တာ ၁၃နှစ်ရှိပြီ ဖြစ်ပေမယ့် အင်ဒို-ပစိဖိတ်ဒေသအကြား စီးပွားရေးကဏ္ဍမှာ လက်တွေ့ကျတဲ့ ပူးပေါင်းဆောင်ရွက်မှုမျိုး ထူးထူးခြားခြား မတွေ့ရသေးပါဘူး။




IORA အဖွဲ့ဝင်နိုင်ငံများပြမြေပုံ

> **''အဖွဲ့ဝင်နိုင်ငံပေါင်း ၂၁ နိုင်ငံပါဝင်တဲ့ IORA အဖွဲ့ဟာ အိန္ဒိယသမုဒ္ဒရာ ကမ်းစပ်တစ်လျှောက်မှာရှိတဲ့ နိုင်ငံတွေအကြား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်တွေကို အလေးပေးပြီး ညှိနှိုင်းဆွေးနွေးတဲ့ အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေအတွင်းမှာလည်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်သစ် အများအပြားကို တက်တက်ကြွကြွ ဖော်ထုတ်လာခဲ့တာကို တွေ့မြင်ရပါတယ်''**

နောက်ထပ်ရှိပြီးသား အဖွဲ့အစည်းတစ်ခုကတော့ အိန္ဒိယသမုဒ္ဒရာ ကမ်းစပ်နိုင်ငံများအဖွဲ့ (Indian Ocean Rim Association-IORA) ဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံပေါင်း ၂၁ နိုင်ငံပါဝင်တဲ့ IORA အဖွဲ့ဟာ အိန္ဒိယသမုဒ္ဒရာ ကမ်းစပ်တစ်လျှောက်မှာရှိတဲ့ နိုင်ငံတွေအကြား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်တွေကို အလေးပေးပြီး ညှိနှိုင်းဆွေးနွေးတဲ့ အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေအတွင်းမှာလည်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်သစ် အများအပြားကို တက်တက်ကြွကြွ ဖော်ထုတ်လာခဲ့တာကို တွေ့မြင်ရပါတယ်။ ဒီအစီအစဉ်သစ်တွေအနက် အဖွဲ့ဝင်နိုင်ငံတွေအကြား ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ရေးဆိုင်ရာ ကတိကဝတ်တွေပါဝင်တဲ့ IORA စီးပွားရေးကြေညာစာတမ်း (၂၀၁၄) နဲ့ ပင်လယ်ပြင်အတွင်းရှိ အရင်းအမြစ်များ စီမံခန့်ခွဲမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မောရီသျှပင်လယ်ပြာ ကြေညာစာတမ်း (၂၀၁၅) တို့ ပါဝင်ပါတယ်။ သို့သော်လည်း IORA အဖွဲ့ကြီးမှာ အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်မှုက အဓိကကန့်သတ်ချက်တစ်ခုဖြစ်နေပါတယ်။ တစ်နည်းအားဖြင့် အရှေ့အာရှထိပ်သီးအစည်းအဝေးမှာ အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်မှုနဲ့ ဆန့်ကျင်ဘက် ဖြစ်နေပါတယ်။ IORA အဖွဲ့မှာ ဩစတြေးလျ၊ အိန္ဒိယ၊ အင်ဒိုနီးရှားနဲ့ စင်ကာပူနိုင်ငံတို့ ပါဝင်နေသော်လည်း အာရှဒေသရဲ့ တကယ့်စီးပွားရေးအင်အားကြီးနိုင်ငံတွေဖြစ်ကြတဲ့ တရုတ်၊ ဂျပန်နဲ့ အမေရိကန်နိုင်ငံတို့ဟာ IORA အဖွဲ့မှာ တင်းပြည့်အဖွဲ့ဝင်အဖြစ် မရရှိဘဲ ဆွေးနွေးဖက် မိတ်ဖက်နိုင်ငံအဆင့်သာ ပါဝင်ခွင့်ရရှိနေကြပါတယ်။ အိန္ဒိယသမုဒ္ဒရာကမ်းစပ်တစ်လျှောက်မှာရှိတဲ့ နိုင်ငံတွေသာ အဖွဲ့ဝင် ဖြစ်ခွင့်ရရှိတဲ့ IORA အဖွဲ့ကြီးဟာ အင်ဒို-ပစိဖိတ်ဒေသမှာ အကျုံးဝင်တဲ့ အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာ ၂ ခုကို ပေါင်းကူးသဖွယ်ဆောင်ရွက်ပေးနိုင်တဲ့ အနေအထားမှာလည်းမရှိကြောင်း တွေ့မြင်နိုင်ပါတယ်။

အင်ဒို-ပစိဖိတ်မဟာဗျူဟာမှာ အကျုံးဝင်တဲ့ နိုင်ငံတွေအကြား စီးပွားရေးအရ ပေါင်းကူးဆက်သွယ်ပေးနိုင်မယ့် အလားအလာရှိတာကတော့ နှစ်နိုင်ငံချင်းအကြား လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်စာချုပ်တွေ ချုပ်ဆိုဆောင်ရွက်ခြင်းနည်းလမ်း ဖြစ်ပါတယ်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး (WTO) ရဲ့ ဒိုဟာစားပွဲဝိုင်းဆွေးနွေးပွဲတွေ ရှေ့မတိုးနောက်မဆုတ်ဖြစ်နေတဲ့ အခြေအနေကြောင့် ကုန်သွယ်ရေးအတွက် အခြားရွေးချယ်စရာလမ်းကြောင်းအဖြစ် အာရှနိုင်ငံများဟာ ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်း လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက် စာချုပ်တွေ ချုပ်ဆိုဆောင်ရွက်ခဲ့ကြပါတယ်။ ၂၀၁၆ ခုနှစ် အကုန်ခန့်မှာ အေပက်အဖွဲ့ဝင်နိုင်ငံတွေဟာ အဖွဲ့ဝင်နိုင်ငံအချင်းချင်းအကြား လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်စာချုပ်ပေါင်း ၅၄ ခုကို ချုပ်ဆိုခဲ့ကြသလို ဒေသပြင်ပက နိုင်ငံတွေနဲ့လည်း နောက်ထပ်လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက်စာချုပ် ၆၀ ကို ချုပ်ဆိုခဲ့ကြပါတယ်။ ဒီလွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက် စာချုပ်တွေရဲ့ အရေးကြီးတဲ့ အချက်တစ်ချက်က ချုပ်ဆိုတဲ့ နိုင်ငံတွေအကြား သာမန်အခွန်အကောက်လျှော့ချရုံ၊ ကုန်သွယ်ရေးအတားအဆီးတွေ ဖယ်ရှားပေးရုံသာမကဘဲ WTO ဆွေးနွေးပွဲတွေမှာ မပါဝင်တဲ့ ပြဋ္ဌာန်းချက်တွေ (WTO Plus' Provisions) ပါဝင်နေခြင်းပဲ ဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်တွေကို အများအားဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်မှုနဲ့ ဉာဏပစ္စည်းမူပိုင်ခွင့်ကိစ္စရပ်တွေမှာ မိမိတို့ပြည်တွင်းမှာရှိတဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့ ကိုက်ညီမှု ရှိစေဖို့ ထည့်သွင်းခဲ့တာဖြစ်ပါတယ်။ အခုဆိုရင် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက် စာချုပ်ပေါင်း ၁၀၀ ကျော်ဟာ အာရှဒေသရဲ့ ကုန်သွယ်မှုကို ထိန်းကျောင်းလျက် ရှိနေပါတယ်။

သို့သော်လည်း အာရှဒေသရဲ့လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်စာချုပ်တွေဟာ အနောက်ဘက်မှာရှိတဲ့ အိန္ဒိယသမုဒ္ဒရာဘက်ဆီကို အခုအချိန်အထိ ဆန့်တန်းဖြန့်ကြက်လာခြင်း မရှိသေးတာကို တွေ့ရပါတယ်။ အာရှဒေသရဲ့ အဓိကစီးပွားရေး အင်အားကြီးနိုင်ငံတွေ အကြားမှာ လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက်စာချုပ်တွေ အများအပြားရှိနေသော်လည်း အိန္ဒိယသမုဒ္ဒရာဒေသတွင်းမှာ လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက်စာချုပ် ၂၃ ခုသာရှိပြီး အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာကို ဆက်သွယ်ထားတဲ့ လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်စာချုပ်က ၈ ခုပဲရှိပါတယ်။ အဲဒီ ၈ ခုထဲမှာလည်း ၅ ခုက အိန္ဒိယနိုင်ငံနဲ့ ချုပ်ဆိုထားတာဖြစ်တဲ့အတွက် အာရှဒေသနဲ့ အိန္ဒိယသမုဒ္ဒရာဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေအကြား ကုန်သွယ်ရေးအရ ထိတွေ့ဆက်ဆံမှုတွေ အတော်လေး နည်းပါးနေတာကို တွေ့မြင်နိုင်ပါတယ်။ ဒီလိုဒေသကြီးတွေအကြား အပြန်အလှန် လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက်စာချုပ်တွေ မရှိခြင်းကြောင့် ဒေသရဲ့ကုန်သွယ်ရေး လည်ပတ်မှုစနစ်ကြီးဟာ အာရှဒေသကိုသာ ဗဟိုပြုနေပြီး အိန္ဒိယသမုဒ္ဒရာနိုင်ငံတွေဟာ ဘေးရောက်နေတဲ့ အနေအထားမှာရှိနေတာကို ညွှန်ပြနေပါတယ်။

အာရှဒေသရဲ့ ကုန်သွယ်မှုစနစ်အတွင်းမှာ နောက်ထပ်ဖြစ်ပေါ်တိုးတက်မှုတွေကတော့ ၂၀၁၃ ခုနှစ်မှာ စတင်ညှိနှိုင်းဆွေးနွေးလာခဲ့တဲ့ ဒေသတွင်း ဘက်စုံစီးပွားရေးမိတ်ဖက်ဖွဲ့စည်းမှု အစီအစဉ် (Regional Comprehensive Economic Partnership-RCEP) ဖြစ်ပါတယ်။ အာရှဒေသမှာ RCEP နဲ့ ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဖွဲ့စည်းမှုအစီအစဉ် (Trans-Pacific Partnership-TPP) တို့ဟာ အဓိကကျတဲ့ ဒေသဆိုင်ရာ လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက်ကြီး ၂ခု ဖြစ်ပါတယ်။ RCEP ရဲ့ ရည်ရွယ်ချက်က အာဆီယံအဖွဲ့ဝင်နိုင်ငံများနဲ့ အာဆီယံရဲ့ မိတ်ဖက် ၆နိုင်ငံ အကြားမှာရှိပြီးဖြစ်တဲ့ လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက်တွေကို တစ်ခုတည်းအဖြစ် ပေါင်းစည်းနိုင်စေဖို့ဖြစ်ပါတယ်။ ဒီလိုပေါင်းစည်းနိုင်ခဲ့ရင် အာရှဒေသအတွင်းမှာရှိနေတဲ့ နှစ်နိုင်ငံချင်းအလိုက် လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက်တွေဟာ နိုင်ငံစုံပါဝင်တဲ့ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်ကြီး တစ်ခုအဖြစ် ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ TPP နဲ့ နှိုင်းယှဉ်ရင် RCEP ရဲ့ အားသာချက်တစ်ခုက သူ့ရဲ့အဖွဲ့ဝင်တွေဟာ အင်ဒို-ပစိဖိတ်ဒေသဆန်ဆန် အဖွဲ့ဝင်တွေ ပါဝင်နေခြင်းပဲ ဖြစ်ပါတယ်။ RCEP မှာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၊ အာရှဒေသမှာရှိတဲ့ အဓိကစီးပွားရေး အင်အားကြီးနိုင်ငံတွေနဲ့ အိန္ဒိယနိုင်ငံတို့ ပါဝင်နေပါတယ်။ ဒါကြောင့် တကယ်လို့များ RCEP ဆိုင်ရာဆွေးနွေးပွဲတွေ အဆုံးသတ်အောင်မြင်ခဲ့မယ်ဆိုရင် RCEP ဟာ အင်ဒို-ပစိဖိတ်မူဘောင်အတွင်းမှာ ပထမဆုံး ဖွဲ့စည်းတည်ထောင်နိုင်ခဲ့တဲ့ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ပေါ်ထွက်လာမှာဖြစ်ပါတယ်။

*စာမျက်နှာ ၁၉ သို့*

*စာမျက်နှာ ၁၈ မှ*

ဒီနေရာမှာ အကယ်၍ RCEP ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ် ပေါ်ထွက်လာခဲ့ရင်တောင် RCEP ဟာ အင်ဒို-ပစိဖိတ်မဟာ ဗျူဟာအတွက် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လိုအပ်ချက်တွေအားလုံးကို ဖြည့်ဆည်းပေးနိုင်မယ့် အနေအထားမှာ မရှိဘူးဆိုတာ သတိပြုရမှာ ဖြစ်ပါတယ်။ အာရှဒေသမှာရှိနေတဲ့ အခြားလွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်တွေနဲ့ နှိုင်းယှဉ်ရင် RCEP ဟာ သိပ်ပြီး မျှော်မှန်းချက်ကြီးမားတဲ့ သဘောတူညီချက်မျိုးမဟုတ်ဘဲ သူ့မှာ အခွန်အကောက် အနည်းအကျဉ်းလျှော့ချရေးနဲ့ WTO ဆွေးနွေးပွဲတွေမှာ မပါဝင်တဲ့ ပြဋ္ဌာန်းချက်အချို့ ပါဝင်ပါတယ်။ အခုလက်ရှိအနေအထားမှာတော့ RCEP ဆွေးနွေးပွဲတွေဟာ အိန္ဒိယနိုင်ငံနဲ့ အခြား RCEP အဖွဲ့ဝင်နိုင်ငံတွေအကြား အခွန်အကောက်လျှော့ချရေးဆိုင်ရာ အတိုင်းအတာနဲ့ ဖွဲ့စည်းတည်ဆောက်မှုအပိုင်းမှာ အငြင်းပွားမှုတွေရှိနေတာကြောင့် အဟန့်အတားတွေရှိနေဆဲ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံဟာ အချို့ကဏ္ဍတွေမှာ အခွန်အကောက် လျှော့ချပေးမှုကြောင့် သူ့ရဲ့ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကို ဖွင့်ပေးလိုက်ရင် တရုတ်နိုင်ငံကလုပ်ငန်းတွေ အပြိုင်အဆိုင်ဝင်ရောက်လာမှာကို စိုးရိမ်နေတဲ့အနေအထားမှာ ရှိနေပါတယ်။ ဒါကြောင့် RCEP ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းစဉ်တွေဟာ အောင်မြင်မှု ရရှိပါ့မလား၊ ဘယ်လိုစံနှုန်းစံထားတွေနဲ့ ထွက်ပေါ်လာမလဲ ဆိုတာ စောင့်ကြည့်ကြရဦးမှာ ဖြစ်ပါတယ်။ ဒါ့အပြင် RCEP အခင်းအကျင်းမှာ အိန္ဒိယသမုဒ္ဒရာဘက်အခြမ်းက ပါဝင်တာဆိုလို့ အိန္ဒိယတစ်နိုင်ငံပဲရှိသလို အိန္ဒိယနိုင်ငံရဲ့စီးပွားရေးဟာ အာရှကုန်သွယ်ရေး အခင်းအကျင်းမှာ ပါဝင်ဖို့ လိုအပ်မှု အနည်းဆုံး အနေအထားမှာ ရှိနေပါတယ်။ ဒါကြောင့် အင်ဒို-ပစိဖိတ် ကုန်သွယ်ရေးစနစ်တစ်ရပ် ပေါ်ထွက်လာစေဖို့ဆိုရင် ဆောင်ရွက်စရာတွေ အများကြီးရှိနေသေးတာကို တွေ့မြင်နိုင်ပါတယ်။

ပြီးခဲ့တဲ့ ဆယ်စုနှစ်တွေအတွင်း အာရှ-ပစိဖိတ်ဒေသမှာ ရေရှည်တည်တံ့တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေရဲ့ အခြေခံဟာ စီးပွားရေးပဲဖြစ်ပါတယ်။ စီးပွားရေးအရ ပေါင်းစည်းမှုတွေ ရှိလာစေဖို့ ကြိုးပမ်းဆောင်ရွက်ခြင်းကနေတစ်ဆင့် အေပက်နဲ့ အာဆီယံတို့လို အဖွဲ့အစည်းတွေ ပေါ်ပေါက်လာခြင်း ဖြစ်ပါတယ်။ ဒီအချက်ဟာ အမေရိကန်နဲ့ တရုတ်နိုင်ငံတို့လို ကာကွယ်ရေးနဲ့ လုံခြုံရေးအရ ပြိုင်ဘက်နိုင်ငံတွေအကြား ပူးပေါင်းဆောင်ရွက်တဲ့ ဆက်ဆံရေးအနေအထား ရရှိဖို့ အရေးကြီးတာကို တွေ့မြင်နိုင်ပါတယ်။

**(၁၂)အင်ဒို-ပစိဖိတ်မဟာဗျူဟာအပေါ် တရုတ်နိုင်ငံ၏ သဘောထားအမြင်**

တရုတ်နိုင်ငံ အစိုးရတာဝန်ရှိသူတွေအနေနဲ့ကတော့ ဒီကနေ့အချိန်အထိ အင်ဒို-ပစိဖိတ်မဟာဗျူဟာနဲ့ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောကြားတာတွေ၊ ဆွေးနွေးပြောကြားတာတွေ မရှိသေးပေမယ့် တရုတ်နိုင်ငံ ပညာရှင်အသိုက်အဝန်းမှာတော့ ဒီမဟာဗျူဟာနဲ့ပတ်သက်ပြီး အယူအဆတွေ၊ တရုတ်နိုင်ငံနဲ့ ဒေသတွင်းအပေါ် ရိုက်ခတ်မှုရှိလာနိုင်တဲ့ အခြေအနေတွေနဲ့ အနာဂတ်ကာလမှာ ဖြစ်ပေါ်လာနိုင်တဲ့ တရုတ်-အမေရိကန်ဆက်ဆံရေး အခြေအနေတွေအပေါ် ငြင်းခုံဆွေးနွေးနေကြပြီ ဖြစ်ပါတယ်။

တရုတ်နိုင်ငံပညာရှင် အချို့ကတော့ အင်ဒို-ပစိဖိတ်မဟာဗျူဟာနဲ့ပတ်သက်ပြီး အမေရိကန်နိုင်ငံရဲ့ ကနဦးမျှော်မှန်းချက်ကတော့ ပစိဖိတ်သမုဒ္ဒရာနဲ့ အိန္ဒိယသမုဒ္ဒရာ ၂စင်း မှာရှိတဲ့ နိုင်ငံတွေအကြား ဆက်စပ်ပေါင်းစည်းလာစေဖို့၊ တရုတ်နိုင်ငံရဲ့အင်အားကြီးမားလာမှုကို ပထဝီနိုင်ငံရေးအရ ထိန်းချုပ်နိုင်ဖို့နဲ့ ဒေသတွင်းမှာ အမေရိကန်နိုင်ငံရဲ့ ဦးဆောင်မှုအခန်းကဏ္ဍနဲ့ အကျိုးစီးပွားတွေကို ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့ပဲဖြစ်တယ်လို့ ထောက်ပြကြပါတယ်။ တရုတ်နိုင်ငံ ဖူဒန်းတက္ကသိုလ်က သုတေသီပညာရှင်တစ်ဦးဖြစ်တဲ့ Lin Minwang ကတော့ အခုအချိန်မှာ အင်ဒို-ပစိဖိတ်မဟာဗျူဟာ ဟာ အယူအဆဖော်ဆောင်မှုတစ်ရပ်အဖြစ် ကနဦးအဆင့်မှာသာ ရှိနေသေးပြီး လက်တွေ့အကောင်အထည်ဖော်ဖို့ ဆောင်ရွက်သွားရန်အများကြီး လိုအပ်နေသေးကြောင်း၊ လက်ရှိ အမေရိကန်၊ ဂျပန်၊ အိန္ဒိယနဲ့ ဩစတြေးလျနိုင်ငံတို့အကြား ပြုလုပ်နေတဲ့ ၄နိုင်ငံလုံခြုံရေးဆွေးနွေးပွဲ (The Quadrilateral Security Dialogue) တွေဟာ အင်ဒို-ပစိဖိတ် မဟာဗျူဟာကို လက်တွေ့အကောင်အထည်ဖော်ဖို့ အစပျိုးတဲ့ အခြေအနေမှာသာ ရှိနေကြောင်း ပြောကြားခဲ့ပါတယ်။ စင်ကာပူနိုင်ငံမှာ အခြေစိုက်ပြီး ထင်ရှားတဲ့ တရုတ်ပညာရှင် Zheng Yongnian ကတော့ အင်ဒို-ပစိဖိတ် မဟာဗျူဟာကို ဖော်ဆောင်လာခြင်းဟာ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းနဲ့ အင်အားပြိုင်ဆိုင်မှုတွေဟာ ကြီးမားတဲ့အပြောင်းအလဲကာလ တစ်ရပ်သို့ ရောက်ရှိလာခြင်းကို ဆက်စပ်ဖော်ညွှန်းပြသနေတယ်လို့ ထောက်ပြပါတယ်။ တစ်နည်းအားဖြင့် အာရှဒေသမှာ ပထဝီနိုင်ငံရေးအနေအထားတွေ ပြောင်းလဲလာမှုနဲ့ ဒေသရဲ့ လက်ရှိနိုင်ငံရေး အခင်းအကျင်းကို ပြောင်းလဲပုံဖော်နိုင်ဖို့ ကြိုးပမ်းချက်တစ်ရပ်လို့ ဆိုလိုခြင်း ဖြစ်ပါတယ်။

အလားတူ တရုတ်နိုင်ငံ ရန်မင်းတက္ကသိုလ်က တရုတ်နိုင်ငံရဲ့ အထင်ကရ ပညာရှင်တစ်ဦးဖြစ်တဲ့ Jin Canrong ကတော့ အင်ဒို-ပစိဖိတ် မဟာဗျူဟာကို အဓိကပုံဖော်နေသူတွေကတော့ The Quad လို့ ခေါ်ဝေါ်နေကြတဲ့ အမေရိကန်၊ ဂျပန်၊ အိန္ဒိယနဲ့ ဩစတြေးလျ ၄နိုင်ငံသာဖြစ်ကြောင်း၊ အမေရိကန်-ဂျပန်-အိန္ဒိယ-ဩစတြေးလျ မဟာမိတ်ဖွဲ့စည်းမှုကတော့ ဒီမိုကရေစီစံနှုန်းစံထားတွေအပေါ် အခြေပြုထားပြီး အမေရိကန်က ထောက်ခံအားပေးကာ ဂျပန်နိုင်ငံက ဦးစီးဆောင်ရွက်နေတဲ့ ဂျပန်-အိန္ဒိယ-ဩစတြေးလျ-ဗီယက်နမ် အုပ်စုဖွဲ့စည်းမှုကတော့ ပထဝီနိုင်ငံရေး အယူအဆအပေါ် အခြေပြုထားတယ်လို့ ပြောကြားခဲ့ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ "အမေရိကန် အကျိုးစီးပွားသည်သာ ပထမ" မူဝါဒကြောင့် ပြည်တွင်းမှာလည်း အင်ဒို-ပစိဖိတ်မူဝါဒအပေါ် စိတ်ပါဝင်စားမှု နည်းပါးနိုင်သလို အင်ဒို-ပစိဖိတ်ဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေကလည်း အင်အားကျဆင်းလာနေတဲ့ အမေရိကန်နိုင်ငံ တစ်နိုင်ငံတည်းအပေါ်မှာ မှီခိုရမယ့် အနေအထားကနေ ကင်းလွတ်အောင် မူဝါဒတွေ ချမှတ် ဆောင်ရွက်မယ့် အနေအထားမှာ ရှိနေတာကြောင့် အင်ဒို-ပစိဖိတ်မူဝါဒဟာ မသေချာမရေရာမှုတွေ အပြည့်ရှိနေဆဲ ဖြစ်တယ်လို့ တရုတ်ပညာရှင်တွေက ထောက်ပြပါတယ်။ ပိုပြီးဆိုးရွားတဲ့ အချက်က အမေရိကန်အနေနဲ့ အင်ဒို-ပစိဖိတ်မူဝါဒကို အကောင်အထည်ဖော်လာရင်တောင် တရုတ်နိုင်ငံက ဘယ်လိုတုံ့ပြန်လာမလဲဆိုတဲ့ အချက်ပေါ်မှာလည်း အများကြီးတည်မှီနေပါတယ်။ အင်ဒို-ပစိဖိတ်မဟာဗျူဟာ ဟာ တရုတ်နိုင်ငံရဲ့ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု မဟာစီမံကိန်းကြီးကနေတစ်ဆင့် ဒေသတွင်း နိုင်ငံရေးအခင်းအကျင်းသစ်တစ်ရပ် ဖော်ဆောင်လာမှာကို တုံ့ပြန်နိုင်ဖို့ ရည်ရွယ်ဆောင်ရွက်တယ်ဆိုရင်လည်း အမေရိကန်နိုင်ငံအနေနဲ့ လိုအပ်တဲ့ငွေကြေးအရင်းအမြစ်အပါအဝင် အခြားအရင်းအမြစ်တွေ သုံးစွဲနိုင်တဲ့ အနေအထားမှာ ရှိ/မရှိနဲ့ အင်ဒို-ပစိဖိတ်ဒေသမှာ ပါဝင်နေတဲ့ နိုင်ငံတစ်နိုင်ငံချင်းစီအနေနဲ့ အပြည့်အဝပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မယ့်အနေအထားမှာ ရှိ/မရှိ စတဲ့အချက်တွေအပေါ်မှာလည်း မေးခွန်းထုတ်နေကြပါတယ်။

သို့သော်လည်း တရုတ်နိုင်ငံပညာရှင်အချို့ကတော့ အင်ဒို-ပစိဖိတ်မူဝါဒရဲ့ ရည်မှန်းချက်တွေ အောင်မြင်မှု ရှိ/မရှိ ဆိုတာထက် အမေရိကန်အနေနဲ့ကတော့ တောင်တရုတ်ပင်လယ်အရေးကိစ္စမှာ တရုတ်နိုင်ငံကို ထိန်းချုပ်ထားနိုင်ဖို့ရယ်၊




**RCEP အဖွဲ့ဝင်နိုင်ငံများပြမြေပုံ**

တရုတ်နိုင်ငံရဲ့ အင်အားကြီးမားလာမှုကို တားဆီးနိုင်ဖို့ရယ် ရည်ရွယ်ပြီး ဒေသတွင်းရှိ မဟာမိတ်နိုင်ငံများ၊ အနောက်နိုင်ငံများမှ မဟာမိတ် များကို အသုံးချပြီး ဆောင်ရွက်သွားမှာ သေချာကြောင်း၊ အဲဒီလိုဆောင်ရွက်ရာမှာ ဒီမိုကရေစီ စံနှုန်းစံထားတွေအပေါ်အခြေခံပြီး နိုင်ငံရေးအရ စိတ်သဘောထားချင်းကိုက်ညီသူများ အပေါ် အခြေခံပြီး သံတမန် နည်းလမ်းအရနဲ့ စစ်ရေးလေ့ကျင့်မှု များ၊ စစ်လက်နက်ပစ္စည်းရောင်းချခြင်းများ အပေါ် အခြေပြုပြီး ကာကွယ်ရေးနည်းလမ်းများအရ လုပ်ဆောင်သွားမယ့်အနေ အထားမှာ ရှိနေကြောင်း၊ တစ်နည်းအားဖြင့် အမေရိကန်နိုင်ငံဟာ သူ့ရဲ့အင်အားကြီးမားမှု အနေအထားကို ဆက်လက်လက်ဝါးကြီးအုပ်ထားနိုင်ဖို့ တရုတ်နိုင်ငံ အင်အားနည်းပါးလာအောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားကြပါတယ်။

အမေရိကန်နိုင်ငံအနေနဲ့ အင်ဒို-ပစိဖိတ်မဟာဗျူဟာကို ဆက်လက်အကောင်အထည် ဖော်လာမယ်ဆိုရင် တရုတ်-အမေရိကန်နှစ်နိုင်ငံ ဆက်ဆံရေးအပေါ် ထိခိုက်မှုတွေ ရှိလာနိုင်တယ်လို့ တရုတ်နိုင်ငံပညာရှင်တွေက သုံးသပ်ကြပေမယ့် တကယ်လက်တွေ့မှာ အင်ဒို-ပစိဖိတ် မဟာဗျူဟာ ဟာ ကနဦးအစအနေအထားမှာပဲ ရှိနေခြင်းကြောင့် တရုတ်အာဏာပိုင်တွေအနေနဲ့ လက်ရှိအနေအထားမှာ သိပ်ပြီးစိုးရိမ်ပူပန်မှုတွေ ပြသမှုမရှိတာကိုတော့ တွေ့မြင်နေရပါတယ်။ တချို့အကောင်းမြင်လွန်းတဲ့ ပညာရှင်တွေကဆို အမေရိကန်ရဲ့ အင်ဒို-ပစိဖိတ်မဟာဗျူဟာနဲ့ တရုတ်နိုင်ငံရဲ့ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံကိန်းကြီးတွေဟာ ပဋိပက္ခအသွင်ဆောင်စရာ မလိုအပ်ဘူးလို့တောင် ထောက်ပြကြပါတယ်။ သူတို့အမြင်အရ အင်ဒို-ပစိဖိတ်မဟာဗျူဟာကို အကောင်အထည်ဖော်တဲ့ အဓိကနိုင်ငံတွေအနေနဲ့ တရုတ်နိုင်ငံက အဆိုပြုထားတဲ့ ညှိနှိုင်းဆွေးနွေးခြင်း၊ ပူးတွဲတည်ဆောက် အကောင်အထည်ဖော်ခြင်းနဲ့ မျှဝေခံစားခြင်းမူဝါဒတွေကို လိုက်နာဆောင်ရွက်နိုင်မယ်ဆိုရင် အင်ဒို-ပစိဖိတ်မဟာဗျူဟာဟာ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု မဟာဗျူဟာရဲ့ အစိတ်အပိုင်းတစ်ရပ်တောင် ဖြစ်လာနိုင်တယ်လို့ ပြောကြပါတယ်။

အင်ဒို-ပစိဖိတ်မဟာဗျူဟာအပေါ် အဆိုးမြင်တဲ့ တရုတ်ပညာရှင်တွေကတော့ ဒီမူဝါဒကြောင့် ရေရှည်မှာ တရုတ်-အမေရိကန်ဆက်ဆံရေးဆိုးရွားလာမှာကို စိုးရိမ်ပူပန်မှုတွေ ရှိနေကြပါတယ်။ အင်ဒို-ပစိဖိတ်မူဝါဒဟာ တရုတ်နိုင်ငံရဲ့အနီးအနားမှာရှိနေတဲ့ မဟာဗျူဟာမြောက်ပတ်ဝန်းကျင်အပေါ် ရေတိုကာလအတွင်းမှာ အပြုသဘောမဆောင်တဲ့ အကျိုးသက်ရောက်မှုတွေ ရှိလာနိုင်ကြောင်း၊ ရေရှည်မှာဆိုရင် စစ်အေးတိုက်ပွဲသစ်တစ်ရပ်အထိ ရောက်ရှိလာနိုင်ကြောင်း ထောက်ပြကြပါတယ်။ ဒါကြောင့် လက်ရှိအစပျိုးအနေအထားမှာသာရှိနေသေးတဲ့ အင်ဒို-ပစိဖိတ် မူဝါဒဟာ တရုတ်နိုင်ငံအတွင်းမှာတောင် အယူအဆတွေအမျိုးမျိုး ကွဲပြားခြားနားနေကြဆဲဖြစ်ပါတယ်။ တကယ်တော့ အင်ဒို-ပစိဖိတ်မဟာဗျူဟာအောင်မြင်မှုနဲ့ ထိရောက်မှုရှိစေဖို့ အမေရိကန်၊ ဂျပန်၊ ဩစတြေးလျနဲ့ အိန္ဒိယနိုင်ငံတို့အကြား ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားရမယ့် လုပ်ငန်းဆောင်တာတွေက အများအပြားရှိနေပြီး ဒါတွေကိုလက်တွေ့မှာ အောင်မြင်စွာ ဆောင်ရွက်လာနိုင်မလားဆိုတာကို တရုတ်နိုင်ငံကတော့ စောင့်ကြည့်နေမှာ အသေအချာပဲဖြစ်ပါတယ်။

**ယခုဆောင်းပါးတွင် ဖော်ပြထားသည့်အချက်အလက်များသည် စာရေးသူအပါအဝင် လူပုဂ္ဂိုလ် တစ်ဦး၊ အဖွဲ့အစည်းတစ်ရပ်၏ သဘောထားအမြင်ကို ထင်ဟပ်ခြင်းမရှိဘဲ သက်ဆိုင်ရာနိုင်ငံများ၏ မူဝါဒများ၊ အယူအဆများကို လေ့လာရေးသားထားခြင်းသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။**

**(စာရေးသူ)**

# ဂန့်ဂေါမြို့နယ် တောင်ယာပြင်ကျေးရွာ၌ သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ဂန့်ဂေါ မတ် ၂၅**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် တောင်ယာပြင်ကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် အဝီစိစက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်ပေ ၂၀ရှိ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက် ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၂ ဒသမ ၁ သန်းဖြင့် အနက်ပေ ၃၀၀ရှိ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်ပေ ၂၀ရှိ ဂါလန် ၂၄၀၀ဆံ့ စင်မြင့်ရေစင်တည်ဆောက် ခြင်း၊ အလျား ၄ါးပေ၊ အနံ ၄ါးပေ၊ အမြင့် ခုနစ်ပေ ရှိ ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ဂန့်ဂေါခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် တောင်ယာပြင်ကျေးရွာ အပါအဝင် ကျေးရွာ ၁၆ ရွာ၌ စက်ရေတွင်း တူးဖော်ခြင်း လုပ်ငန်းတစ်ခု၊ လက်တူးတွင်း တူးဖော်ခြင်းလုပ်ငန်းနှစ်ခု၊ မြေသားရေကန် တူးဖော်ခြင်း လုပ်ငန်းနှစ်ခု၊ စိမ့်စမ်းရေ သွယ်ယူခြင်း လုပ်ငန်းနှစ်ခု၊ အခြားရေရရှိရေး လုပ်ငန်းကိုးခုကို ငွေကျပ် ၁၉၁ ဒသမ ၃၈၄ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း သည်။

**သန်းလွင်(မကွေး)**

**ဂါလန် ၂၄၀၀ ဆံ့ ရေစင် တည် ဆောက် ပြီးစီးမှုကို တွေ့ရစဉ်။**



# ပြည်တွင်းထုတ် လယ်ယာသုံးစက်များ ရောင်းအား လျော့ကျ

**နေပြည်တော် မတ် ၂၅**

ပြည်ပတွင်ထုတ်လုပ်ပြီး ပြည်တွင်းသို့ ရောက်ရှိလာသည့် ခေတ်မီလယ်ယာလုပ်ငန်းသုံး သီးနှံရိတ်သိမ်းခြွေလှေ့စက်များကို တောင်သူများ ငှားရမ်းအသုံးပြုလာမှု များပြားလာသောကြောင့် ပြည်တွင်း ပုဂ္ဂလိက သီးနှံခြွေလှေ့စက် ထုတ်လုပ်ရောင်းဝယ်ရေး လုပ်ငန်းရှင်များ သိသိသာသာ အရောင်းဝယ်များ ကျဆင်းလာခဲ့ပြီး ခက်ခဲစွာ ရပ်တည်လုပ်ကိုင်နေကြရသည်။ယခင် ၂၀၀၇ ခုနှစ်က စတင်ထုတ်လုပ်ခဲ့သည့် သီးနှံခြွေလှေ့စက်များကို တစ်နှစ်လျှင် စက်အလုံးပေါင်း ရာနှင့်ချီ၍ ရောင်းချခဲ့ရကြောင်း၊ ယခုအချိန်တွင် တစ်နှစ်လျှင် ပျမ်းမျှ ၄၀ နှင့် ၅၀ ခန့်သာ ရောင်းချနေရကြောင်း၊ အခြားထုတ်ကုန်အမယ် ပြောင်းလဲထုတ်လုပ်ရန်လည်း စီစဉ်လျက်ရှိကြောင်းသိရသည်။ ဝ၁၄

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဂွမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**ဂွ မတ် ၂၅**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် အဖွဲ့သည် ယနေ့နံနက် ၇ နာရီတွင် ဂွမြို့နယ် ပုန်းညက်ကျေးရွာရှိ ပုန်းညက်ပန်းစာကြည့်တိုက်၌ ကျေးရွာလူထုနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**ဦးစားပေးဆောင်ရွက်ပေးလျက်ရှိ**

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများအပေါ်မူတည်၍ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များထက် ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့်လည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်တွင်းပြည်ပ ပညာရှင်များ၊ အဖွဲ့အစည်းများ၊ သံတမန်များ၊ လုပ်ငန်းရှင်များ ဖိတ်ခေါ်ရေးစီမံကိန်းများ ရေးဆွဲထားပါကြောင်း၊ ထိုစီမံချက်များတွင် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း စသည့်ကဏ္ဍများပါဝင်ပါကြောင်း၊ တက်ရောက်လာကြသူများကလည်း မိမိဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များနှင့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထို့နောက် ဒေသခံပြည်သူများက ကျေးရွာမြေသားလမ်းဖောက်လုပ်ရေး၊ တစ်မြို့နယ်လုံး လျှပ်စစ်မီးရရှိရေး၊ တံတားတည်ဆောက်ရေး၊ အခြေခံပညာကျောင်းများတွင် ဆရာ၊ ဆရာမ ပြည့်စုံစွာရရှိရေး၊ အလုပ်အကိုင်ရရှိရေး၊ မြေယာကိစ္စရပ်များ၊ ဒေသထွက်ကုန် စီးပွားရေးလုပ်ငန်းများ၊ ဒေသအခက်အခဲများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ထောက်ပံ့ငွေ ပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပုန်းညက်ကျေးရွာ ပုန်းညက်ပန်းစာကြည့်တိုက် မျက်နှာကြက်တပ်ဆင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အား ထောက်ပံ့ငွေကျပ် ၁၅ သိန်း ပေးအပ်သည်။

**သတင်းနှင့် ဓာတ်ပုံ - မျိုးသူထွန်း**



ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ထောက်ပံ့ငွေ ပေးအပ်စဉ်။



တောင်နဝင်းရေလှောင်တမံကို တွေ့ရစဉ်။

# တောင်နဝင်းရေလှောင်တမံ ကြံ့ခိုင်ရေးလုပ်ငန်းများ မိုးရာသီမတိုင်မီပြီးစီးရေး အရှိန်မြှင့်ဆောင်ရွက်

**ပေါက်ခေါင်း မတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်းရေလှောင်တမံ ကြံ့ခိုင်ရေးနှင့် လုံခြုံစိတ်ချရမှုရှိစေရန် မိုးရာသီမတိုင်မီ ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်များကိုယခုနှစ်ဖေဖော်ဝါရီ ၂၃ ရက်မှစတင်၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**မတ်လကုန်တွင် အပြီးသတ်ဆောင်ရွက်မည်**

အဆိုပါလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အင်ဂျင်နီယာချုပ် (စက်မှု)၊ ညွှန်ကြားရေးမှူး (မြို့ပြ၊ စက်မှု၊ ဘူမိ) များနှင့်အတူ အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြို့ပြ၊ စက်မှု၊ ဘူမိ အင်ဂျင်နီယာဝန်ထမ်းများ၊ ယာဉ် / စက်ယန္တရား ကျွမ်းကျင်ဝန်ထမ်းများ၊ ကာယလုပ်သားများလည်း ယခု မတ်လကုန်တွင် လုပ်ငန်းများ အပြီးသတ်ဆောင်ရွက်နိုင်ရေးနှင့် တမံကြံ့ခိုင်ရေးနှင့် လုံခြုံရေးအတွက် နေ့/ည မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်လွင် (မြန်မာ့အလင်း)**

# မြန်မာနိုင်ငံအနှံ့အပြားရှိ ဆိုင်ကယ်ချစ်သူများ၏ မိုင် ၁၅၀၀ ငြိမ်းချမ်းရေးဆိုင်ကယ်စီးခရီးစဉ် မတ် ၂၇ ရက်တွင် ထွက်ခွာမည်

ရန်ကုန် မတ် ၂၅

**မြန်မာနိုင်ငံအနှံ့အပြားမှ ဆိုင်ကယ်ချစ်သူ လူငယ်များ စုပေါင်းသွားရောက်မည့် မိုင် ၁၅၀၀ ငြိမ်းချမ်းရေး ဆိုင်ကယ်စီးခရီးစဉ် (Peace Bike Tour 2019) သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ အိုလံပစ်တာဝါ ၁၂ လွှာရှိ Myanmar Press Freedom Center တွင် ပြုလုပ်ခဲ့သည်။**

ဆိုင်ကယ်ချစ်သူ လူငယ်များ၏ မိုင် ၁၅၀၀ ငြိမ်းချမ်းရေး ဆိုင်ကယ်စီး ခရီးစဉ်သည် တိုက်ပွဲများကြောင့် တိုင်းရင်းသားဒေသများရှိ ပြည်သူများ၏ ခံစားချက်များအား စာနာနားလည်ပြီး ကူညီဖေးမနိုင်ရန်၊ နှစ်ပေါင်းရှည်ကြာစွာ ဖြစ်ပွားနေသော ပြည်တွင်းစစ်ချုပ်ငြိမ်းစေရန်၊ ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲပြီး ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းများ စတင်နိုင်ရန်တို့အတွက် ရည်ရွယ်၍ မြန်မာနိုင်ငံအနှံ့မှ ဆိုင်ကယ်ချစ်သူလူငယ်များ စုပေါင်းဆောင်ရွက်ကြသည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲမှ သိရသည်။

မိုင် ၁၅၀၀ ငြိမ်းချမ်းရေး ဆိုင်ကယ်စီး ခရီးစဉ်တွင် ပါဝင်လိုက်ပါမည့် ကိုရဲဟိန်းအောင်က “ဒီလို Peace ခေါင်းစဉ်တပ်ပြီးသွားတာတော့ ပထမဆုံး ဖြစ်မယ် ထင်ပါတယ်။ အတိုဆုံးနဲ့ အထိရောက်ဆုံး ပြောရင် ကျွန်တော်တို့ ဘာပဲလုပ်လုပ် မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးက လိုအပ်တယ်ဆိုတဲ့ အသိပေးချင်တဲ့သဘောပါ။ ဆိုင်ကယ်ပဲစီးစီး၊ အားကစားပဲလုပ်လုပ်၊ အနုပညာဖန်တီးမှုပဲလုပ်လုပ် ငြိမ်းချမ်းရေးက မြန်မာနိုင်ငံအတွက် အရေးကြီးတဲ့ ကိစ္စတစ်ခုပါ။ ပြည်သူတွေထဲမှာ ငြိမ်းချမ်းရေးအသိတွေ၊ တိုင်းရင်းသား လူမျိုးစုတွေနဲ့ပတ်သက်တဲ့ စာနာနားလည်မှုတွေ နောက် တစ်ဦးနဲ့တစ်ဦး ချိတ်ဆက်နိုင်ပြီဆိုရင် တိုင်းပြည် ငြိမ်းချမ်းရေးက ပိုပြီးထိရောက်နိုင်မယ်လို့ ယူဆတယ်။ ဒီခရီးစဉ်က ငြိမ်းချမ်းရေး လှုပ်ရှားမှုသဘော ဆိုင်ကယ်စီးကြတယ်။ အဲဒီလိုစီးတဲ့အခါ ငြိမ်းချမ်းရေးကို motivation တစ်ခုအနေနဲ့ တည်ဆောက်သွားနိုင်မယ်လို့ ယူဆတဲ့ခရီးစဉ်ပါ” ဟု ပြောသည်။

**မတ် ၂၇ ရက်တွင် စတင်ထွက်ခွာမည်**

မိုင် ၁၅၀၀ ငြိမ်းချမ်းရေး ဆိုင်ကယ်စီး ခရီးစဉ်သည် ရန်ကုန်-မန္တလေး အမြန်လမ်းမှ မတ် ၂၇ ရက်တွင် စတင်ထွက်ခွာမည်ဖြစ်ပြီး တောင်ငူ၊ လွိုင်ကော်၊ တောင်ကြီး၊ မိုင်းရှူး၊ မိုင်းကိုင်၊ လားရှိုးနှင့် ပြင်ဦးလွင်မြို့များသို့ ဆိုင်ကယ်စီးနင်းကြမည်ဖြစ်ပြီး ဧပြီ ၃ ရက်တွင် ပြင်ဦးလွင်ရှိ အာရှအလင်းရောင် ဘုန်းတော်ကြီးကျောင်းတွင် အဆုံးသတ် အခမ်းအနားကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်တွင် ပါဝင်မည့် ကိုသက်ဆွေဝင်းက “ဒေသခံတွေနဲ့ တရင်းတနှီးဖြစ်အောင် ဘုန်းကြီးကျောင်းတွေ၊ ဘုရားကျောင်းတွေ၊ ရွာတွေမှာ ရပ်နားတာပဲဖြစ်ဖြစ် ညအိပ်တာပဲဖြစ်ဖြစ် ပြုလုပ်ပါမယ်။ အဲဒီအတွက်လည်း ကြိုတင်ချိတ်ဆက်ထားတာရှိပါတယ်။ စီစဉ်ဖြစ်တဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့ ဆိုင်ကယ်စီးရတာ ဝါသနာပါတယ်။ နောက် ကျွန်တော်တို့ တစ်နေရာနဲ့ တစ်နေရာ ကူးလူးဆက်ဆံမှုတွေ နည်းလာတယ်။ အမှားတွေ ကြားနေရတာတွေ ရှိတယ်။ ဘာတွေဖြစ်နေလဲဆိုတာကို ကိုယ်တိုင်သွားပြီး လေ့လာရင်းနဲ့ ဒီခရီးစဉ်ကို လုပ်ဆောင်ဖြစ်တာပါ။ လမ်းမှာလည်း ပူးပေါင်းမယ့် ဆိုင်ကယ်စီးအဖွဲ့တွေလည်း ရှိပါတယ်” ဟု ပြောသည်။

မိုင် ၁၅၀၀ ငြိမ်းချမ်းရေး ဆိုင်ကယ်စီး ခရီးစဉ်တွင် ဆိုင်ကယ်အစီး ၂၀၊ လူ ၃၅ ဦးဖြင့် စတင်မည်ဖြစ်ပြီး ခရီးစဉ်တွင် အမျိုးသမီးသုံးဦး ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

“နိုင်ငံသားတစ်ယောက်အနေနဲ့ လွတ်လွတ်လပ်လပ် ဆိုင်ကယ်စီးတဲ့သဘောပါ။ အသက်အရွယ် ပိုင်းခြားထားတာမရှိဘူး။ ဘာသာ၊ လူမျိုး ခွဲခြားထားတာ မရှိဘူး။ လူမျိုးစုံ၊ ဘာသာစုံပါတယ်လို့ ပြောလို့ရပါတယ်။ ကျန်းမာရေးကောင်းရမယ်။ ဆိုင်ကယ်စီးတာကို ချစ်မြတ်နိုးဖို့ပဲ လိုပါတယ်” ဟု ကိုရဲဟိန်းအောင်က ပြောသည်။

**ဝင်ရောက်လေ့လာ**

ခရီးစဉ်အတွင်း ဒေသန္တရ ဗဟုသုတများရရန်အတွက် သဘာဝပတ်ဝန်းကျင်နေရာများအား ဝင်ရောက်လေ့လာပြီး တိုင်းရင်းသား ညီအစ်ကိုများ၏ ဘဝများကို သိရှိခံစားနိုင်ရန်အတွက် ညအိပ်ရပ်နားမည့် မြို့များတွင် ဘုန်းတော်ကြီးကျောင်းများ၊ Church များ၊ လူနေအိမ်များတွင် တည်းခိုကြမည်ဖြစ်သည်။

“သွားရောက်တဲ့ လမ်းခရီးမှာ ပင်လုံကျောက်တိုင်၊ ဟိုက်ပါရေတံခွန်တို့ကို လေ့လာတာမျိုးပါမယ်။ ညအိပ်တဲ့နေရာတွေမှာ ဒေသခံလူငယ်တွေနဲ့ ယဉ်ကျေးမှုဆိုင်ရာ စကားဝိုင်းကျင်းပတာမျိုးတွေ၊ လူမှုရေးပြဿနာနဲ့ ပတ်သက်ပြီး လေ့လာဆွေးနွေးတာမျိုးတွေ လုပ်ဖို့လည်း ရည်ရွယ်ထားပါတယ်။ တတ်နိုင်သလောက် လူနည်းစုတိုင်းရင်းသားတွေနဲ့ ငြိမ်းချမ်းရေးလိုလားသူတွေရဲ့ ရင်ခုန်သံတွေနဲ့ ထပ်တူကြဖို့ ကြိုးစားဆောင်ရွက်မယ့် အရာတွေရှိပါတယ်” ဟု ကိုရဲဟိန်းအောင်က ပြောသည်။

ငြိမ်းချမ်းရေး ဆိုင်ကယ်စီးခရီးစဉ် (Peace Bike Tour 2019)တွင် လိုက်ပါကြမည့် ဆိုင်ကယ်စီးသူ Biker များအတွက် လိုအပ်သော အခြေခံအချက်များကို သတ်မှတ်ထားပြီး ဆိုင်ကယ်ဦးထုပ်၊ လက်အိတ်၊ ဂျာကင် လက်ရှည် စသည့်တစ်ကိုယ်စာ Safety ဖြစ်စေမည့် အသုံးအဆောင်များ အပြည့်အစုံ ဝတ်ဆင်ကြရမည်ဖြစ်ကာ လမ်းခရီးသွားနေစဉ် အချင်းချင်းကျော်တက်စီးနင်းခြင်း၊ ပြိုင်စီးခြင်းများ ပြုလုပ်ခြင်းကို ခွင့်မပြုဘဲ အတန်းလိုက်ပုံစံဖြင့်သာ စီးနင်းရမည်ဖြစ်ကြောင်း၊ အရက်သေစာ သောက်စားခြင်းနှင့် ခရီးစဉ်တစ်လျှောက်လုံး မူးယစ်ဆေးဝါးသုံးစွဲခြင်းကို လုံးဝခွင့်မပြုကြောင်း စည်းကမ်းချက်များထုတ်ပြန်ထားသည်။

**ရဲခေါင်ညွန့်**

✤ *ကျောဖုံးမှ*

ကရင်ပြည်နယ်၏ မြို့တော်ဖြစ်သော ဘားအံမြို့သည် လည်ပတ်စရာ သဘာဝဂူနှင့် ရေတံခွန်စိမ့်စမ်းရေများ၊ တန်ခိုးကြီးဘုရားများနှင့် လည်ပတ်စရာများကြောင့် ကမ္ဘာလှည့်ခရီးသွားများ၊ ပြည်တွင်းခရီးသွားများ များပြားလျက်ရှိသည်။ အဆိုပါ ခရီးသွားများအတွက် ကောင်းကင်အလှရှုခင်းများကို ကြည့်ရှုနိုင်ရန်ရည်ရွယ်ကြောင်းနှင့် ကောင်းကင်မှ မိုးပျံမီးပုံပျံစီးကာ ဘားအံမြို့၏ သံလွင်မြစ်အလှ၊ ဇွဲကပင်တောင်တန်းအလှ၊ သဘာဝဂူများရှိရာ တောင်တန်းများ၊ ဘုရားစေတီပုထိုးများ၊ မြို့ပြမြင်ကွင်း၊ ကန်သာယာပန်းခြံအလှ စသည်များကို ကြည့်ရှုလည်ပတ်နိုင်စရာ မီးပုံးပျံစီးခရီးစဉ်အား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေ**

အဆိုပါ မီးပုံပျံ ပျံသန်းရေးခရီးစဉ်တွင် ထိန်းချုပ်မောင်းနှင်သူ Mr. Puityde က “ဘားအံမြို့တွင် ပျံသန်းရတာ အလွန်လှပတာတွေမြင်တွေ့ရပြီး ဘောလုံး (မိုးပျံခာတ်ငွေ့မီးပုံးပျံ) ပြန်လည်ဆင်းသက်တဲ့နေရာမှာ ဒေသခံတွေရဲ့ ကြိုဆိုဖော်ရွေမှုတွေကို ခံစားရပါတယ်။ ဒီအစမ်းပျံသန်းမှုကို ကရင်ပြည်နယ်အစိုးရမှ ကူညီဆောင်ရွက်ပေးမှုတွေလည်း ရှိပါတယ်။ ကရင်ပြည်နယ်မှာ အတွေ့အကြုံအရ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလတွေမှာ ရာသီဥတုကောင်းပြီး ကောင်းကင်ရှုခင်းတွေကို မြင်ကွင်းကျယ်ထိ မြင်နိုင်ပါတယ်။ ကရင်ပြည်နယ်အပြင် မြန်မာနိုင်ငံမှာပါ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေဖို့ တစ်ဖက်တစ်လမ်းကနေ ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်” ဟု ပြောသည်။

မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးစေရေး မီးပုံပျံစီးခရီးစဉ်များ ပုဂံ၊ အင်းလေး၊ ငပလီ၊ မန္တလေးဒေသများမှာ အောင်မြင်နေပြီး မဲစနစ်ဖြင့် လိုက်ပါပို့ဆောင်ပေးနေကြောင်း၊ ကရင်ပြည်နယ်အတွင်း မီးပုံးပျံခရီးစဉ် ဆောင်ရွက်မည်ဆိုလျှင် ကမ္ဘာလှည့်ခရီးသွားများအတွက် အဆင်ပြေနိုင်ပြီး အောင်မြင်မှုရှိနိုင်ကြောင်း၊ ပြည်တွင်းနှင့် ဒေသခံများအတွက် ဝန်ဆောင်ခနှုန်းထားကြောင့် ကန့်သတ်မှုများ ရှိနိုင်မည်ဖြစ်ကြောင်း ကရင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးမောင်လှိုင်ထံမှ သိရသည်။

**စမ်းသပ်ပျံသန်းခြင်းများ ဆောင်ရွက်**

အဆိုပါ မီးပုံးပျံခရီးစဉ် စမ်းသပ်ပျံသန်းခြင်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိဝန်ကြီးများ၊ သတင်းမီဒီယာအချို့ စီးနင်းလိုက်ပါစေပြီး လေကြောင်းဆိုင်ရာ အမှတ်အသားများ၊ မြေပြင်နှင့်ဝေဟင် ချိတ်ဆက်ဆောက်ရွက် ဆင်းသက်နိုင်ရန် လေစီးကြောင်းအလိုက် ပျံသန်းရေးလမ်းကြောင်းများ၊ ဘားအံမြို့ သဘာဝရာသီဥတုဆိုင်ရာ အချက်အလက်များ တိုင်းထွာမှတ်တမ်းတင်ခြင်းများကို မတ် ၂၁ ရက်မှ ၂၅ ရက်အထိ နံနက်ပိုင်းအချိန်များတွင် စမ်းသပ်ပျံသန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

# ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား ဖလမ်းမြို့၌ ကျင်းပ

**ဖလမ်း မတ် ၂၅**

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဖလမ်းမြို့ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ မတ် ၂၅ ရက်က ကျင်းပခဲ့ရာ အခမ်းအနားတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်က အမှာစကားပြောကြားပြီး ဖလမ်းခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအောင်အောင်က တီဘီရောဂါအကြောင်းနှင့် မြို့နယ်ကျန်းမာရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

Global TB Report(၂၀၁၈)အရ ကမ္ဘာပေါ်တွင် တစ်ရက်လျှင် တီဘီလူနာ ၃၀၀၀၀ ခန့် ဖြစ်ပွားနေကြောင်းနှင့် ၄၅၀၀ ခန့် သေဆုံးနေကြောင်း ခန့်မှန်းရပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ၂၀၁၇ ခုနှစ် ခန့်မှန်းချက်အရ တစ်ကမ္ဘာလုံးတွင် စုစုပေါင်း တီဘီလူနာ ၁၀ သန်းခန့်ရှိကာ ၁ ဒသမ ၃ သန်းခန့် သေဆုံးကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ၂၀၁၈ ခုနှစ် နှစ်ချုပ်အစီရင်ခံစာအရ တီဘီရောဂါဖြစ်ပွားသူ ၁၄၀၀၀၀ နီးပါးကို ရှာဖွေကုပေးနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် တီဘီ/အိပ်ချ်အိုင်ဗွီ စစ်တမ်းအရ တီဘီလူနာသစ်များ၏ ၉ ဒသမ ၃ ရာခိုင်နှုန်းသည် အိပ်ချ်အိုင်ဗွီကူးစက်နေသည်ကို တွေ့ရှိရကြောင်း၊ Global TB Report(၂၀၁၈)အရ မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ် အတွင်းက လူဦးရေ တစ်သိန်းလျှင် တီဘီရောဂါဖြစ်ပွားနှုန်း ၃၅၈ ဦးအထိ ရှိခဲ့ပြီး သေဆုံးနှုန်းမှာ ၅၁ ဦးခန့်ရှိကြောင်း အဆိုပါ အခမ်းအနားတွင် တာဝန်ရှိသူများ၏ ပြောကြားချက်များအရ သိရသည်။ **ဥုန်**



တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပစဉ်။

# ရောဝတီတိုင်းဒေသကြီးအတွင်း လူတစ်သိန်းလျှင် တီဘီရောဂါဖြစ်ပွားသူ ၂၄၀ ခန့်ရှိ

**ပုသိမ် မတ် ၂၅**

ရောဝတီတိုင်းဒေသကြီးအတွင်း၌ လူတစ်သိန်းလျှင် တီဘီရောဂါဖြစ်ပွားသူ ၂၄၀ ခန့်ရှိနေကြောင်း ပုသိမ်မြို့ရှိ ရောဝတီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မတ် ၂၅ ရက်က ကျင်းပသည့် ၂၀၁၉ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် တာဝန်ရှိသူများ၏ ပြောကြားချက်များအရ သိရသည်။

၂၀၁၉ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ရောဝတီတိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ "တီဘီရောဂါကင်းဝေးဖို့ ကဏ္ဍပေါင်းစုံလက်တွဲလို့ ယနေ့မှစဆောင်ရွက်စို့" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး အခမ်းအနားတွင် တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းအောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ နေခြည်ထက်ထက်လင်းအောင်က တိုင်းဒေသကြီးအတွင်း တီဘီရောဂါဖြစ်ပွားမှု အခြေအနေများ၊ ကုသပေးနေမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးအတွင်း တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများတွင် တတ်အားသရွေ့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သူ ငါးဦးတို့အား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ရောဝတီတိုင်းဒေသကြီးအတွင်း တီဘီလူနာ ၁၅၁၅၉ ရှိခဲ့ပြီး အဆုတ်ပိုးတွေ့တီဘီလူနာ ၅၈၈၆ ဦး၊ အဆုတ်ပိုးမတွေ့တီဘီလူနာ ၈၃၁၉ ဦးနှင့် ကလေးတီဘီရောဂါဖြစ်ပွားမှု ၁၈ ရာခိုင်နှုန်းဖြစ်ကြောင်း၊ လူဦးရေ တစ်သိန်းလျှင် တီဘီရောဂါဖြစ်ပွားမှု ၂၃၉ ဦးဖြစ်ကြောင်း၊ တီဘီရောဂါ လက္ခဏာများမှာ နှစ်ပတ်ကျော်ကြာ ချောင်းဆိုးခြင်း၊ သလိပ်ထွက်ခြင်း၊ သလိပ်တွင်သွေးပါခြင်း၊ ချောင်းဆိုးသွေးပါခြင်း၊ ကျောရင်အောင့်ခြင်း၊ အသက်ရှူမဝခြင်း စသည့် လက္ခဏာများဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး တီဘီတိုက်ဖျက်ရေးဌာနအနေဖြင့် ၂၀၁၈ ခုနှစ်အတွင်း ကျန်းမာရေးအသိပညာပေးခြင်း အကြိမ် ၁၂၀ ကို ပြုလုပ်ခဲ့သလို ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာတွင်လည်း စစ်ဆေးပေးသူ ၁၃၀၃၀ အနက် သလိပ်ပိုးတွေ့ တီဘီလူနာ ၁၂၃ ဦးနှင့် ဆေးယဉ်ပါးတီဘီလူနာ ၂၅၃ ဦးကို ဖော်ထုတ်တွေ့ရှိ ဆေးဝါးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် တီဘီရောဂါဖြစ်ပွားမှုနှုန်း အမြင့်ဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီး ရောဝတီတိုင်းဒေသကြီးက ဒုတိယအမြင့်ဆုံးဖြစ်ကြောင်းလည်း အဆိုပါ အခမ်းအနားတွင် တာဝန်ရှိသူများ၏ ပြောကြားချက်များအရ သိရသည်။ **(၁၂၆)**

# ကျွန်းစုမြို့နယ်၌ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်း

**ကျွန်းစု မတ် ၂၅**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ ပြစ်မှုဆိုင်ရာဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှု ပိုမိုရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှု မြင့်မားလာစေရန်၊ မှုခင်းကြုံတင်ကာကွယ်ရေးကို အထောက်အကူပြုစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံး ဖွင့်ပွဲနှင့် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းကို မတ် ၂၄ ရက်က ကျွန်းစုမြို့အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ဦးအောင်ကျော်မင်း၏ နေအိမ်၌ ကျင်းပခဲ့သည်။

ရုံးဖွင့်ပွဲတွင် မြိတ်ခရိုင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး တရားလွှတ်တော်ရှေ့နေ ဦးဝင်းကြည်က ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ လုပ်ငန်းစဉ်များ၊ ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများအကြောင်း စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျွန်းစုမြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ကို ဆက်လက်ဖွဲ့စည်းရာ ဥက္ကဋ္ဌအဖြစ် ဦးအင်စိန်က ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် တရားလွှတ်တော်ရှေ့နေ ဦးသန်းဇော်ဦး၊ တရားလွှတ်တော်ရှေ့နေ ဒေါ်မြင့်မြင့်မြိမ်၊ တရားလွှတ်တော်ရှေ့နေ ဒေါ်မီဇင်လွင်နှင့် အတွင်းရေးမှူးအဖြစ် အထက်တန်းရှေ့နေ ဦးစိုးမင်းထိုက်တို့ ပါဝင်၍ ဖွဲ့စည်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သီဟ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ မြိတ်ခရိုင်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့မှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံခြားသားများ ဒန့်သလွန်ပင်စိုက်ခင်းနှင့် လျှော်ဖြူစိုက်ခင်းများ လာရောက်လေ့လာ

**ပခုက္ကူ မတ် ၂၅**

ပခုက္ကူမြို့နယ်အတွင်း ညောင်ပင်ကျေးရွာနှင့် ကင်းကျေးရွာအနီးတွင် စိုက်ပျိုးထားသော ဒန့်သလွန်ပင်နှင့် လျှော်ဖြူပင်စိုက်ခင်းများသို့ တရုတ်(ဟောင်ကောင်) နိုင်ငံသား မိသားစုနှင့်အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်း၊ ပခုက္ကူတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသက်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြင့်ဆောင်နှင့် ခရိုင်ပြန်ဆက်ဦးစီးမှူး ဦးဇော်ဌေးအောင်တို့က မတ် ၂၅ ရက်က လာရောက်လေ့လာခဲ့သည်။

ဒန့်သလွန်ပင်စိုက်ခင်းမှာ ၁၀ ဧကရှိပြီး ထိုစိုက်ခင်းများမှ ဒန့်သလွန်အစေ့ဆီ၊ ကြိတ်ဖတ်၊ အစေ့၊ အရွက်မှုန့်နှင့် ဆပ်ပြာအပါအဝင် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်လျက်ရှိကြောင်း၊ လျှော်ဖြူစိုက်ခင်းမှာ ဧက ၇၀ ရှိပြီး စိုက်ခင်းမှထွက်ရှိသော လျှော်ဖြူစေးကို တစ်ပိဿာလျှင် ကျပ်နှစ်သိန်းနှုန်းဖြင့် ရောင်းချရန် ဂျပန်နိုင်ငံမှ ကုန်သည်များနှင့် စာချုပ်ထားကြောင်း၊ လျှော်ဖြူခြံများတွင် အပင် ၁၇၀၀၀ စိုက်ပျိုးထားသည့်အနက် ၂၀၁၃ ခုနှစ်က စတင်စိုက်ပျိုးခဲ့သည့် အပင်တစ်ထောင်ကျော်မှာ အစေးစတင်ထုတ်ယူနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **ကိုဇော် (ခာတု)**



လျှော်ဖြူစိုက်ခင်းအတွင်း နိုင်ငံခြားသားများ လေ့လာနေစဉ်။

# ထန်းတပင်မြို့နယ် နွေရာသီ မွန်စာပေနှင့် မွန်စကားပြောသင်တန်းသို့ စာအုပ်များလှူဒါန်း

**ထန်းတပင် မတ် ၂၅**

မွန်တိုင်ရင်းသားစာပေနှင့် ယဉ်ကျေးမှုများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ နွေရာသီ မွန်စာပေနှင့် မွန်စကားပြောသင်တန်းကို နှစ်စဉ် နွေရာသီတိုင်း ဖွင့်လှစ်၍ မွန်တိုင်းရင်းသား ကလေးငယ်များအား သင်ကြားပို့ချပေးလျက်ရှိရာ ယခုနှစ်တွင် ခြောက်ကြိမ်မြောက် သင်တန်းကိုလည်း အမှတ်(၃)ရပ်ကွက်ရှိ မွန်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုသင်တန်းခန်းမ၌ မတ် ၂ ရက်မှစ၍ ဖွင့်လှစ်ပို့ချလျက်ရှိသည်။

အဆိုပါသင်တန်းတွင် တက်ရောက်သင်ကြားနေကြသည့် မွန်တိုင်းရင်းသား ကလေးငယ်များအတွက် စာအုပ်များ၊ ဘောပင်များနှင့် လူငယ်တံဆိပ်များကို ရန်ကုန်တိုင်းဒေသကြီး မွန်လူငယ်အဖွဲ့က မတ် ၂၄ ရက်က လာရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ ရန်ကုန်တိုင်းဒေသကြီး မွန်လူငယ်အဖွဲ့အနေဖြင့် နှစ်စဉ်နှစ်တိုင်း မွန်တိုင်းရင်းသားကလေးငယ်များ စာပေသင်ကြားရေးတွင် အထောက်အပံ့ဖြစ်အောင် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး မွန်စာပေသင်ကြားလျက်ရှိသည့် ထန်းတပင်မြို့နယ်အပါအဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၁၉ မြို့နယ်၌ စာအုပ်များ၊ ဘောပင်များကို ကူညီထောက်ပံ့ပေးလျက်ရာ ယခုနှစ်တွင် ရွှေပြည်သာမြို့နယ် တစ်မြို့နယ်ကိုသာ ထောက်ပံ့ပေးရန် ကျန်ရှိတော့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မွန်လူငယ်အဖွဲ့မှ ကိုမင်းခချမ်းထံမှ သိရသည်။



နွေရာသီ မွန်စာပေနှင့် မွန်စကားပြောသင်တန်း တက်ရောက်နေသော ကလေးငယ်များ

ထန်းတပင်မြို့နယ် နွေရာသီ မွန်စာပေနှင့် မွန်စကားပြောသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး၊ မွန်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးဖွင့်လှစ်ခြင်းဖြစ်ကာ သင်တန်းသို့ မြို့နယ်အတွင်းရှိ မွန်တိုင်းရင်းသားကလေးငယ် ၂၆ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ မတ် ၂ ရက်မှ ဧပြီ ၂ ရက်အထိ တစ်လကြာမြင့်မည်ဖြစ်ကြောင်း မွန်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ကော်မတီမှ သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# နမ့်ဆန်မြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူ

**နမ့်ဆန် မတ် ၂၅**

သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့နည်းစေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဌာနတို့ ပူးပေါင်း၍ နမ့်ဆန်မြို့ပေါ်ရပ်ကွက်များရှိ အများပြည်သူသွားလာသည့် နေရာများနှင့် လမ်းဆုံလမ်းခွနေရာများတွင် အသိပညာပေးဆိုင်းဘုတ်များကို မတ် ၂၅ ရက်မှစ၍ စိုက်ထူလျက်ရှိသည်။

နမ့်ဆန်မြို့နယ်သည် တောင်ကုန်းတောင်တန်းများပေါ်၌ တည်ရှိသောကြောင့် မိုးရာသီကာလများတွင် ဖြစ်ပွားနိုင်သည့် မြေပြိုမှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းသက်စေရန်နှင့် မြေပြိုခြင်း၊ လျှင်လှုပ်ခြင်း၊ လေပြင်းမုန်တိုင်းကျရောက်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ပြည်သူများအနေဖြင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် ပြန်လည်ထူထောင်ရေး နည်းလမ်းများကို သိရှိစေရန်အတွက် အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူပေးခြင်းဖြစ်ကြောင်း၊ ဆိုင်းဘုတ်များကို အများပြည်သူမြင်သာသည့် နေရာငါးခုတွင် စိုက်ထူသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



သဘာဝဘေးအန္တရာယ် ပညာပေးဆိုင်းဘုတ်များ စိုက်ထူနေစဉ်။

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ပြစ်မှုကျူးလွန်သူများအား ရပ်ရွာအခြေပြု ပြုပြင်ပြောင်းလဲရေးစနစ်(၃)

**မြင့်မိုး(သာယာဝတီ)**

**လုပ်အားပေးများကို ဂုဏ်ပြုမှတ်တမ်းတင်ထား**

ကျွန်တော့်ရဲ့ ယခင်အပတ် ဆောင်းပါးမှာ VPO ( Volunteer Probation Officer) တွေကို ဘယ်လိုရွေးချယ်တာဝန်ပေးတယ်ဆိုတာ ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ Volunteer ဆိုတဲ့အတိုင်း လုပ်အားပေးဖြစ်လို့ လစာတော့ခံစားခွင့် မရပါဘူး။ နိုင်ငံချစ်စိတ်ကို အခြေခံပြီး ကူညီဆောင်ရွက်ကြရတာဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံအတော်များများမှာ ခရီးစရိတ်အနေနဲ့ ခံစားခွင့် ပြုကြပါတယ်။ (ဥပမာ) ထိုင်းနိုင်ငံမှာဆိုရင် စောင့်ကြပ်ကြည့်ရှုခံရသူ Probationer (သို့မဟုတ်) Parolee တစ်ဦးရဲ့ အိမ်(သို့မဟုတ်)အလုပ်ခွင်ကို သွားရောက်ခဲ့ရင် တစ်ကြိမ်ကို ဘတ် ၃၀၀ ခံစားခွင့်ပြုပါတယ်။ ဒါပေမယ့် တစ်လအတွင်း ဘတ် ၅၀၀၀ ကျော်ပြီး ခွင့်မပြုဘူးလို့ သတ်မှတ်ထားတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါ့အပြင် VPO တွေရဲ့ နိုင်ငံချစ်စိတ်၊ လုပ်ချင်ကိုင်ချင်စိတ်ကို ဂုဏ်ပြုတဲ့အနေနဲ့ နိုင်ငံရဲ့ဂုဏ်ပြုထိုက်တဲ့ ပုဂ္ဂိုလ်စာရင်းမှာ မှတ်တမ်းတင်ပြီး အခမဲ့ ဆေးဝါးကုသခွင့် ပေးထားပါတယ်။

Probation လုပ်ငန်းစဉ်မှာ VPO ကို ကြီးကြပ်ဆောင်ရွက်ဖို့ Probation Department ရဲ့ PO လို့ခေါ်တဲ့ Probation Officer က VPO လောက် မများပါဘူး။ ဒီလို ဌာနတည်ထောင်ပြီး ဌာနဆိုင်ရာဝန်ထမ်း၊ လုပ်အားပေးဝန်ထမ်းတွေ ခန့်ထားနိုင်ဖို့နဲ့ လုပ်ထုံးလုပ်နည်းတွေ သတ်မှတ်ပြဋ္ဌာန်းနိုင်ဖို့အတွက် နိုင်ငံအလိုက် အောက်ဖော်ပြပါ ဥပဒေများကို ရေးဆွဲဆောင်ရွက်ကြပါတယ်-

ဂျပန်နိုင်ငံမှာဆိုရင် အောက်ပါဥပဒေကိုပြဋ္ဌာန်းခဲ့ပါတယ်-

(၁) The Offender Rehabilitation Act (2007)
(ပြစ်မှုကျူးလွန်သူများ ပြန်လည်ထူထောင်ရေး ဥပဒေ)

(၂) The Volunteer Probation Officers Act (1950)
(လုပ်အားပေးစောင့်ကြပ်ကြည့်ရှုသူ အရာရှိများ ဥပဒေ)

(၃) Offender Rehabilitation Service Act (1995)
(ပြစ်မှုကျူးလွန်သူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဥပဒေ)

ထိုင်းနိုင်ငံမှာဆိုရင် အောက်ဖော်ပြပါ ဥပဒေများကို ရေးဆွဲပြီး Probation နဲ့ Parole ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပါတယ်-

(၁) Probation Act (2016)
(ခံဝန်ဖြင့် လွှတ်ပေးထားသူများအား စောင့်ကြပ်ကြည့်ရှုရေး ဥပဒေ)

(၂) Juvenile and Family Court Act (2010)
(လူငယ်နှင့် မိသားစု တရားစီရင်ရေးဆိုင်ရာ ဥပဒေ)

(၃) Correction Act (2017)
(ပြစ်မှုကျူးလွန်သူများအား စာရိတ္တပြုပြင်ရေးဆိုင်ရာဥပဒေ) တို့ဖြစ်ပါတယ်။

အထက်ဖော်ပြပါ ဥပဒေများအရ ပေါ်ပေါက်လာတဲ့ Probation Department ရဲ့ Probation Officers တွေဟာ အောက်ဖော်ပြပါ အရည်အချင်းတွေရှိဖို့ လိုအပ်ပါတယ်-

(၁) တရားဥပဒေစိုးမိုးရေးအတွက် ရာဇဝတ်မှုကျူးလွန်သူများအပေါ် ကျွမ်းကျင်စွာကိုင်တွယ်ခြင်း၊
(၂) တရားဥပဒေကို ကျွမ်းကျင်နားလည်ခြင်း၊
(၃) အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊
(၄) VPO များကို စီမံကွပ်ကဲနိုင်ခြင်း၊
(၅) Probationer နဲ့ Parolee တို့အပေါ် စည်းကမ်းတကျနေထိုင်စေရန် စောင့်ကြည့်ထိန်းသိမ်းနိုင်ခြင်း၊
(၆) အလုပ်အကိုင်နှင့် နေထိုင်ရန် နေရာများ မရှိပါက ရှာဖွေစီမံပေးနိုင်ခြင်း၊
(၇) စောင့်ကြပ်ကြည့်ရှုခြင်း ခံရသူများကို နောက်ထပ်ပြစ်မှုမကျူးလွန်နိုင်အောင် စီမံဆောင်ရွက်ခြင်းဖြင့် လူ့အဖွဲ့အစည်းကို ကာကွယ်ပေးနိုင်ခြင်း၊
(၈) စောင့်ကြပ်ကြည့်ရှုခြင်း ခံရသူများကို လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆန့်နိုင်အောင် ရုပ်ပိုင်းဆိုင်ရာ သာမက စိတ်ပိုင်းဆိုင်ရာပါ ပြုပြင်ပြောင်းလဲ ပေးနိုင်ခြင်းတို့ ဖြစ်ပါတယ်။

Probation Officer တွေရဲ့လုပ်ပိုင်ခွင့်ကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(၁) Probation နှင့် Parole ခံစားခွင့်အတွက် ထောက်ခံတင်ပြပေးနိုင်ခြင်း၊
(၂) စည်းကမ်းချိုးဖောက်သူများကို အကျဉ်းထောင်သို့ ပြန်ပို့ရန်အတွက် ထောက်ခံချက် ပေးနိုင်ခြင်း၊
(၃) လူမှုရေးပြစ်ဒဏ်များကို ကြီးကြပ်အတည်ပြုပေးနိုင်ခြင်း၊
(၄) Probationer နှင့် Parolee တို့နှင့် ပတ်သက်သော အချက်အလက်များကို စုဆောင်းခြင်း၊ စိစစ်ခြင်း၊ အကဲဖြတ် အစီအရင်ခံခြင်း၊
(၅) အခါအားလျော်စွာ ခေါ်ယူတွေ့ဆုံခြင်း VPO များနှင့်ပူးပေါင်း၍ စုပေါင်းတွေ့ဆုံခြင်း၊ စာရိတ္တပြုပြင်ရေးနှင့် အသိပညာပေးရေးသင်တန်းများ တက်ရောက်စေခြင်းတို့ ဖြစ်ပါတယ်။




**“ရည်ရွယ်ချက်တွေကတော့ အကျဉ်းထောင်တွေမှာ အကျဉ်းသားတွေ ပြည့်ကျပ်နေခြင်းကို ဖြေလျှော့ပေးဖို့အတွက်၊ ပြစ်ဒဏ်ကုန်ဆုံးသည်အထိ ချုပ်နှောင်ထားဖို့ မလိုအပ်တော့တဲ့ အကျဉ်းသားအချို့ကို ချုပ်နှောင်ထိန်းသိမ်းထားခြင်းကြောင့် အပိုကုန်ကျနေရတဲ့ စားစရိတ်၊ နေထိုင်ရေးစရိတ်၊ အဆောက်အအုံ ဆောက်လုပ်ရေးစရိတ်တွေ လျှော့ချပေးနိုင်မှာဖြစ်ကြောင်း”**

ကျွန်တော်တို့ မြန်မာနိုင်ငံအပါအဝင် (ကမ္ဘောဒီးယား၊ လာအိုနဲ့ ဗီယက်နမ်)တို့ ပါဝင်တဲ့ တတိယနိုင်ငံတွေကို ဂျပန်နိုင်ငံအခြေပြု (UNAFEI - United Nations Asia and Far East Institute For The Prevention of Crime and Treatment of Offenders )နဲ့ ထိုင်းနိုင်ငံက (Department of Probation-DOP) တို့ဟာ ၂၀၁၅ ခုနှစ်ကစပြီး သင်တန်းသားတွေ ခေါ်ယူလေ့ကျင့် ပညာပေးခဲ့ပါတယ်။ အဲ့ဒီလေးနိုင်ငံထဲက ဗီယက်နမ်နိုင်ငံဟာ ၂၀၁၈ ခုနှစ်မှာ အဆိုပါစနစ်ကို စတင်အကောင်အထည် ဖော်နိုင်ခဲ့ပါတယ်။

**ဗီယက်နမ်နိုင်ငံရဲ့ ဆောင်ရွက်ချက်**

ဗီယက်နမ်နိုင်ငံဟာ Probation နဲ့ Parole System ရဲ့ လူ့အဖွဲ့အစည်းအတွက် အကျိုးရှိပုံကို သိရှိနားလည်ပြီးနောက် လျင်မြန်စွာအကောင်အထည်ဖော်နိုင်ခဲ့လို့ တစ်နှစ်အတွင်း အကျဉ်းသားဦးရေ ၅၀၀၀၀ ကို လျှော့ချနိုင်ခဲ့ပါတယ်။

ဗီယက်နမ်နိုင်ငံရဲ့ဆောင်ရွက်ချက်ဟာမှီငြမ်းအတုယူစရာကောင်းလှပါတယ်။ ဆောင်ရွက်ခဲ့ပုံအဆင့်ဆင့်က အောက်ပါအတိုင်းဖြစ်ပါတယ်-

(က) ဗီယက်နမ်နိုင်ငံရဲ့ Criminal Code -2015 ရဲ့အပိုဒ် (၆၆)မှာ ပြစ်ဒဏ်ကျခံနေရသူတစ်ဦးကို ပြစ်ဒဏ်ရဲ့ (သုံးပုံတစ်ပုံ)ခံစားပြီးပါက အထက်အဆင့်ဆင့်ရဲ့ ခွင့်ပြုမိန့်နဲ့ ပြန်လွှတ်ပေးနိုင်တဲ့ ပြဋ္ဌာန်းချက် ပါရှိပါတယ်။ Probationနဲ့ Supervision တော့မပါပါဘူး။
(ခ) အဆိုပါပြဋ္ဌာန်းချက်ကို အောက်ပါအတိုင်း ဖြည့်စွက်ပြုပြင်ခဲ့ပါတယ်။
(၁) ပထမဆုံးကျူးလွန်တဲ့ပြစ်မှု ဖြစ်ရမယ်။
(၂) ပြစ်ဒဏ်ရဲ့(နှစ်ပုံတစ်ပုံ)ကျခံပြီး ဖြစ်ရမယ်။
(၃) လွှတ်ပြီးပါက ပြင်ပမှာတင်းကျပ်သော ကြီးကြပ်စောင့်ကြပ် ထိန်းသိမ်းခြင်း (Strict Management and Supervision) အောက်မှာ နေထိုင်ရမယ်ဆိုပြီး Parole Supervision ကို အကောင်အထည်ဖော်ခဲ့ပါတယ်။

နိုင်ငံတကာမှာ ပြစ်မှုကျူးလွန်သူတွေကို ထောင်ဒဏ်ချမှတ်ခြင်းမပြုသော နည်းလမ်း (Non-custodial Measure-NCMs) ကိုအသုံးပြုခဲ့လို့ ထောင်လွတ်အကျဉ်းသားတွေဟာ ပြစ်မှုပြန်လည်ကျူးလွန်ခြင်းကို တားဆီးနိုင်ခဲ့ပြီး လူ့အသိုက်အဝန်း လုံခြုံရေးကို ပိုမိုရေရှည်တည်တံ့စေနိုင်တယ်ဆိုတာ သုတေသနပြုချက်များအရ သိရှိရပြီး ဖြစ်ပါတယ်။ (ဥပမာအားဖြင့်) အမေရိကန်ပြည်ထောင်စုမှာ ပြစ်မှုကျူးလွန်သူများကို ပျမ်းမျှအားဖြင့် ထောင်ဒဏ်သုံးနှစ်မှ ၁၅ နှစ်အထိ ချမှတ်ခဲ့ပြီး ပုံမှန်လျှော့ရက်များ ခံစားခွင့်နဲ့ ပြန်လွှတ်ပေးခဲ့ရာမှာ ပြစ်မှုပြန်လည်ကျူးလွန်မှုနှုန်း ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိရှိကြောင်း သိရပါတယ်။ ဗြိတိန်နိုင်ငံမှာတော့ အထက်ဖော်ပြပါ ထောင်ဒဏ်ချမှတ်ခြင်း မပြုသောနည်းလမ်း (NCMs) ကို အသုံးပြုခဲ့တဲ့အတွက် ပြစ်မှုပြန်လည်ကျူးလွန်မှု ၂၀ ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့ကြောင်း သုတေသန အချက်အလက်များအရ လေ့လာသိရှိရပါတယ်။

အဆိုပါ သုတေသနပြုချက်အရ ထောင်ဒဏ်ချမှတ်ခြင်းဟာ လူမှုပတ်ဝန်းကျင် လုံခြုံမှုအတွက် တစ်ခုတည်းသော နည်းလမ်းမဟုတ်ကြောင်း၊ အထူးသဖြင့် ပြစ်မှုအသေး (Minor Criminal) များကို ထောင်ဒဏ်ချမှတ်ခြင်းမပြုသောကျေးရွာ၊ ရပ်ကွက်အတွင်း ညှိနှိုင်းဖျန်ဖြေပေးခြင်း၊ ငွေဒဏ်ချမှတ်ခြင်း၊ Probation Department ကိုလွှဲအပ်ပြီး ကြီးကြပ်စောင့်ကြပ်စေခြင်း နည်းလမ်းများဟာ လူမှုပတ်ဝန်းကျင်ကို ပိုမိုဘေးကင်းစိတ်ချစေနိုင်ကြောင်း လေ့လာသိရှိရပါတယ်။

ကျွန်တော့်အနေနဲ့ ယခုခေါင်းစဉ်ပါ ဆောင်းပါးများကို ရေးသားနေရခြင်းရဲ့ ရည်ရွယ်ချက်တွေကတော့ အကျဉ်းထောင်တွေမှာ အကျဉ်းသားတွေ ပြည့်ကျပ်နေခြင်းကို ဖြေလျှော့ပေးဖို့အတွက်၊ ပြစ်ဒဏ်ကုန်ဆုံးသည်အထိ ချုပ်နှောင်ထားဖို့ မလိုအပ်တော့တဲ့ အကျဉ်းသားအချို့ကို ချုပ်နှောင်ထိန်းသိမ်းထား ခြင်းကြောင့် အပိုကုန်ကျနေရတဲ့ စားစရိတ်၊ နေထိုင်ရေးစရိတ်၊ အဆောက်အအုံဆောက်လုပ်ရေးစရိတ်တွေ လျှော့ချပေးနိုင်မှာဖြစ်ကြောင်း ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။ နောက်တစ်ချက်က ပြစ်မှုသေးများကို ထောင်မချခြင်း၊ အခြားပြစ်မှုများနဲ့ ပြစ်ဒဏ်ချမှတ်ခံရပြီး နောင်တရ၍ လူကောင်းသူကောင်း ဖြစ်လာသူများကို ပြစ်ဒဏ်ကုန်ဆုံးအောင် ထောင်ထဲမှာမထားဘဲ ထောင်ဒဏ်ချမှတ်ခြင်း မပြုသောနည်းလမ်းနဲ့ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းတွေမှာ အသုံးချနိုင်စေဖို့အတွက် စနစ်တစ်ခုကို ဖော်ဆောင်ဖို့ ဆောင်ရွက်ကြတော့မယ်ဆိုရင် ထည့်သွင်းစဉ်းစားနိုင်ဖို့အတွက် အခြားနိုင်ငံများရဲ့ ဆောင်ရွက်ခဲ့ပုံများကို လေ့လာမိခဲ့သလောက် တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ နောက်ထပ် အရေးကြီးတဲ့ အချက်တစ်ခုကတော့ ပြည်သူလူထု နားလည်လက်ခံမှုရရှိရေးအတွက် တတ်စွမ်းသလောက် ကြိုးပမ်းတင်ပြမှုအဖြစ် မှတ်ယူနိုင်ပါကြောင်း ရေးသားဖော်ပြလိုက်ပါတယ်။ ။

## ဘူးသီးတောင်မြို့နယ်၌ နေရပ်စွန့်ခွာသူများအား စားနပ်ရိက္ခာများထောက်ပံ့

**ဘူးသီးတောင် မတ် ၂၅**

ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးလှရွှေ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်ကြီး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သူဝင်းတို့ ဦးစီး၍ ယမန်နေ့က ဘူးသီးတောင်မြို့ ရွှေကျင်ဘုန်းတော်ကြီးကျောင်း၌ ယာယီခိုလှုံနေထိုင်လျက်ရှိသော နေရပ်စွန့်ခွာသူ အိမ်ထောင်စု ၇၇ စု လူဦးရေ ၂၄၄ ဦးတို့အား ဆန်၊ ဆီ၊ ဆား၊ ပဲတို့ကို ထောက်ပံ့ခဲ့ကာ အားပေးစကားများ ပြောကြားသည်။

အဆိုပါရိက္ခာများမှာ ဆန် ၃၅ အိတ်၊ ဆီ ၄၂ ဒသမ ၇ ပိဿာ၊ ဆား ၈ ဒသမ ၅၄ ပိဿာ၊ ပဲ ၁၇၀ ဒသမ ၈ ပိဿာတို့ကို တာဝန်ရှိသူများက ပေးအပ်ရာ နေရပ်စွန့်ခွာသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## စိုက်ပျိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ဒေါ့ဖုန်းယန် မတ် ၂၅**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် သက်ဆိုင်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးမိုးတင်က GAP စိုက်ပျိုးရေးနည်းပညာနှင့် မြေသြဇာသုံးစွဲမှု မှန်ကန်စေရေး၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ ပေါင်းသတ်ဆေးနှင့် ပိုးသတ်ဆေးသုံးစွဲမှု မှန်ကန်စေရေး၊ ငမြှောင်တောင်ပိုး ကျရောက်လာပါက ဖြစ်ပေါ်တတ်သည့်ရောဂါလက္ခဏာနှင့် ကာကွယ်အသုံးပြုရမည့် ဆေးနည်းများအကြောင်းနှင့် ကာကွယ်နှိမ်နင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပြီး တက်ရောက်လာသည့် တောင်သူများက သိလိုသည်များကို မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# စာလေ့လာတဲ့အခါမှာ တစ်ယောက်ချင်းလုပ်ဆောင်ရတာ၊ အဖွဲ့နဲ့လုပ်ဆောင်ရတာ၊ နှစ်ယောက်တွဲ လုပ်ဆောင်ရတာတွေကို သင်ခန်းစာထဲမှာ ထည့်ထားပါတယ်

ပါမောက္ခ (ဌာနမှူး) ဒေါက်တာ ပိုးပိုး

## အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်း ပြင်ဆင်ရေးဆွဲဆောင်ရွက်ခြင်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ အပိုင်း(၁)

**အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်း ပြင်ဆင်ရေးဆွဲဆောင်ရွက်ခြင်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ အပိုင်း(၁)နှင့် (၂)ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်လတ်ထွန်း၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာအောင်မြင့်ဦး၊ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာပိုးပိုး၊ ရန်ကုန်တက္ကသိုလ် သင်္ချာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာချိုဝင်း၊ အနုပညာ(ပန်းချီ) ဘာသာရပ်သင်ရိုးညွှန်းတမ်း ကော်မတီဥက္ကဋ္ဌ ဦးအောင်စည်သူလှိုင်နှင့် ကာယပညာဘာသာရပ် သင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌ ဒေါ်ခင်မြသက်တို့၏ ပါဝင်ဆွေးနွေးမှုများကို ဖော်ပြလိုက်ပါသည်။**

*ယမန်နေ့မှ အဆက်*

**အစီအစဉ်မှူး။ ။ သင်ယူမှုနယ်ပယ်ခြောက်ခုက ဘာတွေလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

**ဒေါက်တာဇော်လတ်ထွန်း။** ။ KG သင်ရိုးရဲ့ သင်ယူမှုနယ်ပယ်ခြောက်ခုကတော့ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်း၊ စာရိတ္တ၊ မိတ္တနဲ့စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း၊ အပြန်အလှန်ပြောဆိုဆက်သွယ်တတ်ခြင်း၊ သင်္ချာအခြေခံများကို စူးစမ်းလေ့လာတတ်ခြင်း၊ အနုပညာရသခံစားခြင်းနဲ့ ဖန်တီးခြင်း၊ ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်းတို့ပဲ ဖြစ်ပါတယ်။ ဒီ KG သင်ရိုးကို နိုင်ငံတကာစံချိန် စံညွှန်းတွေနဲ့အညီ (KG)သူငယ်တန်း သင်ရိုးရေးဆွဲရေးအဖွဲ့က ရေးဆွဲပြုစုခဲ့တာ ဖြစ်ပါတယ်။

စနစ်သစ် (KG) သူငယ်တန်းဟာ စောစောကပြောခဲ့သလို KG တန်း စစ်စစ်ဖြစ်ပြီး အခေါ်အဝေါ်အရလည်း KG - သူငယ်တန်းလို့ပဲ ခေါ်ပါတယ်။ မူလသင်ရိုးမှာတုန်းကတော့ သူငယ်တန်းကို Grade-1 လို့ သုံးခဲ့တာဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။အဲဒီ Grade-1၊ Grade-2 စတဲ့ အခေါ်အဝေါ်သတ်မှတ်ချက်တွေကိုလည်း အများပြည်သူ ရှင်းရှင်းလင်းလင်းသိရအောင် ရှင်းပြပေးစေလိုပါတယ်။**

**ဒေါက်တာဇော်လတ်ထွန်း။** ။ မူလ သင်ရိုးမှာက မြန်မာလိုသတ်မှတ်တဲ့ အတန်းနဲ့အင်္ဂလိပ်လိုသတ်မှတ်တဲ့ Grade နဲ့ မတူပါဘူး။ Grade က တစ်တန်းကြီးပါတယ်။ ဥပမာ - မူလသင်ရိုးမှာတုန်းက သူငယ်တန်းကို Grade-1၊ ပထမတန်းကို Grade-2 ၊ ဒုတိယတန်းကို Grade-3 စသည်ဖြင့် သတ်မှတ်သွားပြီး နောက်ဆုံး ဒသမတန်း (၁၀ တန်း) ကိုတော့ Grade-11 လို့ သတ်မှတ်ထားတာ ဖြစ်ပါတယ်။ အခုပြောင်းလဲလိုက်တဲ့ သင်ရိုးမှာတော့ အခေါ်အဝေါ်အနေနဲ့ အတန်းနဲ့ Grade သတ်မှတ်ချက်တွေက အတူတူပါပဲ။ သူငယ်တန်းကို KG လို့ပဲသုံးပြီး ပထမတန်းကို Grade-1၊ ဒုတိယတန်းကို Grade-2 စသည်ဖြင့် သတ်မှတ်သွားပြီး အခြေခံပညာရေးရဲ့ နောက်ဆုံးအဆင့်ကတော့ ဒွါဒသမတန်း (Grade-12) ဖြစ်လာမှာပါ။

**အစီအစဉ်မှူး။ ။ ဒါဆိုရင် စနစ်သစ်သင်ရိုးမှာ မူလတန်းက အတန်း ငါးတန်းရှိတာကြောင့် Grade-1 ကနေ Grade-5 အထိ ဖြစ်သွားမှာပါလား။**

**ဒေါက်တာဇော်လတ်ထွန်း။** ။ ဟုတ်ပါတယ်။ မူလတန်းမှာ Grade-1 က Grade-5၊ အလယ်တန်းမှာက Grade-6 ကနေ Grade-9 နဲ့ အထက်တန်းမှာက Grade-10 ကနေ Grade-12 အထိ ဖြစ်သွားမှာပါ။

**အစီအစဉ်မှူး။ ။ မူလတန်းအဆင့်မှာ သင်ကြားပေးမယ့် ဘာသာရပ်တွေကိုလည်း ပြောပြပေးပါဦး။**

**ဒေါက်တာဇော်လတ်ထွန်း။** ။ မူလတန်းအဆင့်မှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ စာရိတ္တနဲ့ ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ ကာယပညာ၊ အနုပညာ(ပန်းချီ)၊ အနုပညာ(ဂီတ) နဲ့ ဒေသသင်ရိုးတွေကို သင်ကြားပေးသွားမှာဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ အခုဆိုရင် သင်ရိုးသစ်အနေနဲ့ KG၊ Grade-1 နဲ့ Grade-2 တွေကို ပြောင်းလဲသင်ကြားပေးနေပြီဆိုတော့ အဲဒီအတန်းတွေအတွက် ဘာသာရပ်အသီးသီးရဲ့ဆောင်ရွက်ထားမှုတွေကိုလည်း သိပါရစေ။**

**ဒေါက်တာအောင်မြင့်ဦး။** ။ မြန်မာစာ အနေနဲ့ သင်ရိုးအသစ် ပြန်လည်ရေးဆွဲမယ်ဆိုတော့ နဂိုရှိတဲ့ မူလတန်း သင်ရိုးတွေကို ပြန်ပြီးလေ့လာရပါတယ်။ လေ့လာပြီးတဲ့အခါမှာ အရင်ရှိနေတဲ့ ဖတ်စာအုပ်တွေရဲ့ အားသာချက်၊ အားနည်းချက်ကို သုံးသပ်ပြီးတော့ ဘာတွေ ထပ်မံအားဖြည့်ရမယ်ဆိုတာ စဉ်းစားဆုံးဖြတ်ရပါတယ်။ အရင်တုန်းက ဖတ်စာအုပ်တွေမှာ ဝါကျတွေကရှည်နေပြီး တချို့ဝေါဟာရ အသုံးအနှုန်းတွေကလည်း ခက်ခဲနေပါတယ်။ အဲဒီလို ခက်ခဲနေတဲ့အတွက် သင်ကြားသင်ယူတဲ့နေရာမှာ ကျောင်းသူကျောင်းသားတွေအတွက် အခက်အခဲရှိတယ်။ အထူးသဖြင့် တိုင်းရင်းသား ကလေးငယ်တွေအတွက် မြန်မာစကားကို သင်ရတဲ့အခါ အခက်အခဲတွေ အများကြီးရှိနေတာကို တွေ့ရပါတယ်။

အခုပြန်လည်ရေးဆွဲတဲ့ မူလတန်းမြန်မာစာ ဖတ်စာတွေမှာ ဒီလိုအခက်အခဲတွေကို ကျော်လွှားနိုင်ဖို့ အများကြီးစဉ်းစားပြီး ချင့်ချိန်ရေးဆွဲထားတာဖြစ်ပါတယ်။ ဘာသာစကားသင်ရိုးအနေနဲ့တော့ မြန်မာစာနဲ့ အင်္ဂလိပ်စာသဘောတရားချင်းအတူတူပါပဲ။ မြန်မာစကားသင်တဲ့အခါ ပျော်ပျော်ရွှင်ရွှင်ဖြစ်အောင် ပုံပြင်လေးတွေ၊ ကဗျာလေးတွေကို နားထောင်ပြီး ပြန်ပြောတတ်မယ်။ အသံနေ အသံထား ဟန်ပန်အမူအရာနဲ့ ရွတ်ဆိုနိုင်မယ်။ အဲဒီလို ပုံစံမျိုးလေးတွေဖြစ်အောင် ပြုပြင်ထားပါတယ်။ ကျောင်းသူ ကျောင်းသားတွေအနေနဲ့ မြန်မာစာသင်ကြားရတာ ပျော်ရွှင်ပြီးတော့ လက်တွေ့ဘဝမှာ မြန်မာစကားကို ကျွမ်းကျွမ်းကျင်ကျင်ပြောဆိုတတ်လာဖို့ ရည်ရွယ်ပြီး ဆောင်ရွက်ထားတာပါ။

**အစီအစဉ်မှူး။ ။အင်္ဂလိပ်စာနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြပေးပါဦး။**

**ဒေါက်တာပိုးပိုး။** ။ သင်ရိုးသစ်နဲ့ သင်ရိုးဟောင်း ကွာခြားချက်ကတော့ KG မှာ အင်္ဂလိပ်စာနဲ့ ရင်းနှီးကျွမ်းဝင်မှုရှိအောင် English Alphabets တွေနဲ့ Activities လေးတွေလုပ်ခိုင်းပြီးသင်တာပါ။ Grade-1 ကို ရောက်လာတဲ့အခါမှာ Letter တွေကို စပြီးရေးဖို့ Introduce လုပ်ပါတယ်။ စပြီးရေးလာတဲ့အခါမှာ English Letter လေးတွေ Letter နဲ့ စထားတဲ့ ဝေါဟာရတွေကို သိဖို့လိုလာပါတယ်။ နောက်ပြီးအင်္ဂလိပ်လိုတစ်ယောက်နဲ့ တစ်ယောက် မိတ်ဆက်တာ၊ နှုတ်ဆက်တာ၊ သူတို့ရဲ့ မိသားစုအကြောင်း၊ ကျောင်းအကြောင်း၊ ပတ်ဝန်းကျင်မှာရှိတဲ့ အရာတွေစတဲ့ အခြေခံလိုအပ်ချက်တွေကို အင်္ဂလိပ်လို ပြောတတ်အောင် ထည့်သွင်းသင်ကြားပေးပါတယ်။ ဒါက Grade-1 မှာပါ။

နောက်ပိုင်း Grade တွေဆိုရင်လည်း တဖြည်းဖြည်းနဲ့ အလွတ်ကျက်ရတာမျိုး မဟုတ်ဘဲ သူတို့ကိုယ်ပိုင်စဉ်းစားဉာဏ်နဲ့ သင့်လျော်တဲ့ Language အသုံးအနှုန်းတွေကို သုံးနှုန်းပြီး ပြောဆိုတတ်အောင် သင်ကြားပေးပါတယ်။ သင်ကြားတဲ့ပုံစံမှာလည်း ကျောင်းသူကျောင်းသားတွေ စာလေ့လာတဲ့အခါမှာ တစ်ယောက်ချင်း လုပ်ဆောင်ရတာ၊ အဖွဲ့နဲ့လုပ်ဆောင်ရတာ၊ နှစ်ယောက်တွဲ လုပ်ဆောင်ရတာတွေကို သင်ခန်းစာထဲမှာ ထည့်ထားပါတယ်။ သင်ခန်းစာတွေကို ဆရာ ဆရာမတွေက သင်ကြားတဲ့အခါ အခက်အခဲမရှိအောင် Teacher's Guide ကို ရေးသားပေးပါတယ်။ အဲဒီလိုရေးသားတဲ့ အခါမှာလည်း အဲဒီအထဲမှာ နည်းနည်းခက်ခဲမယ်ထင်တဲ့ အသုံးအနှုန်းလေးတွေ၊ လမ်းညွှန်ချက်လေးတွေကို မြန်မာလိုပြန်ပြီးတော့ ထည့်ပေးထားပါတယ်။ Guide Line လေးတွေကိုလည်း အသေးစိတ် Teacher's Guide ထဲမှာ ဖော်ပြထားပါတယ်။

အဲဒါအပြင် Reading၊ Writing တွေပဲ မဟုတ်တော့ဘဲ Listening ပါ၊ ပါလာတဲ့အတွက် ဒီ Listening ကို ကျောင်းသူကျောင်းသားတွေလုပ်နိုင်ဖို့နဲ့ ဆရာဆရာမတွေ သင်ကြားတဲ့အခါ အသုံးပြုနိုင်ဖို့ Audio Materials တွေကို ပညာရေးဝန်ကြီးဌာနက ကျောင်းအသီးသီးကို ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီလို ဖြန့်ဝေထားတဲ့အပြင် ပညာရေးဝန်ကြီးဌာနရဲ့ Website နဲ့ JICA(CREATE) Project Team Website တွေမှာလည်း တင်ပေးထားပြီးဖြစ်ပါတယ်။ ကျောင်းသူကျောင်းသားများနဲ့ ဆရာဆရာမများ အလွယ်တကူနဲ့ Download လုပ်ပြီး အသုံးပြုနိုင်ပါတယ်။

**အစီအစဉ်မှူး။ ။ ပါဝင်ဆွေးနွေးပေးတဲ့ ဆရာကြီး ဆရာမကြီးများကို ကျေးဇူးတင်ပါတယ်။**

**သတင်းအဖွဲ့**

**"အရင်တုန်းက ဖတ်စာအုပ်တွေမှာ ဝါကျတွေကရှည်နေပြီး တချို့ဝေါဟာရ အသုံးအနှုန်းတွေကလည်း ခက်ခဲနေပါတယ်။ အဲဒီလို ခက်ခဲနေတဲ့အတွက် သင်ကြားသင်ယူတဲ့နေရာမှာ ကျောင်းသူကျောင်းသားတွေအတွက် အခက်အခဲရှိတယ်။ အထူးသဖြင့် တိုင်းရင်းသား ကလေးငယ်တွေအတွက် မြန်မာစကားကို သင်ရတဲ့အခါ အခက်အခဲတွေ အများကြီးရှိနေတာကို တွေ့ရပါတယ်"**



# တပ်မတော် သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် မတ် ၂၅**

တပ်မတော် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော် စစ်သမိုင်းပြတိုက်၌ ပြုလုပ်သည်။ **(အပေါ်ပုံ)**

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ် စိုးနိုင်ဦး၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ထွန်းထွန်းညီ၊ အတွင်းရေးမှူး ဗိုလ်မှူးချုပ် ဇော်မင်းထွန်းနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများ၊ ပြည်တွင်းပြည်ပ သတင်းဌာနများမှ သတင်းမီဒီယာသမားများ တက်ရောက်ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်ချုပ် စိုးနိုင်ဦးနှင့် ဗိုလ်ချုပ်ထွန်းထွန်းညီတို့က တပ်မတော်မှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲထားရှိမှု အခြေအနေများနှင့် ငြိမ်းချမ်းရေးဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် သတင်းမီဒီယာများမှ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ **သတင်းစဉ်**

## အပူဒဏ်ကြောင့် သတိလစ်ခြင်းအား အရေးပေါ်ရှေးဦးပြုစုပါ

အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)ခံစားရပါက အောက်ဖော်ပြပါရောဂါလက္ခဏာများအား ခံစားရနိုင်ပါသည်။

❖ အရေပြားပူ၍ ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
❖ စိတ်ရှုပ်ထွေးခြင်း
❖ သတိလစ်ခြင်း
❖ တက်ခြင်း
❖ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်းတို့ဖြစ်ပါသည်။

အထက်ပါ အပူဒဏ်လက္ခဏာများ ခံစားနေရသော လူနာအား တွေ့ရှိပါက -

❖ လူနာအား အရိပ်ရ၊ အေးမြသောနေရာ(သို့) လေပန်ကာရှိသောနေရာ (သို့) လေအေးပေးစက်ရှိသော အခန်းသို့ ရွှေ့ပြောင်းပါ။
❖ လူနာအား နီးစပ်ရာ ဆေးရုံ/ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ပါ။ အရိပ်ရသည့်နေရာသို့ ပို့ဆောင်ပါ (သို့မဟုတ်) အရိပ်ရအောင် ဆောင်ရွက်ပေးပါ။
❖ အောက်ဖော်ပြပါနည်းလမ်းများအတိုင်း ရှေးဦးစွာပြုစုပေးပါ။

၁။ လူနာ၏ ခြေရင်းဘက်အား မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့် ထားပါ။
၂။ လူနာ၏ အဝတ်အစားများအား ချွတ်ပေးပါ။
၃။ လူနာကောင်းစွာ သတိရနေပါက ရေအေးအေး (သို့) ဓာတ်ဆားရည်(ORS) တိုက်ပေးပါ။
၄။ လူနာ၏ကိုယ်ပေါ်သို့ ရေအေးအေး ဖျန်းပေးပါ။
၅။ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့အား ရေအေးအေး (သို့) ရေခဲစိမ်ထားသော အဝတ်များဖြင့် ရေပတ်အုပ်ပေးပါ။
၆။ လေပန်ကာရှိပါက လူနာအား ပန်ကာလေမှုတ်ပေးပါ (သို့) ယပ်ခပ်ပေးပါ။

**အရေးပေါ်ရှေးဦးပြုစုခြင်းများ ဆောင်ရွက်ပြီးလျှင် ဆေးရုံ၊ ဆေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ဆောင်၍ ကုသမှုခံယူရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# မြို့ပြနှင့်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်း ဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်သူများအတွက် ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ပြီး သဘာဝဘေးဒဏ်ခံနိုင်သည့် ဘက်စုံကောင်းမွန်သော မြို့ပြများ တည်ထောင်နိုင်ရန်၊

(ခ) နိုင်ငံတော်အတွင်း နယ်မြေဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးမှုကွာဟချက် လျှော့ချနိုင်စေရန်အတွက် ဘက်ညီမျှတသော မြို့ပြများ စနစ်တကျ ထူထောင်တည်ဆောက်ရန်၊

(ဂ) လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ဦးတည်ရေးဆွဲသော ကဏ္ဍဖွံ့ဖြိုးရေး စီမံကိန်းများနှင့် မြေအသုံးချမှုကို အခြေခံသည့် ဒေသဆိုင်ရာ စီမံကိန်းများကို ပေါင်းစပ်၍ အခြေချနေထိုင်ရာ မြို့ပြဒေသများ စနစ်တကျ ဖော်ဆောင်နိုင်ရန်။

## အခန်း (၃)
## ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ အခြေခံမူများ

၄။ ဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း လုပ်ငန်းရပ်များကို ဆောင်ရွက်ရာတွင် အခြေခံရမည့် မူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဖွံ့ဖြိုးရေးစီမံကိန်းများသည် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု၊ ကာကွယ်ရေး၊ လုံခြုံရေးတို့နှင့် စပ်လျဉ်းသည့် မဟာဗျူဟာနှင့် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများ၊ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ ရည်ရွယ်ချက်များနှင့် လိုက်လျောညီထွေရှိစေခြင်း၊

(ခ) သိပ္ပံနည်းကျ ကြိုတင်ခန့်မှန်းတွက်ချက်မှုများနှင့် သုတေသနပြုလုပ်ခြင်း၊ လက်တွေ့ကျသည့် လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေခြင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ချက်နှင့် လိုက်လျောညီထွေဖြစ်စေခြင်း၊

(ဂ) ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရေးဆွဲဆောင်ရွက်ခြင်း၊

(ဃ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ခြင်း၊ အများပြည်သူအား ထိခိုက်သည့် ဘေးအန္တရာယ်များ ကျရောက်နိုင်မှုကို ကြိုတင်ကာကွယ်ခြင်း သို့မဟုတ် လျှော့ချရန် ဆောင်ရွက်ခြင်းနှင့် မြို့ပြမြေယာရှုခင်းအသွင်အပြင် ပိုမိုကောင်းမွန်လာစေခြင်း၊

(င) ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲသည့် လုပ်ငန်းစဉ်တွင် ပတ်ဝန်းကျင် အကျိုးသက်ရောက်မှု ဆန်းစစ်ချက်၊ လူမှုရေးအကျိုးသက်ရောက်မှု ဆန်းစစ်ချက်၊ ယဉ်ကျေးမှုအမွေအနှစ်များအပေါ် အကျိုးသက်ရောက်မှု ဆန်းစစ်ချက် ဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် အရည်အသွေး၊ သမိုင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ နေရာဒေသများ၊ အမှတ်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(စ) နိုင်ငံတော်၏ လိုအပ်လာသည့် မြို့ပြမြေများ ဖော်ထုတ်ရာတွင် မြေအသုံးချမှု မူဝါဒများနှင့်အညီ မြေအသုံးပြုမှုပြောင်းလဲခြင်း၊ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် အရင်းအမြစ်များ စဉ်ဆက်မပြတ် ဖန်တီးပေးခြင်းနှင့် မြို့ပြမြေအား အကျိုးရှိ ထိရောက်စွာအသုံးပြုခြင်း၊

(ဆ) မြို့ပြဖွံ့ဖြိုးရေးဖြစ်စဉ်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးရာကိစ္စရပ်များ၊ ကာကွယ်ရေးနှင့် လုံခြုံရေးတို့ကို အထောက်အကူဖြစ်စေခြင်း၊

(ဇ) မြေအောက်နှင့် ရေအောက်နေရာများတွင် တည်ဆောက်မှု လုပ်ငန်းများသည် မြေပေါ်ရှိ သမိုင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ၊ လူမှုစီးပွားဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ မြို့ပြအခြေခံအဆောက်အအုံများ၏ စနစ်နှင့် လိုက်လျောညီထွေဖြစ်စေခြင်း၊

(ဈ) မြို့ပြရိယာများအတွင်းရှိ မြေအသုံးပြုမှု အမျိုးမျိုးကို သဟဇာတဖြစ်စွာ တည်ဆောက်နိုင်ရေး စီမံဆောင်ရွက်ခြင်း၊

(ည) လူနေအိမ်ရာ၊ ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် ကုန်သွယ်ရေးဆိုင်ရာ အဆောက်အအုံများ၊ ပန်းခြံများ၊ သစ်ပင်များ၊ ရေပြင်၊ မော်တော်ယာဉ်ရပ်နားရန် နေရာများနှင့် အခြားလူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများအတွက် လိုအပ်ချက်ပြည့်မီစေခြင်း၊

(ဋ) နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လိုအပ်ချက် ပြည့်မီစေခြင်းနှင့် ဒေသတွင်း၊ နိုင်ငံတော်နှင့် နိုင်ငံတကာ နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံစနစ်များနှင့် အံဝင်ခွင်ကျဖြစ်စေခြင်း၊

(ဌ) ဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲအတည်ပြုရာ၌ ပြည်ထောင်စုအဆင့် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် သော်လည်းကောင်း၊ ဒေသန္တရ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်သော်လည်းကောင်း၊ တစ်နိုင်ငံလုံးအတွက် ခြုံငုံရေးဆွဲထားသည့် မြေအသုံးချမှုစီမံကိန်းများနှင့် သော်လည်းကောင်း လိုက်လျောညီထွေဖြစ်စေခြင်း။

## အခန်း (၄)
## ဗဟိုကော်မတီဖွဲ့စည်းခြင်း

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဒုတိယသမ္မတက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူတစ်ဦးဦးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဌာနများမှ ဝန်ကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီများမှ မြို့တော်ဝန်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ အခြားသင့်လျော်သည့် ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ဗဟိုကော်မတီကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ လုပ်ငန်းတာဝန် သတ်မှတ်ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူးတစ်ဦးတို့ကို ထပ်မံသတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြို့ပြမူဝါဒချမှတ်ခြင်းနှင့် မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ မူဝါဒများကို ရေးဆွဲချမှတ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရသို့ ပြုစုတင်ပြနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ခ) မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် ဥပဒေများကို အခါအားလျော်စွာ ရေးဆွဲဆောင်ရွက်ရန်အတွက်လည်းကောင်း၊ တည်ဆဲဥပဒေများအား ခေတ်နှင့် လျော်ညီအောင် ပြင်ဆင်ရေးဆွဲရေးအတွက်လည်းကောင်း ပြည်ထောင်စုအစိုးရသို့ တင်ပြနိုင်ရန် လမ်းညွှန်ကြပ်မတ်ခြင်း၊

(ဂ) ဒေသဆိုင်ရာ ကော်မတီများအား ဖွဲ့စည်းခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူရန် လိုအပ်သော သတ်မှတ်ထားသည့် စီမံကိန်းအမျိုးအစားများကို စိစစ်အကြံပြုခြင်း၊

(င) မြို့ပြကြီးထွားမှုကြောင့် လိုအပ်လာသည့် မြို့ပြတိုးချဲ့ရေးနှင့် မြို့သစ်တည်ဆောက်ရေး အဆိုပြုစီမံကိန်းများကို စိစစ်အတည်ပြုခြင်း၊

(စ) ဖွံ့ဖြိုးရေးစီမံကိန်း ခွင့်ပြုမိန့်တစ်ခုခုကြောင့် ထိခိုက်နစ်နာကြောင်း ဖော်ပြလျှောက်ထားလာသည့် အယူခံလွှာများကို ကြားနာစစ်ဆေးခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြနိုင်ရန် လမ်းညွှန်ကြပ်မတ်ခြင်း၊

(ဆ) ဒေသတစ်ခုအတွင်း မြို့ပြဖွံ့ဖြိုးရေးအရန်မြေ ဧရိယာသတ်မှတ်ခြင်း၊ အဆိုပါ သတ်မှတ်ဧရိယာအတွင်းရှိ လယ်ယာမြေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အခြားနည်းအသုံးပြုခွင့်နှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးမှုထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ သဘောထားမှတ်ချက် ပေးပို့ခြင်း၊

(ဇ) ဖွံ့ဖြိုးရေးစီမံကိန်းများ အောင်မြင်စွာ ပေါင်းစပ်ဆောင်ရွက်နိုင်ရန် အလို့ငှာ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူများ ပါဝင်သည့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

## အခန်း (၅)
## ဒေသဆိုင်ရာ ကော်မတီ ဖွဲ့စည်းခြင်း

၇။ ဗဟိုကော်မတီသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစီးဌာနမှ အရာရှိတစ်ဦးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ အခြားသင့်လျော်သည့် ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးကော်မတီကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ လုပ်ငန်းတာဝန် သတ်မှတ်ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူးတစ်ဦးတို့ကို ထပ်မံသတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဒေသဆိုင်ရာကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ဗဟိုကော်မတီသည် -

(က) သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှ ဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစီးဌာနမှ အရာရှိတစ်ဦးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ အခြားသင့်လျော်သည့် ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးကော်မတီကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ လုပ်ငန်းတာဝန် သတ်မှတ်ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူးတစ်ဦးတို့ကို ထပ်မံသတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဒေသဆိုင်ရာကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၉။ ဒေသဆိုင်ရာကော်မတီ၏ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဗဟိုကော်မတီမှ လမ်းညွှန်ချက်များကို ဤဥပဒေနှင့်အညီ သက်ဆိုင်ရာ အုပ်ချုပ်မှုနယ်နိမိတ်အတွင်းရှိ မြို့ပြနှင့်ဒေသ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူရန် လိုအပ်သော သတ်မှတ်ထားသည့် စီမံကိန်းအမျိုးအစားများကို စစ်ဆေးခြင်း၊ လက်ခံအတည်ပြုခြင်းနှင့် ငြင်းပယ်ခြင်း၊

(ဂ) မြို့ပြတိုးချဲ့ရေး၊ မြို့သစ်တည်ဆောက်ရေးစီမံကိန်းများကို ဗဟိုကော်မတီ၏ အတည်ပြုချက် ရယူအကောင်အထည်ဖော်ခြင်း၊

(ဃ) စီမံကိန်းခွင့်ပြုမိန့် တစ်ခုခုကြောင့် ထိခိုက်နစ်နာကြောင်း ဖော်ပြလျှောက်ထားလာသည့် အယူခံလွှာများကို ကြားနာစစ်ဆေးခြင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြနိုင်ရန် လမ်းညွှန်ကြပ်မတ်ခြင်း၊

(င) မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် မြို့ပြနှင့်ဒေသ ဖွံ့ဖြိုးရေးကော်မတီများအား ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

## အခန်း (၆)
## ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ

၁၀။ ဝန်ကြီးဌာန၏ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများကို ရေးဆွဲ၍ ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့ တင်ပြခြင်း၊

(ခ) မြို့ပြနှင့်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများ၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဂ) ပြည်ထောင်စုအစိုးရထံသို့ အတည်ပြုပေးရန် ဦးစီးဌာနတင်ပြသည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို စိစစ်၍ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဃ) ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ နည်းပညာဖွံ့ဖြိုးရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် သုတေသနလုပ်ငန်းများ ထူထောင်ခြင်းနှင့် အားပေးဆောင်ရွက်ခြင်း၊

(င) နိုင်ငံတစ်ဝန်းတွင် ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းနှင့် လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် နည်းပညာနှင့် ကျွမ်းကျင်မှု အကူအညီများ ပေးအပ်ခြင်း၊

(စ) ဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်း၊ အတည်ပြုခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ခြင်းများနှင့် စပ်လျဉ်း၍ လိုက်နာရမည့် မြို့ပြစီမံကိန်းဆိုင်ရာ အခြေခံအဆောက်အအုံဆိုင်ရာနှင့် အဆောက်အဦဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း၊ လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခြင်း၊

(ဆ) မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ပညာရပ်ကျွမ်းကျင်သူကိုဖြစ်စေ၊ အဖွဲ့အစည်းကိုဖြစ်စေ အရည်အချင်း၊ လုပ်ငန်းအသိအမှတ်ပြုသတ်မှတ်ချက်၊ လက်မှတ်များ ထုတ်ပြန်ခြင်း၊

(ဇ) သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လာပါက အဆိုပါဒေသများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသဆိုင်ရာ ကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း။

## အခန်း (၇)
## မြို့အတန်းအစားသတ်မှတ်ခြင်းနှင့် ဖွံ့ဖြိုးရေးစီမံကိန်းအမျိုးအစားများ ခွဲခြားသတ်မှတ်ခြင်း

၁၁။ (က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် နိုင်ငံတော်အတွင်းရှိ မြို့များကို “က”၊ “ခ”၊ “ဂ”၊ “ဃ” သို့မဟုတ် “င” ဟူ၍ အတန်းအစား သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ အတန်းအစားသတ်မှတ်ရာတွင် အောက်ပါ အခြေခံ သတ်မှတ်ချက် စံနှုန်းများနှင့်အညီ ဆောင်ရွက်ရမည် -

(၁) မြို့၏တည်နေရာ၊ မြို့ပြလုပ်ငန်းဆောင်တာများ၊ မြို့၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် လူမှုစီးပွားဖွံ့ဖြိုးမှု အခြေအနေ၊

(၂) လူဦးရေနှင့် အကျယ်အဝန်း၊

(၃) လူဦးရေသိပ်သည်းမှု၊

(၄) စိုက်ပျိုးရေးမဟုတ်သည့် လုပ်ငန်းခွင်တွင် အလုပ်အကိုင်ရရှိမှု၊

(၅) သဘာဝအရင်းအမြစ် ရရှိနိုင်မှုနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု၊

(၆) ထူးခြားသော ဝိသေသ လက္ခဏာများ။

၁၂။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပုဒ်မ ၁၁ ပုဒ်မခွဲ (က) အရ သတ်မှတ်သောမြို့အတန်းအစားကို လူမှုစီးပွားဖွံ့ဖြိုးမှုအပေါ်မူတည်၍ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းနေသည့် တောင်နဝင်းဆည်

ပြီးခဲ့သည့် ဇန်နဝါရီလက ပြည်ခရိုင် ပေါက်ခေါင်းမြို့၌ တောင်နဝင်းဆည် တာကျိုးသွားသည်ဆိုသော ကောလာဟလသတင်းများကြောင့် ပေါက်ခေါင်းမြို့နှင့် အနီးအနားကျေးရွာများရှိ ဒေသခံပြည်သူများ ထိတ်လန့်ခဲ့ကြသည်။

ထို့ကြောင့် လက်ရှိ တောင်နဝင်းဆည်၏ အခြေအနေနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ဆည်မြောင်းနှင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံ၍ သိရှိလိုသည်များကို ယခုလိုမေးမြန်းခဲ့သည် -

**ဦးအောင်ဗိုလ်(ညွှန်ကြားရေးမှူး၊ တောင်နဝင်းဆည်)**

**မေး။ ။တောင်နဝင်းရေလှောင်တမံ ဖြစ်ပေါ်လာပုံကို ရှင်းပြပေးပါဦး။**

ဖြေ။ ။တောင်နဝင်းရေလှောင်တမံစီမံကိန်းက ဧရာဝတီမြစ်ဝကျွန်းပေါ် အထက်ပိုင်းဒေသ ဘက်စုံစိုက်ပျိုးရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Master Plan တစ်ရပ် ရေးဆွဲတာကနေ ပေါ်ထွက်လာတဲ့ စီမံကိန်းဖြစ်ပါတယ်။ Master Plan ကို အဆင့်(၃)ဆင့် ရေးဆွဲခဲ့ပါတယ်။ ပထမအဆင့် လေ့လာမှုကို ၁၉၇၈ ခုနှစ်မှာ ဆောင်ရွက်ခဲ့ပြီး



တောင်နဝင်းရေလှောင်တမံကို တွေ့ရစဉ်။



ဦးအောင်ဗိုလ်



ဒေါက်တာ မိုတိုရောရှိဟိကဆ

ဒုတိယနဲ့ တတိယအဆင့်လေ့လာမှုကို ၁၉၇၉ ခုနှစ်မှာ ဆောင်ရွက်ခဲ့ပါတယ်။

တောင်နဝင်းရေလှောင်တမံ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုအစီရင်ခံစာကို ၁၉၈၀ ခုနှစ်က ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)က နိုင်ငံတော်အစိုးရထံကို ရေလှောင်တမံတည်ဆောက်ခြင်းဆိုင်ရာ အပြီးသတ်ဒီဇိုင်းပုံစံရေးဆွဲခြင်း လုပ်ငန်းအတွက် ဂျပန်နိုင်ငံ ဆန်းယုအတိုင်ပင်ခံအဖွဲ့ကို ငှားရမ်းပြီး ၁၉၈၄ ခုနှစ်မှာ ဆောင်ရွက်ခဲ့ပါတယ်။တည်ဆောက်ရေးလုပ်ငန်းတွေကို ၁၉၈၅ - ၁၉၈၆ ခုနှစ်မှာ စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၄ - ၁၉၉၅ ခုနှစ်မှာ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။

**မေး။ ။ရေလှောင်တမံကို တည်ဆောက်ရတဲ့ ရည်ရွယ်ချက်ကို ရှင်းပြပေးပါ။**

ဖြေ။ ။ရေလှောင်တမံကို ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့အရှေ့ဘက် နှစ်မိုင်အကွာ ရပ်သစ်ကျေးရွာအနီး တောင်နဝင်းချောင်းပေါ်မှာ တည်ဆောက်ထားပါတယ်။ တမံအောက်ဘက် လေးမိုင်ခန့်အကွာ ချောင်းခွရွာအနီး တောင်နဝင်းချောင်းပေါ်မှာ တည်ဆောက်ထားတဲ့ တောင်နဝင်းရေထိန်းတမံကို ရေလွှတ်ပြီး ရေထိန်းတမံရဲ့ မြောင်းမကြီးကနေတစ်ဆင့် ပေါက်ခေါင်း၊ ပြည်နဲ့ သဲကုန်းမြို့နယ်တွေမှာရှိတဲ့ လယ်မြေဧက ၅၇၂၅၈ ဧကကို စိုက်ပျိုးရေပေးဝေဖို့ ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ပါတယ်။ လက်ရှိမှာ နှစ်စဉ် နွေစပါးပျမ်းမျှ ဧက ၇၀၀၀ ခန့်နဲ့ မိုးစပါးဖြည့်စွက်ရေအောင်ရေ ပျမ်းမျှ ဧက ၁၂၀၀၀ ခန့်ကို ရေပေးဝေလျက်ရှိပါတယ်။

**မေး။ ။တမံထိပ်မျက်နှာပြင် အက်ကြောင်းဖြစ်ပေါ်လာခြင်းနဲ့ ဆောင်ရွက်ထားရှိမှု အခြေအနေကို သိချင်လို့ပါ။**

ဖြေ။ ။၂၀၁၈ ခုနှစ် အောက်တိုဘာလက ရေလှောင်တမံအနီးမှာ အင်အားအသင့်အတင့်ရှိတဲ့ ငလျင်လှုပ်ခတ်မှုသုံးကြိမ်၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှာ တစ်ကြိမ်ဖြစ်ပွားခဲ့ပြီး ဇန်နဝါရီလ ၈ ရက်မှာ တမံရဲ့ ပေတိုင် ၅၆၅၀ နဲ့ ပေတိုင် ၆၁၀၀ အကြား တမံထိပ်မျက်နှာပြင် အက်ကြောင်းဖြစ်ပေါ်မှုကို စတင်တွေ့ရှိခဲ့ပါတယ်။ ငလျင်လှုပ်ခတ်မှုကြောင့် တမံအောက်ခြေအုတ်မြစ်ကျောက်သားလှုပ်ရှားမှုဖြစ်ပြီး တမံထိပ်မျက်နှာပြင် အက်ကြောင်း ဖြစ်လာရတယ်လို့ မြန်မာနဲ့ ဂျပန်ပညာရှင်တွေရဲ့ ကွင်းဆင်းစစ်ဆေးမှုသုံးသပ်ချက်အရ သိရပါတယ်။

ဖြစ်ပွားပြီးနောက်ပိုင်း ဌာနက အချိန်ပြည့်စောင့်ကြည့်တိုင်းတာခြင်းနဲ့ ဘူမိဗေဒစူးစမ်းလေ့လာခြင်းတွေကို ဂျပန်ပညာရှင်တွေနဲ့အတူ ဆောင်ရွက်ခဲ့ပါတယ်။ ရေလှောင်တမံ ကြံ့ခိုင်ရေးနဲ့ လုံခြုံစိတ်ချရမှုအတွက် မိုးရာသီမတိုင်မီ စူးစမ်းရရှိချက်အပေါ်အခြေခံပြီး ဒေသခံတွေရဲ့အသက်အိုးအိမ် လုံခြုံစိတ်ချမှုရှိအောင် တမံအောက်ခံအုတ်မြစ် အားဖြည့်ခြင်းအတွက် ဘိလပ်မြေသရွတ်မှုတ်သွင်းခြင်းလုပ်ငန်း၊ တမံကိုယ်ထည်ရဲ့အောက်ဘက်ကနေ မြေသားပိုးဖို့ခြင်းလုပ်ငန်း၊ တမံထိပ်ပြင် အက်ကြောင်းကုန်တဲ့အထိ တစ်မီတာစီ အလွှာလိုက် မြေသားဖယ်ခြင်းလုပ်ငန်းနဲ့ တမံထိပ်ပြင်နဲ့ မြေသားပိုးခြင်းအတွက် မြေဖို့ခြင်းလုပ်ငန်းတွေကို စနစ်တကျ အချိန်မီပြီးစီးအောင် ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။မိုးတွင်းကာလ ဆောင်ရွက်မယ့် အစီအစဉ်တွေကို ရှင်းပြပေးပါခင်ဗျာ။**

ဖြေ။ ။ရေလှောင်တမံ တည်ဆောက်ပြီးစီးတဲ့ ၁၉၉၆ ခုနှစ်ကစပြီး နှစ်စဉ်လအလိုက် ဆည်ရေဝင်ရောက်မှုကို မှတ်တမ်းတင်ခဲ့ပါတယ်။ နှစ်စဉ်ဆည်ရေဝင်ရောက်မှု မှတ်တမ်းများအရ အများဆုံးဝင်ရောက်ခဲ့တဲ့ ၂၀၁၁ ခုနှစ် ရေဝင်ရောက်မှုကို အခြေခံပြီး အဓိကဖြစ်တဲ့ ဒေသခံတွေရဲ့ စိုးရိမ်ပူပန်စိတ် လျော့ကျဖို့နဲ့ လုံခြုံစိတ်ချရမှုအတွက် သူတို့ ဆန္ဒအရ လာမယ့် မိုးစပါး၊ နွေစပါးစိုက်ပျိုးဖို့ ရေလိုအပ်ချက်ဖြည့်ဆည်းပေးဖို့အတွက် လာမယ့်မိုးရာသီမှာ တမံရေသိုလှောင်နိုင်မှုပမာဏရဲ့ တစ်ဝက်ကိုသာ ထိန်းညှိသိုလှောင်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဘူမိစမ်းသပ်တွင်းတွေမှာ တိုင်းတာရေးကိရိယာတွေ တပ်ဆင်ပြီး တမံရဲ့ ကိုယ်ထည်လှုပ်ရှားမှုကို စောင့်ကြည့်တိုင်းတာမှုများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။ရေလှောင်တမံနဲ့ ပတ်သက်ပြီး ဒေသခံပြည်သူတွေက ရေထိန်းတံခါးတပ်ဆင်ဖို့ အကြံပြုချက်တွေအပေါ် ဌာနအနေနဲ့ အမြင်ကို ပြောပြပေးပါ။**

ဖြေ။ ။တမံအတွက် ရေထိန်းတံခါး တပ်ဆင်ဖို့ အကြံပြုချက်ကို ကြိုဆိုပါတယ်။ ဒါပေမယ့် တမံမှာ ရေထိန်းတံခါးတပ်ဖို့အတွက် ဖြစ်နိုင်ခြေကို အဆင့်ဆင့် ဆန်းစစ်လေ့လာသုံးသပ်ပြီး စနစ်တကျဆောင်ရွက်သင့်ပါတယ်။ ရေထိန်းတံခါးကို တမံတစ်ခုတည်းမှာ တပ်ဆင်ခြင်းထက် ဧရာဝတီမြစ်ဝှမ်းတစ်လျှောက်မှာရှိတဲ့ ဆည်တွေမှာ တပ်ဆင်တာက ပိုပြီး သင့်လျော်ကောင်းမွန်မယ်လို့ ပညာရှင်တွေရဲ့သုံးသပ်အကြံပြုချက်တွေအရ သိရပါတယ်။ ဒီလိုအကြံပြုတာက ရုတ်တရက် ရေကြီးရေလျှံမှုတွေဖြစ်ပေါ်လာရင် ဆည်ရေထိန်းတံခါးကနေ ရေလွှတ်ပေးမယ်ဆိုရင် ဆည်အောက်ပိုင်းမှာ ရေလွှမ်းမိုးမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။

ဒီလိုဖြစ်စဉ်မျိုးတွေကို ကျွန်တော်တို့ရဲ့အိမ်နီးချင်းနိုင်ငံတွေမှာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ အလောသုံးဆယ်ဆောင်ရွက်ခြင်းထက် ဖြစ်နိုင်ခြေကို စနစ်တကျလေ့လာပြီး အဆင့်အလိုက် အချိန်ယူပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

**ဒေါက်တာ မိုတိုရောရှိဟိကဆ**

**(ဂျပန်နိုင်ငံသား ဆည်တမံဆိုင်ရာ ကျွမ်းကျင်ပညာရှင်)**

**မေး။ ။တောင်နဝင်းရေလှောင်တမံအပေါ်မှာ ရေထိန်းတံခါးတစ်ခုတပ်ဆင်ဖို့ကို ပညာရှင်တစ်ယောက်အနေနဲ့ ဘယ်လိုမြင်ပါသလဲ ခင်ဗျာ။**

ဖြေ။ ။ဂျပန်နိုင်ငံမှာ အခုလို တည်ဆောက်ပြီး ဆည်တမံတစ်ခုမှာ ထပ်မံပြီး ရေတံခါးတွေ၊ ရေထိန်းရေပိုလွှဲတွေ တပ်ဆင်ဖို့အတွက် အနည်းဆုံးအချိန် ၁၀ နှစ်ယူပြီး လေ့လာမှုတွေလုပ်ပါတယ်။ အဲဒီလို လေ့လာရာမှာ ရေထိန်းတံခါးတပ်မယ့်ဆည်နဲ့ ပတ်ဝန်းကျင်က ဆည်တွေမှာ ရေပိုလွှဲတွေ၊ တံခါးတွေ ထပ်မံတပ်ဆင်ဖို့ လိုအပ်မှု ရှိ၊ မရှိ။ ဆည်တစ်ခုတည်း တပ်ဆင်ပါက ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးဆက်တွေကို စနစ်တကျ လေ့လာရပါတယ်။

ရေကြီးရေလျှံမှုဖြစ်တဲ့အချိန် ရေထိန်းတံခါးတစ်ခုတည်းက ရေတွေကို ထုတ်လိုက်မယ်ဆိုရင် ဆည်အောက်ပိုင်း ဒေသတွေမှာ ရေလွှမ်းမိုးမှုတွေ အများကြီးဖြစ်လာနိုင်ပါတယ်။ ဒီလိုအတွေ့အကြုံကို ထိုင်းနိုင်ငံမှာ ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ ဒါကြောင့် ရေထိန်းတံခါးတပ်ဆင်မှုကို ကျွန်တော်တို့ အမြင်အနေနဲ့ အလောသုံးဆယ်မလုပ်စေချင်ပါဘူး။ စနစ်တကျလေ့လာပြီး အဆင့်အလိုက် စနစ်တကျနဲ့ အချိန်ယူသုံးသပ်ပြီး ဆောင်ရွက်သွားစေချင်ပါတယ်။ **သူရဇော်**

> **“ဒေသခံတွေရဲ့ စိုးရိမ်ပူပန်စိတ် လျော့ကျဖို့နဲ့ လုံခြုံစိတ်ချရမှုအတွက် သူတို့ ဆန္ဒအရ လာမယ့် မိုးစပါး၊ နွေစပါးစိုက်ပျိုးဖို့ ရေလိုအပ်ချက်ဖြည့်ဆည်းပေးဖို့အတွက် လာမယ့်မိုးရာသီမှာ တမံရေသိုလှောင်နိုင်မှုပမာဏရဲ့ တစ်ဝက်ကိုသာ ထိန်းညှိသိုလှောင်သွားမှာ ဖြစ်ပါတယ်”**

## သဃ်္န်းကျွန်းမြို့နယ်၌ မီးသတ်ဆေးဘူးပေးအပ်ပွဲ ကျင်းပ



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှဝင်း မီးသတ်ဆေးဘူးပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။

**ရန်ကုန် မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် (င/ခ)ရပ်ကွက်တွင် နေအိမ်တိုင်း မီးသတ်ဆေးဘူးထားရှိရေး မီးသတ်ဆေးဘူးပေးအပ်ပွဲအခမ်းအနားကို မတ် ၂၃ ရက်က (င/ခ) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ သင်္ဃန်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အရှေ့ပိုင်းခရိုင် မီးသတ်ဦးစီးမှူး၊ သင်္ဃန်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူး၊ သင်္ဃန်းကျွန်းမြို့နယ် မီးသတ်ဦးစီးမှူးနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သင်္ဃန်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှဝင်းက အမှာစကားပြောကြားပြီး အရှေ့ပိုင်းခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုကြီးက နေအိမ်တိုင်း မီးသတ်ဆေးဘူးထားရှိရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အမည်မှန်

နမ့်ခမ်းမြို့၊ ကောင်းဆာရပ်ကွက်နေ ဦးဆမ်သောင်း၏သမီး လွေးအေးနီလာ၏ အမည်မှန်မှာ လွေးအေးနီလာ ၁၃/နခန(နိုင်)၀၆၃၉၁၁ ဖြစ်ပါကြောင်း။ **လွေးအေးနီလာ**

## ဖခင်အမည်မှန်

နမ်းခမ်းမြို့၊ အထက(၁) နဝမတန်း(B)မှ လွေးအီသူဇာအောင်၏ ဖခင်အမည်မှန်မှာ ဦးအိုက်ခယ် ဖြစ်ပါကြောင်း။ **ဦးအိုက်ခယ်**

## ရတနာမြိုင်ကျောင်းတိုက်၏ (၁၅)ကြိမ်မြောက် သင်္ကြန်အထူးတရားစခန်းပွဲ

**နေရာ** - ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ ရတနာမြိုင်ကျောင်းတိုက်။

**ဆယ်သွယ်ရန်ဖုန်း** - ၀၉-၇၉၅၃၉၉၄၀၉၊ ၀၉-၈၉၆၈၁၈၂၁၇

**နေ့ရက်** - ၁၃၈၀ပြည့်နှစ် တန်ခူးလဆန်း၃ရက်မှ ၁၃ရက်ထိ ၇-၄-၂၀၁၉ ရက်မှ ၁၇-၄-၂၀၁၉ရက်ထိ ၁၀ရက်

**မှတ်ချက်** - ဆွမ်းစရိတ်ပေးရန်မလို၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ယူဆောင်လာရမည်။ တယ်လီဖုန်းသုံးစွဲခွင့်မပြု။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3W/79685 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၇/တငန(နိုင်)၀၅၂၀၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## အမှတ်(၁) ဒေသကောလိပ်(ရန်ကုန်) ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ)၊ ဗိုလ်တထောင်ကောလိပ် အငြိမ်းစားဆရာကြီးအစ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲ နှီးဆော်ဖိတ်ကြားလွှာ

RC-1,RUBC,BC တို့တွင် ပညာသင်ကြားပေးခဲ့ကြသည့် အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး/ဆရာမကြီးများအား အဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၃၁-၃-၂၀၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီမှစတင်၍ ယခင် (RC-1)ခန်းမ၊ ယခုအမျိုးသားစီမံခန့်ခွဲမှုဒီဂရီကောလိပ်ခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် ၁၉၇၆ ခုနှစ်မှ ၁၉၉၆ ခုနှစ်ထိ ပညာသင်ကြားခဲ့ကြသောမဂ္ဂဇာစုံမှ ကျောင်းသား ကျောင်းသူဟောင်းများ ကြွရောက်ကြပါရန်နှင့် အလှူငွေများကို အောက်ဖော်ပြပါဘဏ်စာရင်းသို့ တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

KBZ Bank Account (27730207800053301)

ကျောင်းသား ကျောင်းသူဟောင်းများ၏ မိတ်ဆုံညစာစားပွဲကို အင်းယားကန်စောင်းရှိ Golden Inya Restaurant (မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ အင်းယားလမ်း)တည်ရှိရာ ကျွန်းကလေးပေါ်တွင် ၃၁-၃-၂၀၁၉ ရက်(တနင်္ဂနွေနေ့) ညနေ ၅း၃၀ နာရီမှ စတင်ကျင်းပမည်ဖြစ်ပါသဖြင့် ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလှူငွေနှင့် Dinner Ticket များအတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ ကိုကျော်ဦးမော်(ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၀၀၇၆၂၁၊ ကိုဝင်းနိုင်ဇော်(ဒုဥက္ကဋ္ဌ) ဖုန်း-၀၉-၅၀၀၇၇၈၈၊ ကိုဒေးဗစ်ထွန်း (အတွင်းရေးမှူး) ဖုန်း-၀၉-၄၃၀၁၅၄၇၁၊ ကိုဟန်ရီစိန်(ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၀၁၈၃၅၃၊ ကိုခင်မောင်မောင်(ဘဏ္ဍာငွေရှာဖွေရေး) ဖုန်း-၀၉-၇၈၅၁၃၄၄၉၀၊ ကိုအောင်နိုင်(ခ)အောင်ကြီး (ညစာစားပွဲကျင်းပရေး) ဖုန်း-၀၉-၅၁၈၈၈၉၈

စာရင်းပေးသွင်းပြီး ကန်တော့ခံဆရာကြီး/ဆရာမကြီးများအနေဖြင့်လည်း ဖိတ်ကြားစာရသည်ဖြစ်စေ မရသည်ဖြစ်စေ ပူဇော်ပွဲနေ့တွင် လာရောက်ကန်တော့ခံပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀ဂျေ-၃အရှေ့၊ မြေကွက်အမှတ် V- Class ၃၊ မြေကွက်တည်နေရာအမှတ် ၄၇၅/၄၇၇၊ အောက်ပုဇွန်တောင်လမ်း၊ (၅)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် မောင်ခင်အောင် (ခ)ကိုကိုကြီး ၁၂/ပဇတ(နိုင်)၀၀၆၄၉၆ အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား မြေအမည်ပေါက် ဦးခင်အောင် (ခ)ဦးကိုကိုကြီးသည် ၅-၅-၂၀၁၀ ရက်တွင် ကွယ်လွန်ပြီး ၎င်း၏ဇနီး ဒေါ်ကြည်ကြည်သက်သည် ၂၆-၁၁-၂၀၁၃ရက်တွင် အသီးသီးကွယ်လွန်ကြသဖြင့် ဒေါ်သန္တာအောင် ၁၂/ပဇတ(နိုင်)၀၁၆၄၉၈၊ ဦးဝင်းသန်းအောင် ၁၂/ပဇတ(နိုင်)၀၂၆၃၆၈၊ ဦးမျိုးသက်အောင် ၁၂/ပဇတ(နိုင်)၀၀၃၉၄၂၊ ဒေါ်သီတာအောင် ၁၂/ပဇတ(နိုင်)၀၀၆၄၀၃ တို့ကျန်ရှိခဲ့ပြီး ၎င်းတို့အနက် ဒေါ်သီတာအောင်ကိုယ်စား [GP အမှတ် ၁၁၇၆/၂၀၁၈ (၃၀-၁-၂၀၁၈)ရသူ/လျှောက်ထားသူ] ဒေါ်သန္တာအောင်နှင့် ဦးမျိုးသက်အောင်ကိုယ်စား [GP ၁၁၄၈၃/၂၀၁၆ (၂၀-၁၂-၂၀၁၆) ရသူ/လျှောက်ထားသူ] ဦးဝင်းသန်းအောင်တို့က ၁၁-၁-၂၀၁၉ ရက်စွဲပါ ကိုယ်တိုင်ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မြေခွန်ပြေစာ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သေစာရင်းများ၊ နှစ်(၉၀)မြေငှား စာချုပ်ဂရန်မူရင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားသူသက်ရှိ ထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ၁၁-၁-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာ(၂)စောင်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် (၂)ထပ်တိုက် (၂)လုံးရှိပြီး လျှောက်ထားသူများကိုယ်တိုင် နေထိုင်ကြောင်း စိစစ်တွေ့ရှိရပါသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ပိုင်ဆိုင်ကြောင်းချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၅၁၄၈၁ Luojia-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ဝင်း ၁၄/မအပ(နိုင်)၁၀၃၉၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ လက်ယက်မရွာနေ ဒေါ်ခင်စိမ့်၏သား မောင်မျိုးသန့် ၈/မမန(နိုင်)၁၂၁၄၇၇ သည် မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စိမ့် ၈/မမန(နိုင်)၁၁၀၃၁၀**

**၁၉-၃-၂၀၁၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၂၀-၃-၂၀၁၉ ရက်ထုတ် ကြေးမုံသတင်းစာတို့ပါ ဦးမျိုးထွဋ်အောင်(ခ)ဦးလာဘ ၁၂/သဃက(နိုင်)၁၂၃၂၀၇၊ အမှတ်(၉)၊ ဗဟိုလမ်း၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့မှ အများသိစေရန်ကြေညာခြင်းအပေါ်**

## အသိပေးပြန်ကြားခြင်း

ရန်ကုန်မြို့နေ ဦးအောင်ကျော်ထွန်း ၅/ခဥတ(နိုင်)၀၄၉၅၀၄ နှင့် ဦးပြည့်စိုးအောင် ၈/မကခ (နိုင်)၀၀၆၃၀၈ တို့က လူကြီးမင်းထံမှ ငွေချေးယူခဲ့ခြင်း လုံးဝမရှိပါ။ လူကြီးမင်း၏သွေးဆောင်ဖြားယောင်းကာ ယုံကြည်စေရန်ပြောဆို၍ စာချုပ်တွင်လက်မှတ်ရေးထိုးပေးခဲ့ရန်ပြောသော်လည်း ရေးထိုးမပေးခဲ့ပါ။

သို့ပါ၍ ပြန်လည်ပေးအပ်ရန်မရှိပါ။ ကျွန်ုပ်မိတ်ဆွေများ၏ ဂုဏ်သိက္ခာကျဆင်းစေရန် ဆက်လက်ဆောင်ရွက်နေပါက လူကြီးမင်းကို တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးစိုးသိဏ်း B.Sc,R.L တရားလွှတ်တော်ရှေ့နေ (စဉ်-၅၁၉၆)**
**အိမ်အမှတ် ၂၀၄၊ ၆ ရပ်ကွက်၊ မြင်းခြံမြို့**
**Ph; 09-47125631, 09-256564422**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၇၊ မြေကွက်အမှတ် ၄၀၉၊ မြေကွက်တည်နေရာအမှတ် ၄၀၉၊ သုခမိန်လမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးအေး(ခ)ဦးအေးသန်း (L/RGN ၀၀၁၈၀၈) ၁၂/တမန(နိုင်)၀၁၁၇၇၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဂရန်အမည်ပေါက် ဦးအေး(ခ)ဦးအေးသန်း (ဖခင်)နှင့် ဒေါ်ထွေးမြင့် (မိခင်) မောင်နှမနှစ်ဦးဖြစ်သော ဒေါ်သန်းသန်းစိန်(အပျိုကြီး)ဘဝနှင့်ဒေါ်မြင့်မြင့်အေးတို့ကွယ်လွန်သဖြင့် ဦးမြင့်သန်း ၁၂/တမန(နိုင်)၀၁၂၉၁၄၊ ဦးလှမြင့် ၁၂/တမန(နိုင်)၀၁၆၃၇၉၊ ဦးစိုးမြင့် ၁၂/သကတ (နိုင်)၀၄၇၉၁၅၊ ဒေါ်ရီရီမြင့် ၁၂/တမန(နိုင်)၀၁၁၈၁၂၊ ဒေါ်ခင်စန်းအေး ၁၂/တမန(နိုင်)၀၉၇၉၆၂၊ ဦးစိုးအောင် ၁၂/တမန(နိုင်)၀၉၇၉၆၄၊ ဦးနေဝင်းအောင် ၁၄/ဖပန(နိုင်)၀၀၄၆၅၆ တို့မှ သားသမီး၊ သမက်ဖြစ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဦးအေး(ခ)ဦးအေးသန်း၊ ဒေါ်ထွေးမြင့်၊ ဒေါ်သန်းသန်းစိန်နှင့် ဒေါ်မြင့်မြင့်အေးတို့၏ သေစာရင်း၊ သန်းခေါင်စာရင်း၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ပါဝါမူရင်း၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတို့ တင်ပြ၍ ဦးနေဝင်းအောင်၊ ဦးစိုးအောင်၊ ဒေါ်ရီရီမြင့်တို့ထံမှ GP အမှတ် ၄၃၉၉/၂၇-၄-၁၈ ဖြင့်လည်းကောင်း၊ ဦးမြင့်သန်း၊ ဦးလှမြင့်၊ ဦးစိုးမြင့်တို့ထံမှ GP အမှတ် ၄၃၇၄/၂၇-၄-၁၈ ဖြင့်လည်းကောင်း ကိုယ်စားလှယ်လွှဲအပ်ခံရသူ ဒေါ်ခင်စန်းအေး ၁၂/တမန(နိုင်)၀၉၇၉၆၂မှ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားခြင်းအား ကွင်းဆင်းစစ်ဆေးရာ ဦးမြင့်သန်းမိသားစုနေပါသည်။ ကွင်းဆင်းစစ်ဆေးချက်တွင် ဒေါ်ခင်စန်းအေး၊ ဦးမြင့်သန်းတို့မှ သိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်ခင်စန်းအေး၏ပိုင်ဆိုင်မြေပုံကူးတင်ပြ၍ လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်သတိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ ၆၁လမ်း (၄၁×၄၂)လမ်းကြား၊ အမှတ်(ပ-၄)နေ ဦးဟန်မြင့်မောင် ၉/မရတ(နိုင်)၀၇၃၂၅၇ နှင့် ဒေါ်တင်တင်စန်း ၉/မရတ(နိုင်)၀၇၃၂၅၈ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ကျွန်ုပ်တို့၏အမှုသည်များသည် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများကို ၁၉၇၇ ခုနှစ်မှစတင်၍ စာသင်ဝိုင်း၊ စာကျက်ဝိုင်းများတည်ထောင်၍လည်းကောင်း၊ ၁၉၈၂ ခုနှစ်တွင် ပညာရေးဘော်ဒါဆောင်ဖွင့်လှစ်၍လည်းကောင်း၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် **"ဦးဟန်မြင့်မောင်"**အမည်ဖြင့် ကိုယ်ပိုင်အထက်တန်းကျောင်းဖွင့်လှစ်၍လည်းကောင်း၊ မူကြိုမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား/သူများကို လက်ခံ၍ ပညာရေးဝန်ကြီးဌာန၏ညွှန်ကြားချက်များနှင့်အညီ ကျောင်းသား/သူများအား အောင်မြင်မှုရရှိစေရေး စေတနာအရင်းခံ၍ လိုအပ်သော ဝန်ဆောင်မှုများပေးကာ ကြိုးကြိုးစားစား၊ ရိုးရိုးသားသားဖြင့် စည်းကမ်းချက်များချမှတ်ပြီး မိဘသဖွယ် ထိန်းကျောင်းပညာသင်ပေးလျက်ရှိပါသည်။ ထိုသို့လုပ်ကိုင်ဆောင်ရွက်မှုများကြောင့် ကောင်းသတင်းဖြင့် ပညာရေးအောင်မြင်မှုများစွာရရှိခဲ့ပါသည်။ ထိုအချိန်တွင် ယခင်က တက္ကသိုလ်ဝင်တန်းစာမေးပွဲ နှစ်ချင်းပေါက်အောင်မြင်ခဲ့သော ကျောင်းသားဟောင်းတစ်ဦးက ၎င်း၏အသိုင်းအဝိုင်း ပတ်ဝန်းကျင်လူမှုရေးပြဿနာများကြောင့် ကျွန်ုပ်တို့အမှုသည်၏ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားထိခိုက်နစ်နာစေရန် မရည်ရွယ်သော်လည်း ကျွန်ုပ်တို့အမှုသည်များ တရားဝင်တည်ထောင်ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော **ဦးဟန်မြင့်မောင်**ကိုယ်ပိုင်အထက်တန်းကျောင်း၌ မည်သည့်အခါကမျှ ကျင့်သုံးခြင်းမရှိသော မလျော်ကန်သည့် စည်းကမ်းချက်များကို ကျင့်သုံးခဲ့သယောင်ဖြင့် အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် Facebook စာမျက်နှာတွင်ရေးသား၍ Post များတင်ခဲ့သဖြင့် ကျွန်ုပ်တို့အမှုသည်များ၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွား ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ ထိုကိစ္စများနှင့်ပတ်သက်၍ မူရင်း Post တင်သူကိုယ်တိုင် ၎င်း၏ပြုလုပ်မှုများအတွက် ကျွန်ုပ်တို့၏အမှုသည်ထံ လာရောက်တောင်းပန်သည့်အပြင် ၂၂-၃-၂၀၁၉ ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာတွင် ကျွန်ုပ်တို့အမှုသည်များအား အနူးအညွတ်ဝန်ချတောင်းပန်ကြောင်း ကြေညာချက်ထည့်သွင်းခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့အမှုသည်များက Post တင်သူအပေါ် ဆရာနှင့်တပည့်ဖြစ်၍ ခွင့်လွှတ်ကျေအေးပြီးဖြစ်ပါသည်။ ယခုအခါတွင် Facebook စာမျက်နှာရှိမူရင်း Post ကို လူပုဂ္ဂိုလ်အချို့မှ ၎င်းတို့၏ Facebook စာမျက်နှာများတွင် Share ပြုလုပ်ခြင်း Copy ကူး၍ တစ်ဆင့်ပြန်လည်ဖြန့်ဝေခြင်းများ ပြုလုပ်လျက်ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အမှုသည်များ၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားနစ်နာစေမည့် "Yusof Khun" အကောင့်ဖြင့် (၈-၇-၂၀၁၈)ရက်က Facebook စာမျက်နှာတွင်ရေးသားတင်ခဲ့သော Post ကို Share ပြုလုပ်ခဲ့၍ဖြစ်စေ၊ Copy ကူးယူထား၍ဖြစ်စေ ဤကြေညာပါသည့်ရက်မှစ၍ တစ်ဆင့်ပြန်လည်ဖြန့်ဝေခြင်းများ ထပ်မံမပြုလုပ်ပါရန် သတိပေးအပ်ပါသည်။

အကယ်၍ လိုက်နာခြင်းမရှိဘဲ ယင်း Post အား တစ်နည်းနည်းဖြင့် ပြန်လည်ဖြန့်ဝေခြင်းများ ထပ်မံပြုလုပ်ပါက ပြုလုပ်သူများအပေါ် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဦးဗညားကျော်စွာမြင့် LL.B**
**(စဉ်-၉၉၂၃)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၃၅)၊ ၁၉ လမ်း၊ နန်းရှေ့၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**

**ဦးအေးမင်းထွန်း LL.B**
**(စဉ်-၁၁၀၇၁)**
**တရားလွှတ်တော်ရှေ့နေ**
**သီရိမင်္ဂလာအိမ်ရာ၊ ၂၇ လမ်း၊ ၇၃×၇၄ လမ်းကြား**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**

**ဖုန်း ၀၉-၂၀၃၁၈၃၄၊ ၀၉-၅၀၀၃၉၁၀**




# တရားတော်များအားထုတ်ရန်ဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မဟာဝိဇယစေတီတော် ဓမ္မရက္ခိတဓမ္မာရုံဗိမာန်တော်ကြီးတွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း စစ်ကိုင်းတောင်ရိုး သိရီသုမနချောင် မိုးကုတ်ဝိပဿနာ မဂ္ဂင်ဓမ္မရိပ်သာ ရှင်သီဝလိတောရရိပ်သာ၊ မဟာဥရုဝေလ ဝက်ပါတောရရိပ်သာ၊ မြစ်သားမြို့နယ် သုမနကျောက်ဂူတောရရိပ်သာများ၏ ဦးစီးပဓာန နာယကဖြစ်တော်မူသော ဘဒ္ဒန္တသုမန (မဟာကမ္မဋ္ဌာနာစရိယ မဟာထေရ်)အရှင်သူမြတ်မှ နေ့မီးငြိမ်း(၁၀)ရက် တရားစခန်းပွဲကို ခန္ဓာဉာဏ်ရောက် ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်များကို နာကြားအားထုတ်တော်မူနိုင်ကြပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** ။ ။ ၁၃၈၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၆ ရက်မှ တပေါင်းလကွယ်နေ့အထိ ၂၆-၃-၂၀၁၉ မှ ၄-၄-၂၀၁၉ ရက်ထိ

**ကျင်းပမည့်အချိန်** ။ ။ နံနက် ၈း၃၀ နာရီမှ ညနေ ၅း၃၀ နာရီထိ

**ကျင်းပမည့်နေရာ** ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ် မဟာဝိဇယစေတီတော် ဓမ္မရက္ခိတ ဓမ္မာရုံဗိမာန်ကြီး

**သိလိုသမျှကို ဦးမင်းမင်းမြတ် ၀၉-၄၀၂၅၀၇၀၁၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။**



## မိတ္ထီလာစီးပွားရေးတက္ကသိုလ် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA) သင်တန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA) သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA) အမှတ်စဉ် (၁၆) သင်တန်း

(ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA) အမှတ်စဉ် (၁၆) သင်တန်း

၂။ အဆိုပါ မဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်။

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူမဖြစ်စေရ။

(ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) စီမံခန့်ခွဲမှု အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

(င) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၏ အချိန်ပြည့်သင်တန်းတက်ရောက်ရန် ခွင့်ပြုချက် တင်ပြနိုင်သူဖြစ်ရမည်။

၃။ သင်တန်းတက်ရောက်လိုသူများသည် ရေးဖြေစာမေးပွဲနှင့် နှုတ်ဖြေစာမေးပွဲ ဖြေဆိုရပါမည်။ ရေးဖြေစာမေးပွဲများတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၄။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ၂၅-၃-၂၀၁၉ရက်မှစ၍ ရယူနိုင်ပါသည်။

၅။ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့ (MBA) သင်တန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA) သင်တန်း ဝင်ခွင့်ရေးဖြေစာမေးပွဲအတွက် လျှောက်လွှာများကို ၃၀-၄-၂၀၁၉ရက် နောက်ဆုံးထား၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် လာရောက်တင်သွင်းရပါမည်။

၆။ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့ (MBA) သင်တန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့ (MPA) သင်တန်း ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၁၂-၅-၂၀၁၉ရက်တွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်၌ ကျင်းပပါမည်။

၇။ ဝင်ခွင့်ဖြေဆိုရန်သင်တန်းကာလအတွင်း နေထိုင်ရေး စီစဉ်ပေးမည်ဖြစ်ပါသည်။

၈။ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်း တက်ရောက်မှုအချိန်စာရင်းမှာ အပတ်စဉ် တနင်္လာနေ့မှ ကြာသပတေးနေ့ထိ ဖြစ်ပါသည်။

၉။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်း တက်ရောက်မှုအချိန်စာရင်းမှာ အပတ်စဉ် (စနေနေ့နှင့် တနင်္ဂနွေနေ့) ဖြစ်ပါသည်။

၁၀။ သင်တန်းများနှင့် ပတ်သက်၍ အောက်ပါဌာနများတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(က) ပါမောက္ခချုပ်ရုံးခန်း၊ ဖုန်း-၀၆၄-၃၉၂၈၅၊ မိတ္ထီလာ စီးပွားရေးတက္ကသိုလ်

(ခ) ဌာနမှူး၊ သင်တန်းရေးရာဌာန၊ ဖုန်း-၀၉-၄၀၂၆၆၂၃၁၃၊ ၀၉-၇၈၉၀၁၁၆၆၆၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်

(ဂ) လ/ထမော်ကွန်းထိန်း၊ ကျောင်းသားရေးရာဌာန၊ ဖုန်း-၀၉-၄၃၁၂၄၁၈၀၊ ၀၉-၄၄၀၈၉၄၅၁၄

**(အေးဇော်)**

**ဌာနမှူး**

**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**

## မိတ္ထီလာစီးပွားရေးတက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့ ပူးပေါင်းဖွင့်လှစ်မည့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA) သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် မန္တလေးတက္ကသိုလ်တွင် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

**ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA) အမှတ်စဉ် (၅)သင်တန်း**

၂။ အဆိုပါ မဟာဘွဲ့သင်တန်းအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်။

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူမဖြစ်စေရ။

(ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၏ အချိန်ပြည့်သင်တန်းတက်ရောက်ရန် ခွင့်ပြုချက် တင်ပြနိုင်သူဖြစ်ရမည်။

၃။ သင်တန်းတက်ရောက်လိုသူများသည် ရေးဖြေစာမေးပွဲနှင့် နှုတ်ဖြေစာမေးပွဲဖြေဆိုရပါမည်။ ရေးဖြေစာမေးပွဲများတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၄။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို မန္တလေးတက္ကသိုလ်၊ စီးပွားရေးပညာဌာနတွင်၂၅-၃-၂၀၁၉ရက်မှစ၍ ရယူနိုင်ပါသည်။

၅။ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုမဟာဘွဲ့ (MPA)သင်တန်း ဝင်ခွင့်ရေးဖြေစာမေးပွဲအတွက် လျှောက်လွှာများကို ၃၀-၄-၂၀၁၉ရက် နောက်ဆုံးထား၍ မန္တလေးတက္ကသိုလ်၊ စီးပွားရေးပညာဌာနတွင် လာရောက်တင်သွင်းရပါမည်။

၆။ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုမဟာဘွဲ့ (MPA)သင်တန်း ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၁၂-၅-၂၀၁၉ ရက်တွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်၌ ကျင်းပပါမည်။

၇။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA)သင်တန်းတက်ရောက်မှု အချိန်စာရင်းမှာ အပတ်စဉ် (စနေ၊ တနင်္ဂနွေ)ဖြစ်ပါသည်။

၈။ သင်တန်းနှင့်ပတ်သက်၍ အောက်ပါဌာနများတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(က) ဌာနမှူး၊ သင်တန်းရေးရာဌာန၊ ဖုန်း-၀၉-၄၀၂၆၆၂၃၁၃၊ ၀၉-၇၈၉၀၁၁၆၆၆၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်

(ခ) ဌာနမှူး၊ စီးပွားရေးပညာဌာန၊ ဖုန်း-၀၉-၅၁၄၈၇၆၉

(ဂ) လ/ထမော်ကွန်းထိန်း၊ ကျောင်းသားရေးရာဌာန၊ ဖုန်း-၀၉-၄၃၁၂၄၁၈၀၊ ၀၉-၄၄၀၈၉၄၅၁၄

**(အေးဇော်)**

**ဌာနမှူး**

**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**

## ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတတောရသာသနာ့ရိပ်သာ ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရာဘိဝံသ ဟောပြောပြသမည့် (၁၃) ကြိမ်မြောက်သင်္ကြန်တွင်း ဓမ္မာနုပဿနာသတိပဋ္ဌာန် တရားကျင့်စခန်း

**တရားစခန်းပွဲရက်**

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း (၈) ရက် (၁၂.၄.၂၀၁၉) (သောကြာနေ့ ညနေ) မှ တန်ခူးလဆန်း (၁၃) ရက် (၁၇.၄.၂၀၁၉) (ဗုဒ္ဓဟူးနေ့ ညနေ) အထိ

**တရားစခန်းကျင်းပမည့်နေရာ**

ပဲခူးမြို့ ဆယ်မိုင်ကုန်း၊ ဓမ္မဒူတတောရသာသနာ့ရိပ်သာ

**ယောဂီစာရင်းလက်ခံမည့်နေ့**

၁.၄.၂၀၁၉ (တနင်္လာနေ့) မှ ၇.၄.၂၀၁၉ (တနင်္ဂနွေနေ့) အထိ

နံနက် (၉) နာရီမှ ညနေ (၄) နာရီအတွင်း ယောဂီစာရင်းလက်ခံပါမည်။

ကိုမင်းမင်း - ၀၉ ၄၄၈ ၀၅၃ ၈၀၁ ၊ ရုံးခန်း - ၀၉ ၇၈၅ ၁၀၄ ၆၆၉

မှတ်ချက်။ ။ တရားစခန်းဝင်လိုသူ သူတော်စင်များသည် တရားအားထုတ်နိုင်သော ကျန်းမာရေး ပြည့်စုံသူ ဖြစ်ရမည်။ ရိပ်သာမှ ချမှတ်ထားသော စည်းကမ်းများ လိုက်နာနိုင်သူဖြစ်ရမည်။ မှတ်ပုံတင် မိတ္တူ ပါရမည်။ မိမိအသုံးအဆောင်များ ယူဆောင်လာရမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့ မွန်းလွဲတွင် အရောက်လာရမည် ဖြစ်ပါသည်။

## မြန်မာနိုင်ငံစက်မှုလက်မှုအထက်တန်းကျောင်းသားဟောင်းများအသင်း (MTA) ပထမအကြိမ် နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံစက်မှုလက်မှုအထက်တန်းကျောင်းသားဟောင်းများအသင်း (MTA) ပထမအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် MTA အသင်းဝင်ပြီးသူများ၊ အသင်းမဝင်ရသေးသူများနှင့် မျိုးဆက်သစ် GTHS ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မည်သူမဆို တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၃၀-၃-၂၀၁၉ရက် (စနေနေ့)

**ကျင်းပမည့်အချိန်** - နံနက် ၉နာရီမှ ၁၂နာရီ

**ကျင်းပမည့်နေရာ** - M3 Food Center (Diamond Hall) ဗဟန်းအားကစားဝင်း၊ တော်လှန်ရေးပန်းခြံရှေ့၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**ဆက်သွယ်ရန်** - ဦးဆန်းဦး(ဘောင်ဒရီ) ဖုန်း-၀၉-၇၇၄၁၀၆၂၁၈
ဦးအောင်မျိုးထွန်း(မေမြို့) ဖုန်း-၀၉-၉၆၄၈၆၁၉၅၉
ဦးကျော်မိုးအောင်(နတ်မောက်) ဖုန်း-၀၉-၄၅၀၀၈၀၀၀၄

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ခွန်သာရပ်ကွက်၊ အကွက်အမှတ် (၃၆)၊ ဦးပိုင် ၈၂၊ ဧရိယာ ၀ ဒသမ ၀၈၅၈ဧကရှိ ဦးစံသိန်းအမည်ပေါက် မြေငှားဂရန်အား ဦးစံသိန်း ကွယ်လွန်သဖြင့် ဇနီး ဒေါ်ခင်ညွန့်ရွှေ ၁/ဗမန(နိုင်)၀၆၃၀၆၈ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။ **ဒေါ်ခင်ညွန့်ရွှေ**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ခွန်သာရပ်ကွက်၊ အကွက်အမှတ်(၃၆)၊ ဦးပိုင် ၂၆၄၊ ဧရိယာ ၀ဒသမ၀၆၈ ဧကရှိ ဦးမြင့်အောင်-ဒေါ်ခင်နွဲ့ရီ အမည်ပေါက်မြေငှားဂရန်အား ဦးမြင့်အောင်ကွယ်လွန်သဖြင့် ၎င်းအမည်နုတ်ပယ်၍ ဒေါ်ခင်နွဲ့ရီ ၁/ဗမန(နိုင်)၀၇၀၇၁၂ တစ်ဦးတည်းအမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက(၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း။ **ဒေါ်ခင်နွဲ့ရီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မကွေးခရိုင်တရားရုံးတော်**

**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၇**

ဦးခင်မောင်ဝင်း နှင့် ဒေါ်သန်းသန်း

**တရားလို** **တရားပြိုင်**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ ခွာညို (၁၇)လမ်း၊ အမှတ် ၄၀၅တွင် နေထိုင်သူ တရားပြိုင် ဒေါ်သန်းသန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးခင်မောင်ဝင်းက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို ရေစစ္စတြီမှတ်ပုံတင်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဧပြီ ၂၂ ရက် (၁၃၈၁ ခုနှစ် တန်ခူးလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် မတ် ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာစိုး)**

**ဒုတိယခရိုင်တရားသူကြီး (၂)**

**မကွေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် န/၅၄(တိုးချဲ့)၊ မြေကွက်အမှတ် ၈၈၊ မြေကွက်တည်နေရာအမှတ် ၈၈၊ ဇီဇဝါ(၃)လမ်း၊ ကျောင်းကုန်းကျေးရွာအုပ်စု၊ ရွှေပြည်သာမြို့နယ်၊ ဗိုလ်မှူးမောင်မောင်ကျော်(ငြိမ်း) ၁၂/ဗဟန(နိုင်)၀၀၀၄၄၉ အမည်ပေါက် ပါမစ်မြေအား အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်မေသဥ္ဇာ ၈/အလန(နိုင်)၁၁၈၈၉၂ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ်-၁၂၄၂၉/၁၈(၂၀-၁၁-၂၀၁၈)ဖြင့် အထွေထွေကိုယ်စားလှယ်ရရှိသူ ဦးအောင်မျိုးခိုင် ၉/လ၀န(နိုင်)၁၂၂၅၉၉က ဗိုလ်မှူးမောင်မောင်ကျော် အမည်ပေါက် ပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်တို့သာ တင်ပြနိုင်ပြီး အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းတို့ တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်(မစုံ)ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၉/၂၄၊ ရိုင်တန်း)၊ ဦးပိုင်အမှတ် (၆၄/စ)၊ မြေဧရိယာ ၀ ဒသမ ၀၉၆ဧကရှိသော ဦးချစ်လှိုင်အမည်ပေါက် မြေငှားဂရန် အမှုတွဲအမှတ် RP No.152 of 1995 (30 Years) မြေငှားဂရန်သက်တမ်းမှာ (၁၅-၅-၁၉၉၅) မှ (၁၄-၅-၂၀၂၅) အထိ နှစ်(၃၀)ရှိမြေငှားဂရန်အား ဦးအောင်အောင်၊ ဦးသိန်းကျော်၊ ဦးဝင်းရွှေတို့သည် ဦးချစ်လှိုင်ထံမှ ဝယ်ယူခဲ့ပြီး အရောင်း/အဝယ်စာချုပ်၊ မှတ်ပုံတင်ကာ ၎င်းတို့၏အမည်များဖြင့်မြေငှားဂရန်အမည်ပြောင်း ထုတ်ပေးနိုင်ပါရန် ဤရုံးသို့ တင်ပြ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၄ရက်အတွင်း စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း)တရားဝင် ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မုန်တိုင်အုပ်စု၊ ညောင်ပင်သာကျေးရွာတွင် ကျွန်တော်ဦးသန်းနိုင် ၉/မထလ(နိုင်)၂၆၆၁၂၈မှ အောက်ဖော်ပြပါ အမည်တံဆိပ် ရွာသားကြီး အမည်တံဆိပ်ဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြော်ငြာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်-**

**ဦးသန်းနိုင် ဖုန်း ၀၉-၄၅၈၇၅၄၄၄၀**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ရိုဟေး ဆာဆာကာဝါ အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်နေမှု အခြေအနေများဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် ဂျပန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌအနေဖြင့် ရခိုင်ပြည်နယ်အတွင်း သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး အခြေအနေမှန်များအား တွေ့ရှိခဲ့ရမှု၊ ရခိုင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးများ ရောင်းဝယ်နေမှုနှင့် ဖမ်းဆီးနှိမ်နင်းဆောင်ရွက်နေမှု၊ ဂျပန်နိုင်ငံမှ မွန်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကချင်ပြည်နယ်အတွင်း စစ်ဘေးရှောင်ပြည်သူများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆက်လက်ကူညီဆောင်ရွက်ပေးမည့်အခြေအနေများ၊ တပ်မတော်မှ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးနေသည့် အခြေအနေများအား ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျပန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် နိပ္ပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ မစ္စတာ ရိုဟေး ဆာဆာကာဝါ အား လက်ခံတွေ့ဆုံစဉ်။ ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## (၇၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၅**

၂၀၁၉ ခုနှစ် (၇၄) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ် ၂၇ ရက်တွင် နေပြည်တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနား ကျင်းပပုံများကို ယင်းနေ့ နံနက် ၅ နာရီ မိနစ် ၄၀ မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV) နှင့် မြန်မာ့အသံ(ရေဒီယို) အစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ဘားအံမြို့ အလှုရှင်များကို မီးပုံးပျံဖြင့် စမ်းသပ်ပျံသန်းကြည့်ရှုရန် စီစဉ်နေမှုကို တွေ့ရစဉ်။

# ကရင်ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘားအံမြို့ အလှုရှင်များအား မီးပုံးပျံ ပျံသန်းကြည့်ရှုခြင်းခရီးစဉ် ဆောင်ရွက်မည်

**ဘားအံ မတ် ၂၅**

ကရင်ပြည်နယ်အတွင်း ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ လမ်းညွှန်ဆောင်ရွက်မှုဖြင့် ဓာတ်ငွေ့မီးပုံးပျံစီးကောင်းကင်မှ အလှုရှင်းကြည့်နိုင်ရေး Myanmar Ballooning Co.,Ltd မှ စီစဉ်ပျံသန်းနေသော Oriental Ballooning Myanmar ခရီးစဉ်ကို ဘားအံမြို့တွင် ဆောင်ရွက်သွားမည်ဖြစ်ရာ ငါးရက်မြောက်နေ့ စမ်းသပ်ပျံသန်းမှုကို မတ် ၂၅ ရက် နံနက် ၆ နာရီက ဘားအံမြို့ သီရိကွင်း၌ ဆောင်ရွက်ကြသည်။

*စာမျက်နှာ ၂၀ ကော်လံ ၁* ✤

# အာရှယူ-၂၃ ခြေစစ်ပွဲအောင်မြင်ရေး အဆုံးအဖြတ်ပွဲ မြန်မာနှင့် ဂျပန်အသင်း ယနေ့ ကစားမည်

**ရန်ကုန် မတ် ၂၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၂၀ အာရှ ယူ-၂၃ ခြေစစ်ပွဲ အုပ်စု (I) နောက်ဆုံးနေ့ကို မတ် ၂၆ ရက် (**ယနေ့**) ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ခြေစစ်ပွဲအောင်မြင်ရေးအဆုံးအဖြတ်ပွဲအဖြစ် အာရှထိပ်သီး ဂျပန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် နှစ်ပွဲနိုင်ခြောက်မှတ်ရထားသော်လည်း ခြေစစ်ပွဲအောင်မြင်ရန် နောက်ဆုံးပွဲမှာ အရေးပါနေပြီး ရလဒ်ကောင်းရန် လိုအပ်နေသည်။ မြန်မာအသင်းသည် ဂျပန်အသင်းကို သရေကစားနိုင်ပါက ခြေစစ်ပွဲအောင်မြင်ရန် သေချာသလောက်ရှိသွားမည်ဖြစ်ပြီး ရှုံးနိမ့်ပါကလည်း ဂိုးပြတ်မရှုံးပါက အကောင်းဆုံးအုပ်စုဒုတိယဖြင့် ခြေစစ်ပွဲအောင်ရန် မျှော်လင့်ချက်ရှိနေသည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ ခြေစစ်ပွဲကျင်းပသည့် ပုံစံအရ အုပ်စု ၁၁ ခုမှ ထိပ်ဆုံး ၁၁ သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးလေးသင်း စုစုပေါင်း ၁၅ သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သောကြောင့် အုပ်စုဒုတိယနေရာရပါက ခြေစစ်ပွဲအောင်ရန် မသေချာသေးဘဲ အခြားအုပ်စုများ၏ ရလဒ်များ စောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် ပထမပွဲတွင် တီမောအသင်းကို ခုနစ်ဂိုးပြတ်၊ ဒုတိယပွဲတွင် *စာမျက်နှာ ၁၂ ကော်လံ ၅* ❍



အာရှယူ-၂၃ ခြေစစ်ပွဲ ယှဉ်ပြိုင်နေသည့် မြန်မာအသင်း ဓာတ်ပုံ-စိုးညွန့်




Singapore Institute of Management
မှ ၁၀၀% ပညာသင်ဆု ကိုရယူပြီး
US | UK | Australia
နိုင်ငံများတွင်ပညာဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများအကြောင်း ပညာရေးဆွေးနွေးပွဲ

အခမဲ့ ဆွေးနွေးပွဲ

- ဆယ်တန်းအောင် (သို့) ဖြေဆိုထားသောကျောင်းသားကျောင်းသူများ၊ IGCSE O level၊ A level ၊ HND ကျောင်းသားကျောင်းသူများ၊ တက္ကသိုလ်တက်ရောက်နေသော ကျောင်းသားကျောင်းသူများအတွက် စကော်လာရှစ်ဆင့် US၊ UK၊ Australia နိုင်ငံများသို့ သွားရောက်ပညာသင်ကြားနိုင်မည့် အခွင့်အလမ်းများအကြောင်း
- ဘွဲ့ရကျောင်းသားကျောင်းသူများအတွက် Post Graduate Diploma Programmeများ၊ Master Programmeများကို အချိန်တိုတိုအတွင်း တက်ရောက်နိုင်မည့်ပညာရေးလမ်းကြောင်းများ အကြောင်း
- CB Bank မှ တာဝန်ရှိသူကိုယ်တိုင် ရှင်းပြပေးမည့် ပညာရေးချေးငွေ အကြောင်း
- အလုပ်သင်အခွင့်အလမ်းများနှင့် ကျောင်းဝင်ခွင့်ဆိုင်ရာ အချက်အလက်များအကြောင်း
- SIM တွင် ၁၀၀% Scholarship ဖြင့်ပညာသင်ကြားလျက်ရှိသော မဟာသီလွင်မှပညာသင်ဆုလျှောက်ထားခဲ့စဉ်ကပြင်ဆင်ပုံများနှင့် ကျောင်းနေအတွေ့အကြုံများကို ပြန်လည်မျှဝေသွားမှာဖြစ်ပါတယ်။

ပွဲတက်ရောက်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်

YANGON
Yangon seminar
27th March 2019 (Wednesday)
1:00pm – 3:00pm
Novotel Hotel, Bagan Room

MANDALAY
Mandalay seminar
28th March 2019 (Thursday)
4:00pm - 6:00pm
Mandalay Hill Resort Hotel (Ballroom)

ကြိုတင်စာရင်းသွင်းရန် ၀၉၅၀၈၅၃၇၃၊ ၀၉၈၉၇၂၂၁၈၇